# ကြေးမုံ

**The Mirror Daily**

ဓူရှာ မြို့ဝန် ဘွင် ဆောင်တည်ထောင်သည်။ Established in 1957


**ပွားစီးတိုးအောင် အားထုတ်**

သူတစ်ပါး၏ အကျိုးစီးပွားအတွက် မိမိ၏ အကျိုးစီးပွား ဆုတ်ယုတ်အောင် မပြုသင့်ပေ။ ဤသို့ပြုသော် မိမိအား အကျိုးဖြစ်ထွန်းစေအံ့ဟု မိမိအကျိုးကို သိသောသူသည် မိမိအကျိုးစီးပွား တိုးပွားအောင် အားထုတ်ရာ၏။ (မိမိသည်သာ အားကိုးရာဖြစ်၍ အများ၏အကျိုးစီးပွားနှင့် မိမိ၏ အကျိုးစီးပွား ကြုံဆုံပေါ်ပေါက်လာသောအခါ မိမိစီးပွား ဆုတ်ယုတ်မခံဘဲ အားထုတ်သင့်၏။)

အတ္တဝဂ်(ဓမ္မပဒ-၁၆၆)


၁၃၈၂ ခုနှစ်၊ ဝါခေါင်လကွယ်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 16 September 2020 ၁၀၁၃၇


# Coronavirus Disease 2019(COVID-19)ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## နိုင်ငံအတွင်း COVID-19 ရောဂါ ပြန့်ပွားမှုအခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်း

အခု ကျွန်မအနေနဲ့ ပြည်သူပြည်သားများကို COVID –19 ရောဂါအခြေအနေကို တင်ပြချင်ပါတယ်။ ဒီနေ့ဆိုရင် ဓာတ်ခွဲအတည်ပြုလူနာ ၃၂၉၉ ယောက်ရှိသွားပါပြီ။ သေဆုံးသွားသူက ၃၃ ယောက်ရှိသွားပါပြီ။ သေဆုံးသွားသူအများစုကတော့ ဆီးချိုတို့ သွေးတိုးတို့ နှလုံးရောဂါတို့ ကျောက်ကပ်ရောဂါတို့ အခြေခံရှိတဲ့ ပြည်သူတွေဖြစ်ပါတယ်။ ဒီအချိန်မှာ ကျွန်မဒါတွေကို တင်ပြတာက ပြည်သူတွေ စိုးရိမ်လွန်ဖို့ မဟုတ်ပါဘူး။ တရားခံရှာဖို့လည်း မဟုတ်ပါဘူး။ အားလုံး ပူးပေါင်းဆောင်ရွက်ပြီးတော့ ဒီစိန်ခေါ်မှုကို ကျော်လွှားဖို့ ဖြစ်ပါတယ်။ ရခိုင်မှာဆိုရင် အရင်လက တော်တော်စိုးရိမ်ရပါတယ်။ အခုချိန်မှာ အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်လို့ရသွားပြီလို့ ကျွန်မတို့ ပြောနိုင်ပါတယ်။ အဲဒါကလည်း ပူးပေါင်းဆောင်ရွက်မှုကြောင့်ပါပဲ။ ပူးပေါင်းဆောင်ရွက်မှုဆိုတာဟာ ပြည်ထောင်စုအစိုးရနဲ့ ပြည်နယ်အစိုးရအကြားမှာ ပူးပေါင်းဆောင်ရွက်မှု၊ ပြည်နယ်အစိုးရနဲ့ ပြည်သူလူထုအကြားမှာ ပူးပေါင်းဆောင်ရွက်မှု၊ အားလုံးကနေ ပူးပေါင်းဆောင်ရွက်ပြီးတော့ စည်းမျဉ်းစည်းကမ်းတွေကို လိုက်နာမယ်ဆိုရင် ကျွန်မတို့ ဘာမှ စိတ်ပူစရာအကြောင်း မရှိပါဘူး။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❐



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းပြောကြားစဉ်။

**၇၀ ရာခိုင်နှုန်းလောက်က ရောဂါရှိနေတဲ့သူတွေက ရောဂါလက္ခဏာ မပြပါဘူး။ အဲဒါကိုက တစ်နည်းအားဖြင့် အန္တရာယ်တစ်ခုပါပဲ။ ရောဂါလက္ခဏာ မပြတဲ့အခါကျတော့ ကိုယ့်ကိုယ်ကိုယ် ရောဂါရှိတယ်လို့ မထင်ဘူး။ ကိုယ့်မိသားစုတွေ ကိုယ့်ဆီကနေ ကူးသွားနိုင်ပါတယ်။ အဲဒီတော့ အဲဒီထဲမှာဆိုရင် သက်ကြီးရွယ်အိုတွေ ရှိနိုင်တယ်။ ရောဂါအခံရှိတဲ့သူတွေ ရှိနိုင်တယ်။ ဒါကြောင့်မို့ ကိုယ်တစ်ယောက်က နည်းနည်း စည်းကမ်းလိုက်နာမှုမှာ အားနည်းတယ်ဆိုရင် ကိုယ့်ပတ်ဝန်းကျင်အတွက် အများကြီးအန္တရာယ် ဖြစ်နိုင်ပါတယ်။ ဒါကြောင့် အားလုံး တစ်ယောက်ချင်း တစ်ယောက်ချင်းအတွက် ဂရုစိုက်ကြပါ။**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့်စပ်လျဉ်း၍ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများ၊ လုပ်ငန်းခွင်များသို့ အသိပေးညွှန်ကြားချက် ထုတ်ပြန်ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**
**Coronavirus Disease 2019 (COVID–19) ရောဂါ ကာကွယ်ထိန်းချုပ်ရေး နှင့်စပ်လျဉ်း၍ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများ၊ လုပ်ငန်းခွင်များသို့ အသိပေးညွှန်ကြားချက်ထုတ်ပြန်ကြေညာခြင်း**
**၁၃၈၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၃ ရက်**
**(၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁၅ ရက်)**

၁။ အလုပ်သမားများအားလုံး လုပ်ငန်းခွင်တွင်သာမက အလုပ် အသွား/အပြန် အချိန်တိုင်း၊ အပြင်သို့ ထွက်သည့်အချိန်တိုင်း၊ တခြားသူများနှင့် (၆)ပေအတွင်းတွင် ပြောဆိုဆက်ဆံရသည့် အချိန်တိုင်း ပါးစပ်နှင့် နှာခေါင်းစည်းနှင့် မျက်နှာအကာကို မဖြစ်မနေ ဝတ်ဆင်ရပါမည်၊

၂။ အလုပ်သမားများအားလုံး အလုပ်စတင်ဝင်ရောက်ချိန်၊ ထမင်းစားခန်း/နားနေခန်းသို့ မဝင်မီအချိန်၊ အစားအစာမစားသောက်မီအချိန်၊ စားသောက်ပြီးချိန်များတွင် ရေနှင့် ဆပ်ပြာကို အသုံးပြု၍ စက္ကန့်(၂၀)အကြာ လက်ဆေးခြင်း(သို့မဟုတ်) alcohol အနည်းဆုံး (၆၀%) ပါဝင်သော လက်သန့်စင်ဆေးရည်ဖြင့် စနစ်တကျ လက်ဆေးခြင်း ပြုလုပ်ရပါမည်၊ လက်မဆေးဘဲ မျက်စိ၊ နှာခေါင်းနှင့် ပါးစပ်တို့ကို ကိုင်တွယ်ခြင်းမပြုရပါ၊

၃။ အလုပ်သမားများ ထမင်းစားသောက်ရာတွင် စုရုံးစားသောက်ခြင်းမပြုစေဘဲ ထမင်းစားခန်းတွင် တစ်ဦးနှင့်တစ်ဦး ဖြစ်နိုင်ပါက (၆) ပေခွာ၍ စားခြင်း (သို့မဟုတ်) မိမိတို့အလုပ်စားပွဲတွင် ထမင်းစားစေခြင်း (သို့မဟုတ်) အချိန်ခွဲ၍ စားသောက်စေခြင်း၊ ထိုသို့ စားသောက်နိုင်စေရန် အလုပ်ရှင်မှ စီစဉ်ပေးခြင်းနှင့် ကြီးကြပ်ခြင်း၊

၄။ COVID–19 ရောဂါ အတည်ပြုလူနာတွေ့ရှိခဲ့ပါက ယင်းအတည်ပြုလူနာနှင့် (၆) ပေ ပတ်လည်တွင် အလုပ်လုပ်ကိုင်ရသည့် အလုပ်သမားများကိုလည်းကောင်း၊ Section တစ်ခု (သို့မဟုတ်) လိုင်းတစ်လိုင်းတည်းတွင် အလုပ်လုပ်ကိုင်ရသည့် အလုပ်သမားများကိုသော်လည်းကောင်း၊ အဆောင်တစ်ခုတည်းတွင် အတူတူနေထိုင်သူများကိုသော်လည်းကောင်း၊ ဖယ်ရီ အတူတူစီးသည့် အလုပ်သမားများကိုသော်လည်းကောင်း၊ ထမင်းအတူတူစားသည့် အလုပ်သမားများကိုသော်လည်းကောင်း၊ အလုပ်ခွင်သို့ လာရောက်ခြင်းမပြုရန် ကန့်သတ်ရမည်ဖြစ်ပါသည်၊

၅။ အလုပ်သမားများအား အလုပ်တက်ချိန်/ ထမင်းမစားမီအချိန်/အလုပ်ဆင်းခါနီးအချိန်၌ အချိန်(၂)မိနစ်စီခန့်ပေး၍ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများ၊ လုပ်ငန်းခွင်များသို့ COVID–19 ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့်ပတ်သက်သည့် **"ကိုရိုနာဗိုင်းရပ်စ်ရောဂါ (COVID–19) ကို မိမိကစ၍ ကာကွယ်ပါ" အဓိက သတင်းစကား (၁၀) ချက်ကို ပြောကြားပေးရန်၊**

၆။ ယခုလောလောဆယ် မြန်မာနိုင်ငံ၌ တွေ့ရှိရသော COVID–19 လူနာများ၏ (၇၁ %) မှာ ရောဂါလက္ခဏာ မတွေ့ရှိရပါသောကြောင့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများ၊ လုပ်ငန်းခွင်များတွင် အလုပ်လုပ်နေသော အလုပ်သမားများအားလုံး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော လမ်းညွှန်ချက်များအား အတိအကျလိုက်နာရန် လိုအပ်ပါသည်။

**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

ကြေးမုံ

# ကြီးလေးသည့်ကျူးလွန်မှုကို တားဆီး

ကံ ကံ၏အကျိုး၊ ဘဝကံ အကျိုးပေးကြောင့်ဟူသည့် တရားတော်လာအတိုင်း လူ့ဘဝတွင် လူရယ်လို့ဖြစ်လာသော်လည်း လူလူချင်း အကြောင်းမဲ့နှိပ်စက်ညှဉ်းပန်းခြင်းခံနေရသည့်အဖြစ်များကို မြင်တွေ့ကြားသိကြရမည်ဖြစ်သည်။ ကံကြမ္မာသည် မည်သို့မည်ပုံရှိသည်ကို မည်သူမျှ မခန့်မှန်းနိုင်သော်လည်း ကောင်းသောကံကြမ္မာဖြစ်ပေါ်လာနိုင်ရန် လူသားအချင်းချင်း စောင့်ရှောက်ကယ်တင် ကာကွယ်ပေးကြရမည်ဖြစ်သည်။

လူအချင်းချင်း နှိပ်စက်ညှဉ်းပန်းမှု၊ အဓမ္မအနိုင်ကျင့်မှု ပြုလုပ်ခြင်းခံရသည်ဆိုရာ၌ တရားဥပဒေစိုးမိုးမှု၊ လူသားချင်းစာနာထောက်ထားမှုရှိသောနေရာတို့တွင် အဖြစ်နည်းပြီး တရားဥပဒေစိုးမိုးမှုကင်းမဲ့သော လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားနေသော ဒေသများတွင် ပို၍အဖြစ်များသည်။ အထူးသဖြင့် ပဋိပက္ခဒေသများတွင် အသက်အရွယ်ငယ်ရွယ်သည့် ကလေးသူငယ်များအပေါ် လူသားဆန်စွာ ပြုမူကျင့်သုံးခြင်းမရှိသဖြင့် ထိခိုက်နာကျင်မှုများ ပိုဖြစ်လာပါသည်။

ထို့ကြောင့် ၂၀၀၅ ခုနှစ်တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက် အမှတ် ၁၆၁၂ နှင့် နောက်ဆက်တွဲ ဆုံးဖြတ်ချက်များအရ သတ်မှတ်ထားသော လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှု (၆) ရပ်ကို ထုတ်ပြန်ခဲ့ပါသည်။ ထိုဆုံးဖြတ်ချက်နှင့်အညီ ကမ္ဘာတစ်ဝန်းရှိသတ်မှတ်ထားသော လက်နက်ကိုင်ပဋိပက္ခအတွင်းမှ ကလေးသူငယ်များအား ကုလသမဂ္ဂနှင့် နိုင်ငံအစိုးရများက ကာကွယ်စောင့်ရှောက်ပေးခဲ့ရာ မြန်မာနိုင်ငံလည်း ပါဝင်ဆောင်ရွက်ခဲ့ပါသည်။

ကြီးလေးသောကျူးလွန်မှု (၆) ရပ်မှာ ကလေးသူငယ်များအား သတ်ဖြတ်ခြင်းနှင့် သေရာပါ ကိုယ်လက်အင်္ဂါချို့ယွင်းစေခြင်း၊ တပ်မတော်နှင့် လက်နက်ကိုင်တပ်ဖွဲ့များတွင် ကလေးသူငယ်များအား စုဆောင်းခြင်းနှင့်အသုံးပြုခြင်း၊ ကလေးသူငယ်များအား အဓမ္မပြုကျင့်ခြင်းနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းအမျိုးမျိုး၊ ကလေးသူငယ်များအား အဓမ္မဖမ်းဆီးခေါ်ဆောင်ခြင်း၊ ဆေးရုံနှင့် စာသင်ကျောင်းများအား တိုက်ခိုက်ခြင်း၊ ကလေးသူငယ်များအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးခြင်းကို တားဆီးခြင်း သို့မဟုတ် ခွင့်မပြုခြင်းဟူသည့် အချက်များဖြစ်သည်။

ဖော်ပြပါ ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှုများကို မငြိမ်းချမ်းသောဒေသများ၊ မငြိမ်းချမ်းသော တိုင်းပြည်များ၊ တိုင်းပြည်ပြိုကွဲပြီး ဆင်းရဲတွင်းနက်နေသော နိုင်ငံများ၌ အများဆုံးဖြစ်ပွားလေ့ရှိသည်။ တရားဥပဒေစိုးမိုးမှုရှိသော နိုင်ငံများတွင် ကလေးငယ်များ၏ဘဝများမှာ လုံခြုံစိတ်ချမှုရှိပြီး တရားဥပဒေစိုးမိုးမှုပျက်ယွင်းကာ လက်နက်ကိုင်ပဋိပက္ခများဖြစ်ပွားနေသော နိုင်ငံများ၊ ဒေသများ၌ ကလေးငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှုများရှိနေဆဲ ဖြစ်သည်။ မြန်မာနိုင်ငံတွင် လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားနေသောဒေသများတွင် အပြစ်မဲ့ကလေးသူငယ်များ ထိခိုက်ပျက်စီးသေဆုံးမှုများရှိနေသည်ဟု ကြားသိရသည်။

ကလေးစစ်သားများစုဆောင်းခြင်းနှင့် အသုံးချခြင်းဖြစ်ရပ်များ အစောပိုင်းကာလက နေရာဒေသမရွေး ဖြစ်ပွားခဲ့ပြီး ယင်းကို ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းနှင့်အညီ တပ်မတော်ရော လက်နက်ကိုင်အဖွဲ့များပါ များသောအားဖြင့် လိုက်နာသည်ကို တွေ့ရသည်။ လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများသည် မငြိမ်းချမ်းခြင်း၏ နောက်ဆက်တွဲအကျိုးရလဒ်များဖြစ်၍ ကလေးသူငယ်များ ပြဿနာမျိုးစုံကိုဖြေရှင်းရာ၌ ငြိမ်းချမ်းရေးရရှိလာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်မှ အောင်မြင်မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ကလေးသူငယ်များ၏ အကျိုးစီးပွားကို အကောင်းဆုံးကာကွယ်စောင့်ရှောက်ပေးနေပြီး ၂၀၁၉ ခုနှစ်တွင် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ဥပဒေကို ပြဋ္ဌာန်းပေးခဲ့ပြီးဖြစ်သည်။ မြန်မာနိုင်ငံသည် လက်နက်ကိုင်ပဋိပက္ခများ မချုပ်ငြိမ်းသေးသောနိုင်ငံဖြစ်ပြီး နှစ်ပေါင်း ၇၀ ကျော်ကြာ ပဋိပက္ခများ ဖြစ်ပွားနေဆဲဖြစ်သည်။ ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး အစဉ်တစိုက်ဆောင်ရွက်နေသောနိုင်ငံဖြစ်ကာ လက်နက်ကိုင်ပဋိပက္ခများ ရှိနေဆဲကာလတွင်ပင် ပြည်သူများ လုံခြုံမှုရှိအောင်ဆောင်ရွက်ပေးရင်း ကလေးသူငယ်အပေါ် ကျူးလွန်သည့် ကြီးလေးသောအပြစ်များကို ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်နှင့်အညီ ရှာဖွေဖော်ထုတ် အရေးယူဆောင်ရွက်သွားရမည် ဖြစ်သည်။

သို့ဖြစ်ရာ ယခုအခါ ကလေးသူငယ်ဆိုင်ရာ ဥပဒေသစ်နှင့် ထိုဥပဒေကို အကောင်အထည်ဖော်မည့် ကော်မတီကို ဖွဲ့စည်းပေးထားပြီဖြစ်သည်။ လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှုများ လျော့နည်းကျဆင်းအောင် ကြိုးပမ်းဆောင်ရွက်ရင်း ပိုမိုကြီးလေးသည့် သေကျေထိခိုက်ဒဏ်ရာရစေမှုနှင့် လိင်ပိုင်းဆိုင်ရာ ကျူးလွန်ဖောက်ဖျက်မှုများ မဖြစ်ပေါ်အောင် ကုလသမဂ္ဂ၏ဆုံးဖြတ်ချက်နှင့်အညီ အဖွဲ့အစည်းများ ပူးပေါင်းညှိနှိုင်း၍ ကာကွယ်စောင့်ရှောက်ပေးကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများသို့ တိုက်တွန်းအကြံပြုချက်များ

၁။ ရန်ကုန်မြို့တွင် Quarantine ဝင်နေသူလူဦးရေ ၆၀၀၀ ခန့်ရှိပါသည်။ ရခိုင်ပြည်နယ်မှ ပြန်လာသည့် လူဦးရေ ၁၀၀၀ ကို နှစ်ရက်အတွင်း နေရာထိုင်ခင်း ဖန်တီးပေးထားပါသည်။ ယခု Contact များလာသည့်အတွက် လူဦးရေ ၁၀၀၀ ခန့်အတွက် Quarantine Center ခုနစ်ခု အသစ်ဖွင့်လှစ်ပြီး ဆောင်ရွက်ပေးထားပါသည်။ Quarantine Center ဝင်ရောက်သူများအား ရန်ကုန်မြို့ရှိ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာ့ဝန်ထမ်းများအနေဖြင့် ကူညီရန် လာရောက်ဆက်သွယ်ပေးစေလိုပါသည်။

၂။ ရန်ကုန်မြို့သူ မြို့သားများအနေဖြင့် Contact Tracing ကို ရှာသည့်အခါတွင် ရောဂါပိုးရှိသူနှင့် ထိတွေ့ခဲ့သူ ရပ်ကွက်၌ ရှိနေပြီဆိုပါက စိုးရိမ်ထိတ်လန့်မှုမရှိစေဘဲ Quarantine Center များသို့ မြန်မြန်ဆန်ဆန် ပို့ဆောင်ပေးရန် လိုအပ်ပါသည်။

၃။ Quarantine Center များသို့ ရောက်ရှိသွားပါက သတ်မှတ်ထားသည့် စည်းကမ်းချက်များအား လိုက်နာနေထိုင်ကြစေရန်နှင့် Quarantine ဝင်ရောက်နေကြသူများအား စားသောက်ဖွယ်ရာများ ပို့ဆောင်ရာတွင် အရက်သေစာနှင့် ဆေးလိပ်တို့ကို ထည့်သွင်းပို့ဆောင်ခြင်းမပြုလုပ်ကြရန် မေတ္တာရပ်ခံလိုပါသည်။

၄။ ရန်ကုန်မြို့သူ မြို့သားများအနေဖြင့် အခက်အခဲများ၊ စိန်ခေါ်မှုများ၊ ဝန်ထုပ်ဝန်ပိုးများလည်း များပြားပါသည်။ သို့ဖြစ်၍ Stay Home သတ်မှတ်ကာလ နှစ်ပတ်၊ သုံးပတ်ခန့် အချိန်အတွင်း မိမိတို့နေအိမ်တွင် နေထိုင်ခြင်းဖြင့် စည်းကမ်းများကို တိတိကျကျ လိုက်နာကြရန်၊ မဖြစ်မနေ ပြင်ပသို့သွားရောက်ရပါက Mask များ မဖြစ်မနေတပ်ကြရန်၊ ရန်ကုန်မြို့သည် လူဦးရေများပြားသည့်အတွက် ယခုလို ကူးစက်ပြန့်ပွားမှုမြင့်တက်လာချိန်၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများအား အထူးဂရုပြုလိုက်နာကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၅-၉-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၉၀၀ | ၉,၉၀၀ | ၁,၁၈၁ | ၁၁,၆၉၁,၉၀၀ |
| MTSH | ၃,၇၅၀ | ၃,၇၀၀ | ၂,၀၄၈ | ၇,၅၈၇,၇၀၀ |
| MCB | ၈,၀၀၀ | ၇,၉၀၀ | ၂၀၁ | ၁,၅၈၈,၀၀၀ |
| FPB | ၂၂,၀၀၀ | ၂၂,၀၀၀ | ၅ | ၁၁၀,၀၀၀ |
| TMH | ၂,၇၀၀ | ၂,၇၀၀ | ၃၀ | ၈၁,၀၀၀ |
| EFR | ၃,၀၅၀ | ၃,၁၀၀ | ၂၁ | ၆၄,၃၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် စက်တင်ဘာ ၁၅

ရန်ကုန်(ရွှေဈေး) ၁၃၁၃၀၀၀ မန္တလေး(ရွှေဈေး) ၁၃၁၃၀၀၀

| စက်သုံးဆီအမျိုးအစား | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၃၅/၅၇၀ ကျပ် | ၅၇၀/၅၈၀ ကျပ် |
| (ခ) ဒီဇယ် | တစ်လီတာ | ၅၂၅/၅၅၅ ကျပ် | ၅၅၅/၅၆၅ ကျပ် |
| (ဂ) အောက်တိန်း ၉၅ | တစ်လီတာ | ၆၀၀/၆၂၀ ကျပ် | ၆၆၀/၆၈၀ ကျပ် |
| (ဃ) အောက်တိန်း ၉၂ | တစ်လီတာ | ၄၇၅/၅၀၅ ကျပ် | ၅၃၅/၅၄၅ ကျပ် |

ရန်ကုန် လက်ကားဈေး

| | | |
|---|---|---|
| ဒီဇယ် | တစ်လီတာ | ၄၂၀/၄၄၀ ကျပ် |
| အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၄၃၅/၄၅၀ ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၄၁၀/၄၂၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၂၀.၇ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၆၉.၅ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၄.၉၂ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၂.၃၃၇ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၁၉.၇၄ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၇.၉၃၄ |
| (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၉၆၆.၄၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၇၀.၇၀ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၂၄၈.၅ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၂.၀၀ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။


ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | - ဦးဝင်းနိုင် | | |
| သတင်းထောက်မှူး | - ဦးမြင့်စိုး | | |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | ဓာတ်ပုံသတင်းထောက် | - ဦးခင်မောင်ဝင်း |
| | | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန်စာတည်းများ | - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော် | စာပြင် | - ဒေါ်ဇင်မေဦး၊ ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့ |
| အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဒေါ်မျိုးမျိုးဝင်း၊ ဒေါ်ခိုင်မာဆွေနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစည်သူလွင်၊ ဒေါ်ဇာရည်မွန်နှင့်အဖွဲ့ |



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချီရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက

**ဒီလို အခြေအနေမျိုးမှာ ကျွန်မတို့အားလုံး ပူးပေါင်းဆောင်ရွက်ပြီးတော့ ကျော်လွှားနိုင်မယ်ဆိုရင် နောင် ဒီနိုင်ငံမှာ ဘယ်လိုစိန်ခေါ်မှုပဲဖြစ်ဖြစ် ငါတို့ဟာ စိန်ခေါ်မှုတွေကို ရင်ဆိုင်ကျော်လွှားနိုင်တဲ့ အရည်အချင်းရှိတယ်ဆိုတဲ့ ယုံကြည်ချက်နဲ့ ကျွန်မတို့က ဆက်ပြီးတော့ အောင်ပွဲတွေ ခံနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူပြည်သားအပေါင်း ပူးပေါင်းပြီးတော့ အဓိကအားဖြင့် ရန်ကုန်မှာ ပြန့်ပွားနေတဲ့ ကိုဗစ်ရောဂါထိန်းချုပ်ရေးအတွက် ဆောင်ရွက်ပေးကြပါ။ အားလုံးဟာ စိတ်ဓာတ်ခိုင်ခိုင်မာမာနဲ့ ဒီပြဿနာကို ဖြေရှင်းနိုင်မယ်၊ ဒီစိန်ခေါ်မှုကို ကျော်လွှားနိုင်မယ်ဆိုတဲ့ ယုံကြည်ချက်နဲ့ လုပ်ပေးကြပါလို့ ကျွန်မအနေနဲ့ မေတ္တာရပ်ခံချင်ပါတယ်။**

❒ ရှေ့ဖုံးမှ
ဖြစ်တာတော့ ဖြစ်ပြီးပြီ။ ကုက္ကုဋ္ဌစ္စပွားနေလို့လည်း ဘာမှ မထူးပါဘူး။

အခု ရန်ကုန်မှာ အများဆုံး ဖြစ်နေတယ်ဆိုတာကိုလည်း ပြည်သူပြည်သားတွေ အားလုံးသိပြီးသား ဖြစ်မှာပါ။ ရန်ကုန်မှာ အများဆုံးဖြစ်ရတယ်ဆိုတာက ရန်ကုန်က လူဦးရေလည်း ထူထပ်တယ်။ အသွားအလာလည်း များတယ်။ အဝင်အထွက်လည်း များတယ်။ အဝင်အထွက်ဆိုတာက ပြည်ပကရော ပြည်တွင်းကရော၊ အဲဒီတော့ နည်းနည်းလည်း စည်းကမ်းလိုက်နာမှုက အားနည်းချက်လေးတွေရှိခဲ့တယ်လို့ ပြောရမှာပါ။ အဖြစ်ကိုတော့ အဖြစ်တိုင်း ရင်ဆိုင်မှဖြစ်ပါလိမ့်မယ်။ အခုကနေ စပြီးတော့ အားလုံးကနေ တိတိကျကျ စည်းမျဉ်း စည်းကမ်းတွေကို လိုက်နာပြီးတော့ ပူးပေါင်းဆောင်ရွက်မယ်ဆိုရင် ရန်ကုန်မှာလည်း အခြေအနေကို မကြာခင်ကာလမှာ ထိန်းချုပ်သွားနိုင်မှာပါ။ အခုဆိုရင် တစ်ယောက်နဲ့တစ်ယောက် ကူးစက်နေတာက မိသားစုဝင်အတွင်းမှာ ကူးစက်တာတွေ တော်တော်များပါတယ်။ အဲဒါလည်း သတိပြုစေချင်ပါတယ်။ သေဆုံးတဲ့ အထဲမှာဆိုရင် သက်ကြီး ရွယ်အိုတွေ၊ ရောဂါအခံရှိသူတွေ ပါပါတယ်။ အဲဒီတော့ လူငယ်များဟာ ခံနိုင်ရည်ရှိတာကြောင့်မို့လို့ တစ်ခါတလေ ရောဂါလက္ခဏာမပြပါဘူး။ ၇၀ ရာခိုင်နှုန်းလောက်က ရောဂါရှိနေတဲ့သူတွေက ရောဂါလက္ခဏာ မပြပါဘူး။ အဲဒါကိုက တစ်နည်းအားဖြင့် အန္တရာယ်တစ်ခုပါပဲ။ ရောဂါလက္ခဏာ မပြတဲ့အခါကျတော့ ကိုယ့်ကိုယ်ကိုယ် ရောဂါရှိတယ်လို့ မထင်ဘူး။ ကိုယ့်မိသားစုတွေ ကိုယ့်ဆီကနေ ကူးသွားနိုင်ပါတယ်။ အဲဒီတော့ အဲဒီထဲမှာဆိုရင် သက်ကြီးရွယ်အိုတွေရှိနိုင်တယ်။ ရောဂါအခံရှိတဲ့သူတွေ ရှိနိုင်တယ်။ ဒါကြောင့်မို့ ကိုယ်တစ်ယောက်က နည်းနည်းစည်းကမ်းလိုက်နာမှုမှာ အားနည်းတယ်ဆိုရင် ကိုယ့်ပတ်ဝန်းကျင်အတွက် အများကြီးအန္တရာယ်ဖြစ်နိုင်ပါတယ်။ ဒါကြောင့် အားလုံးတစ်ယောက်ချင်း တစ်ယောက်ချင်းအတွက် ဂရုစိုက်ကြပါ။ ကျွန်မစဉ်းစားမိတယ်။ တကယ်ဆိုရင် တစ်ယောက်ချင်း တစ်ယောက်ချင်းက ကိုယ့်ကျန်းမာရေးအတွက်ပဲ ဂရုစိုက်မယ်ပေါ့နော်၊ ဒါသိတတ်တဲ့ အရွယ်ရောက်သူတိုင်းကို ဆိုလိုတာပါ။ ကလေးသူငယ် သေးသေးလေးတွေကို ဆိုလိုတာ မဟုတ်ပါဘူး။

သိတတ်တဲ့ အရွယ်ရောက်သူတိုင်းဟာ ကိုယ့်ကျန်းမာရေးတစ်ခုတည်းအတွက် သတိပြုမယ်ဆိုရင် တောင်မှ လုံလောက်နေပြီ။ တစ်ယောက်ချင်း တစ်ယောက်ချင်းဟာ ကိုယ့်ကျန်းမာရေးအတွက်ပဲ ဂရုစိုက်သွားမယ်။ ကိုယ်မကူးဘူးဆိုရင် ကိုယ့်ဆီကလည်း သူများဆီ ကူးစရာအကြောင်း မရှိဘူး။ ကျန်တဲ့ကိစ္စကို ကျွန်မတို့ နိုင်ငံတော်က တာဝန်ယူနိုင်ပါတယ်။ အခုဆိုရင် ကျွန်မတို့ရဲ့ ဝန်ထမ်းတွေလည်း တော်တော်ပင်ပန်းပါပြီ။ တော်တော်ပင်ပန်းပါပြီဆိုတာဟာ အထူးသဖြင့် ကျန်းမာရေးဘက်က ဝန်ထမ်းတွေဖြစ်ပါတယ်။ သို့သော်လည်း ပင်ပန်းပါတယ်လို့ ညည်းညူတာတွေကိုတော့ ကျွန်မ မကြားရပါဘူး။ ပင်ပန်းမှာပဲလို့ ကျွန်မတို့ခန့်မှန်းနိုင်ပါတယ်။ ကျန်းမာရေးဝန်ထမ်းတွေ ကြားထဲမှာရော တခြားဝန်ထမ်းတွေ ကြားထဲမှာရော ရောဂါပြန့်ပွားလာတာ အတိုင်းအတာတစ်ခုထိ ရှိပါတယ်။ နောက်ပြီးတော့ ကျွန်မတို့ရဲ့ စေတနာ့ဝန်ထမ်းတွေ ဝိုင်းဝန်းကူညီနေတာ ကျွန်မတို့ရဲ့ အားသာချက်တစ်ခုက ဒါပါပဲ။ ကျွန်မတို့ပြည်သူတွေက တကယ်အရေးကြီးပြီဆိုရင် သွေးစည်းကြပါတယ်။ တတ်နိုင်သမျှ ဝိုင်းဝန်းကူညီကြပါတယ်။ ဒီအကူအညီတွေအတွက်လည်း ကျွန်မတို့ ကျေးဇူးတင်ကြောင်း ပြောချင်တယ်။ ထပ်လည်း ဖိတ်ခေါ်ချင်ပါတယ်။ ကျွန်မတို့စေတနာ့ဝန်ထမ်းတွေ ပညာရှင်တွေ နိုင်ငံတော်အစိုးရရဲ့ လုံးပန်းမှုတွေကို ဝိုင်းဝန်းကူညီပေးကြပါ။ အားလုံးက ဝိုင်းဝန်းလုပ်မယ်ဆိုရင် အောင်မြင်မှာပါဆိုတာ ကျွန်မ ဒီကနေ ပြောချင်ပါတယ်။

ကျွန်မတို့ ဝန်ထမ်းတွေအကြောင်း ပြောရင်းနဲ့ နေပြည်တော်အကြောင်း ပြောချင်ပါတယ်။ နေပြည်တော်မှာလည်း ကိုဗစ်ရောဂါ စွဲကပ်တဲ့သူ အခုဆိုရင် ၄၀ ကျော်သွားပြီလို့ ကျွန်မ နားလည်ပါတယ်။ ဒီဟာကလည်း နေပြည်တော်နဲ့ ရန်ကုန်ကြားမှာ အဆက်အစပ်ကလည်း အင်မတန်မှ များပါတယ်။ နေပြည်တော်ကတော့ အစိုးရရုံးစိုက်တဲ့ နေရာဖြစ်တဲ့အခါကျတော့ ရန်ကုန်ကရော တစ်တိုင်းပြည်လုံးကပါ လာကြပါတယ်။ အထူးသဖြင့် ရန်ကုန်က များတာပေါ့။ သံတမန်လောက၊ နိုင်ငံတကာ အသိုင်းအဝိုင်း လောက၊ စီးပွားရေးလောက အသီးသီးဟာ ရန်ကုန်ကနေ နေပြည်တော်ကို အဝင်အထွက် အင်မတန်မှ များပါတယ်။ ဒီလိုများတဲ့အခါကျတော့ ရန်ကုန်မှာ ကိုဗစ်ရောဂါ ပြန့်ပွားတယ်ဆိုတဲ့အချိန်မှာ နေပြည်တော်မှာ ပြန့်ပွားတယ်ဆိုတာကလည်း ဘာမှ ထူးထူးခြားခြား အံ့သြစရာ အကြောင်းမရှိပါဘူး။ ဒါပေမယ့် အခုဆိုရင် သေသေချာချာ အစိုးရယန္တရားလည်ပတ်မှုကို မထိခိုက်အောင် စည်းမျဉ်းစည်းကမ်းတွေ သတ်မှတ်ပြီး လုပ်ကိုင်နေပါတယ်။ ဥပမာ ပြောရမယ်ဆိုရင် ကျွန်မတို့ ဒီက ဝန်ထမ်းတွေမှာဆိုရင် နှစ်ပတ်တက် နှစ်ပတ် အိမ်ကနေ အလုပ်လုပ်၊ နှစ်ပတ်ရုံးတက် အလုပ်လုပ်၊ နှစ်ပတ်အိမ်ကနေ အလုပ်လုပ် ဆိုပြီး နှစ်ပတ် နှစ်ပတ် သတ်မှတ်ရတာကလည်း အကယ်၍ ကိုဗစ်ရောဂါဝင်ခဲ့ပြီဆိုရင် နှစ်ပတ်အတွင်းမှာ သိရှိနိုင်တဲ့အခြေအနေရှိလို့ပါ။ ဒါကိုလည်း ကျွန်မတို့ ပြည်သူတွေ သိရှိပြီးသား ဖြစ်မှာပါ။

**နိုင်ငံတော်ကနေပြီးတော့ လုပ်ပေးသင့်တာတွေအားလုံး ကျွန်မတို့ လုပ်ပေးမှာပါ။ ကျွန်မတို့က ဆေးဝါးပစ္စည်းတွေလည်း လုံလုံလောက်လောက်ရှိအောင် လုပ်ပေးပါမယ်။ အခုဆိုရင် လူနာတွေကို ကုသဖို့နေရာ လုံလုံလောက်လောက်ရှိအောင် ကုသရေးဌာနတွေ လုံလုံလောက်လောက်ရှိအောင် လုပ်ပေးနေပါတယ်။ Quarantine နေရာတွေ လုံလုံလောက်လောက် ရှိအောင်လို့လည်း လုပ်ပေးနေပါတယ်။**

ဒီတော့ ကျွန်မတို့ဟာ အဘက်ဘက်မှာ သင့်တော်မယ်ထင်တဲ့ စည်းမျဉ်း စည်းကမ်းတွေကို ချမှတ်ပါတယ်။ ချမှတ်တဲ့အခါကျရင် ကျွန်မတို့ စည်းမျဉ်းစည်းကမ်းကို လိုက်နာတဲ့အခါမှာ တိကျဖို့က အရေးကြီးတာပါ။ တင်းကျပ်ဖို့လည်း မဟုတ်ပါဘူး။ တိကျဖို့က အရေးကြီးတာပါ။ တချို့နေရာတွေမှာဆိုရင် အစိုးရိမ်လွန်ပြီးတော့၊ စည်းမျဉ်း စည်းကမ်းဘောင်တွေကို ကျော်ပြီးတော့ တင်းတင်းကျပ်ကျပ် လုပ်တာတွေဟာ တကယ်တော့ ရေရှည်မှာ အကျိုးမဖြစ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ နေရထိုင်ရတာ ကျပ်တည်းလာရင် ပြည်သူတွေဟာ ဒီလိုဘောင်အတွင်းမှာ ဆက်ပြီးတော့ ရည်တည်နိုင်ဖို့ဆိုတာ ခက်ပါလိမ့်မယ်။ ဒါပေမယ့် ချမှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေကို နံပါတ်(၁)အားဖြင့် သေသေချာချာလေ့လာပါ။ ဒါတွေဟာ သတင်းစာတွေထဲမှာလည်း ပါပါတယ်။ ရုပ်မြင်သံကြားကလည်း လွှင့်နေပါတယ်။ တစ်ချိန်လုံး ပြည်သူတွေသိအောင်လို့ အသိပေးနေပါတယ်။ ဒီစည်းမျဉ်း စည်းကမ်းတွေကို သေသေချာချာလေ့လာပါ။ လေ့လာပြီးတော့ တိတိကျကျလိုက်နာပါ။ ဒါဟာ အုပ်ချုပ်ရေးပိုင်းဆိုင်ရာအတွက်လည်း အထူးအရေးကြီးပါတယ်။ စောစောက ပြောသလိုပဲ ဝန်ထမ်းတွေဟာ ရှေ့တန်းကနေ လုပ်ဆောင်နေတာကိုလည်း ကျေးဇူးတင်တယ်ဆိုတာ ပြောချင်ပါတယ်။ ကျွန်မတို့ ပြည်သူလူထုကလည်း ဝန်ထမ်းတွေ လုပ်ပေးတာကို အသိအမှတ်ပြုစေချင်ပါတယ်။ ဘာလို့လဲဆိုရင် အကောင်းလုပ်ရင် ကောင်းတာလုပ်တာကို အသိအမှတ်ပြုမှ ပိုပြီးတော့လည်း ကောင်းကောင်းလုပ်ချင်ပါတယ်။ ဒီအချိန်မှာဆိုရင် တစ်ယောက်ကို တစ်ယောက်အားပေးဖို့ အားဖြစ်ပေးဖို့ ဖြစ်ပါတယ်။ ဒါကြောင့်မို့ စောစောက ပြောတာက ကုက္ကုဋ္ဌစ္စလည်းမပွားပါနဲ့၊ တရားခံလည်း မရှာပါနဲ့၊ ဘယ်သူ့ကြောင့် ဖြစ်တယ်ဆိုတာ စဉ်းစားစရာ မဟုတ်ပါဘူး။ ဖြစ်ပြီးရင် ဒါကို ဘယ်လို အကောင်းဆုံးထိန်းမလဲဆိုတာကိုသာ အာရုံစိုက်ရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့ ပြည်သူတွေအနေနဲ့ သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေကို လိုက်နာပါဆိုတာ ဒါတစ်ခုပဲ ကျွန်မ တောင်းဆိုတာပါ။

ကျန်တာဆိုရင် ဘာမှလုပ်ရမယ်လို့ ကျွန်မတို့ ထူးထူးထွေထွေ မပြောပါဘူး။ စေတနာရှင်တွေ ဝိုင်းဝန်းပြီးတော့ ကူညီပေးတာကို ကျွန်မတို့ ဖိတ်ခေါ်တယ်။ ကျေးဇူးတင်တယ်။ နောက်ပြီးတော့ ကျွန်မတို့အနေနဲ့ အင်မတန်မှ တန်ဖိုးထားပါတယ်။ စောစောက ပြောသလိုပဲ တစ်ယောက်ချင်းတစ်ယောက်ချင်း စည်းကမ်းလိုက်နာမယ်ဆိုရင် ကျွန်မတို့ ဘာမှ စိုးရိမ်စရာမရှိပါဘူး။ အဲဒီတော့ အခုချိန်မှာလည်း စိုးရိမ်မလွန်ပါနဲ့။ ကျွန်မတို့ ရန်ကုန်မှစပြီးတော့ ရောဂါပြန့်ပွားတဲ့အချိန်ကို သတ်မှတ်လိုက်မယ်ဆိုရင် ဩဂုတ်လ နောက်ပိုင်းအပတ်ပါ။ ဒီဩဂုတ်လ နောက်ပိုင်းအပတ်မှာ စပြီး ပြန့်ပွားလာတယ်။ စပြီး ပြန့်ပွားလာတယ်ဆိုတာကို စက်တင်ဘာလ အစောပိုင်းမှာ၊ လဆန်းပိုင်းမှာဆိုရင် အများပြည်သူက သိလာပြီ။ သိလာတဲ့အချိန်မှာတော့ ပိုပြီးတော့ သတိထားလာပြီ။ အခုဆိုရင် တတိယပတ်ထဲကို ဝင်လာပြီ။ တတိယပတ်ထဲကိုဝင်လာပြီဆိုတော့ ဒီအချိန်မှာ ကျွန်မတို့ ထိန်းထိန်းသိမ်းသိမ်း လုပ်သွားတယ်ဆိုရင် နောက်တစ်ပတ် နှစ်ပတ်အတွင်းမှာ အကျိုးဆက်ဟာ ပေါ်လာမှာပါ။ ဘယ်သူမှတော့ အကန့်အသတ် ကြားထဲမှာမနေချင်ဘူး။ ဒါပေမယ့် ဒီကန့်သတ်မှုတွေဟာ ရေရှည်မှာ မြန်မြန်ဆန်ဆန် ဒီအခြေအနေကနေပြီးတော့ ကျွန်မတို့ ရုန်းထွက်နိုင်အောင်လို့ သေသေချာချာ သတိထားပြီးတော့ အားလုံးကနေပြီး ပူးပေါင်းဆောင်ရွက်ပေးစေချင်ပါတယ်။

နိုင်ငံတော်ကနေပြီးတော့ လုပ်ပေးသင့်တာတွေ အားလုံး ကျွန်မတို့ လုပ်ပေးမှာပါ။ ကျွန်မတို့က ဆေးဝါးပစ္စည်းတွေလည်း လုံလုံလောက်လောက်ရှိအောင် လုပ်ပေးပါမယ်။ အခုဆိုရင် လူနာတွေကို ကုသဖို့နေရာ လုံလုံလောက်လောက်ရှိအောင် ကုသရေးဌာနတွေ လုံလုံလောက်လောက်ရှိအောင် လုပ်ပေးနေပါတယ်။ Quarantine နေရာတွေ လုံလုံလောက်လောက် ရှိအောင်လို့လည်း လုပ်ပေးနေပါတယ်။ ဒီ Quarantine နေရာတွေမှာလည်း ကျွန်မတို့ စေတနာ့ဝန်ထမ်းတွေကနေပြီးတော့ အားဖြည့်ပေးနေတာ ဖြစ်ပါတယ်။ ဒါပေမယ့် တချို့စေတနာ့ဝန်ထမ်းတွေလည်း ရောဂါကူးစက်တာလည်း ရှိပါတယ်။ နောက်ပိုင်း နည်းနည်းပင်ပန်းလို့ နားချင်တာတွေလည်း ရှိပါတယ်။ ဒါကြောင့် ကျွန်မတို့ ပြည်သူတွေကနေ ဝိုင်းဝန်းပြီးတော့ လိုအပ်တဲ့ နေရာတွေမှာ ဖြည့်ဆည်းပေးမယ်လို့ ကျွန်မယုံကြည်ပါတယ်။ မျှော်လင့်ပါတယ်။ ဒါကိုလည်း ကျွန်မအနေနဲ့ မေတ္တာရပ်ခံချင်ပါတယ်။

အားလုံးခြုံငုံပြောရမယ်ဆိုရင် ဒါဟာ ပြည်သူကို အခြေအနေသိအောင်လို့ တင်ပြတာပါ။ အခြေအနေကိုလည်း အများပြည်သူက သိပြီးသားပါ။ သတိပေးတဲ့ သဘောပါ။ ထပ်မံပြီးတော့ အလေးထားဖို့အတွက် သတိပေးတဲ့သဘောဖြစ်ပါတယ်။ ဒီလို အခြေအနေမျိုးမှာ ကျွန်မတို့ အားလုံးပူးပေါင်းဆောင်ရွက်ပြီးတော့ ကျော်လွှားနိုင်မယ်ဆိုရင် နောင်ဒီနိုင်ငံမှာ ဘယ်လို စိန်ခေါ်မှုပဲဖြစ်ဖြစ် ငါတို့ဟာ စိန်ခေါ်မှုတွေကို ရင်ဆိုင်ကျော်လွှားနိုင်တဲ့ အရည်အချင်းရှိတယ်ဆိုတဲ့ ယုံကြည်ချက်နဲ့ ကျွန်မတို့က ဆက်ပြီးတော့ အောင်ပွဲတွေ ခံနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူပြည်သားအပေါင်း ပူးပေါင်းပြီးတော့ အဓိကအားဖြင့် ရန်ကုန်မှာ ပြန့်ပွားနေတဲ့ ကိုဗစ်ရောဂါထိန်းချုပ်ရေးအတွက် ဆောင်ရွက်ပေးကြပါ။ အားလုံးဟာ စိတ်ဓာတ်ခိုင်ခိုင်မာမာနဲ့ ဒီပြဿနာကို ဖြေရှင်းနိုင်မယ်၊ ဒီစိန်ခေါ်မှုကို ကျော်လွှားနိုင်မယ်ဆိုတဲ့ ယုံကြည်ချက်နဲ့ လုပ်ပေးကြပါလို့ ကျွန်မအနေနဲ့ မေတ္တာရပ်ခံချင်ပါတယ်။

အားလုံးကျန်းမာချမ်းသာကြပါစေ။ **နေမကောင်းတဲ့သူတွေလည်း အမြန်ဆုံး ကျန်းမာကြပါစေ။**

# ပို့ကုန်တင်ပို့ခြင်းအပေါ် ကြိုတင်ဝင်ငွေခွန် ၂ ရာခိုင်နှုန်း ကောက်ခံခြင်းအား ဒီဇင်ဘာလကုန်အထိ ကင်းလွတ်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီးရုံး

အမိန့်ကြော်ငြာစာအမှတ်၊ ၁၀၃/၂၀၂၀

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၃ ရက်
(၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁၅ ရက်)

၁။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနသည် ဝင်ငွေခွန်ဥပဒေပုဒ်မ ၁၆-ခ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။


၂။ ကမ္ဘာနှင့်အဝှမ်း ဖြစ်ပေါ်လျက်ရှိသော Coronavirus Disease 2019 (COVID-19)ကြောင့် စီးပွားရေးလုပ်ငန်းများ ထိခိုက်မှုလျော့နည်းသက်သာစေရေးအတွက် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ ၂၄-၃-၂၀၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၈/၂၀၂၀ဖြင့် ပို့ကုန်တင်ပို့ခြင်းအပေါ် ကြိုတင်ဝင်ငွေခွန် ၂ ရာခိုင်နှုန်း ကောက်ခံခြင်းအား ယခု ဘဏ္ဍာနှစ်ကုန်(၁-၄-၂၀၂၀ရက်မှ ၃၀-၉-၂၀၂၀ ရက်)အထိ ကင်းလွတ်ခွင့်ပြုပေးခဲ့ပါသည်။

၃။ ယခုအခါ Coronavirus Disease 2019 (COVID-19) ရောဂါကြောင့် သက်ရောက်နေသည့် စီးပွားရေး နေးကွေးမှုကို ပြန်လည်နိုးဆွနိုင်စေရန်အတွက် ပို့ကုန်တင်ပို့ခြင်းအပေါ် ကြိုတင်ဝင်ငွေခွန် ၂ ရာခိုင်နှုန်း ကောက်ခံခြင်းအား ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလကုန်အထိ တိုးမြှင့်၍ ကင်းလွတ်ခွင့်ပြုလိုက်သည်။

စိုးဝင်း
ပြည်ထောင်စုဝန်ကြီး

# တတိယအကြိမ် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် လွယ်ကူချောမွေ့စေရေးကော်မတီအစည်းအဝေး ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၅**
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ကြီးမှူး၍ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးနှင့် လွယ်ကူချောမွေ့စေရေးကော်မတီ (Investment Promotion Committee-IPC) တတိယအကြိမ်အစည်းအဝေးကို ယနေ့နံနက်ပိုင်းက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။





**တက်ရောက်**

အခမ်းအနားသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ၊ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးနှင့် လွယ်ကူချောမွေ့စေရေးကော်မတီဥက္ကဋ္ဌ ဦးသောင်းထွန်း၊ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် လွယ်ကူချောမွေ့စေရေး ကော်မတီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးအောင်လှထွန်း၊ ဦးကျော်မျိုး၊ ဦးခင်မောင်ဝင်း၊ ဦးအောင်ထူး၊ ဦးဝင်းမော်ထွန်း၊ ဒေါက်တာမြလေးစိန်၊ ဦးဆက်အောင်၊ ဦးတင်လတ်တို့နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနတို့မှ အမြဲတမ်းအတွင်းဝန်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌနှင့် အခြား IPC အဖွဲ့ဝင်များ၊ အတွင်းရေးမှူး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်နှင့် လုပ်ငန်းအဖွဲ့(၅)ဖွဲ့မှ အဖွဲ့ခေါင်းဆောင်များနှင့် အဖွဲ့ဝင်များ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ လေ့လာသူများက သက်ဆိုင်ရာနေရာ ဒေသများမှ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက ကိုဗစ်-၁၉ ကြောင့် စီးပွားရေး သက်ရောက်မှုများကို တုံ့ပြန်ရန်နှင့် ကိုဗစ်အလွန်ကာလအတွက် ကြိုတင်ပြင်ဆင်ခြင်းအနေဖြင့် စက်မှုဇုန်တည်ထောင်ခြင်းလုပ်ငန်းများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်လုပ်မှုကွင်းဆက် (Supply Chain)၊ ကျန်းမာရေးနှင့်ဆက်စပ်သည့်ထုတ်လုပ်မှုလုပ်ငန်းများ၊ Digitization လုပ်ငန်းများ အဓိကတိုးတက်စေရန်၊ အဆိုပါကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာရန်နှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးစီမံကိန်း (Myanmar Investment Promotion Plan-MIPP)ကို ပြန်လည်သုံးသပ်ရန် ဦးတည်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**တိုးတက်မှုများရှင်းလင်း**

ယင်းနောက် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် လွယ်ကူချောမွေ့စေရေး ကော်မတီအတွင်းရေးမှူး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်က ကော်မတီ၏ လုပ်ငန်းစဉ်များ၊ ရှေ့ဆက်ဆောင်ရွက်ရန်လုပ်ငန်းများနှင့် လုပ်ငန်းအဖွဲ့များ၏ ဆောင်ရွက်ချက်များအပေါ် တင်ပြခဲ့ပြီး ရှေ့ဆက်ဆောင်ရွက်သွားမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အထောက်အကူပြုလုပ်ငန်းအဖွဲ့(၅)ဖွဲ့မှ အဖွဲ့ခေါင်းဆောင်များက ၎င်းတို့၏ လုပ်ငန်းအဖွဲ့အလိုက် ရေးဆွဲထားသည့် နှစ်အလိုက် လုပ်ငန်းစဉ် (Annual Activities Plan) များနှင့် စပ်လျဉ်းသည့် တိုးတက်မှုများကို ရှင်းလင်းတင်ပြခဲ့ကြသည်။

ထို့နောက် တက်ရောက်လာကြသည့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးနှင့် လွယ်ကူချောမွေ့စေရေးကော်မတီ(IPC) အဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ဒုတိယဥက္ကဋ္ဌတို့က သက်ဆိုင်ရာကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးနှင့် လွယ်ကူချောမွေ့စေရေး ကော်မတီဥက္ကဋ္ဌ ဦးသောင်းထွန်းက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာစီမံခန့်ခွဲမှု မူဘောင်နှင့်ပတ်သက်၍ လူထု၏ သဘောထားရယူသည့် ဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၅**
မြန်မာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးမွေးမြူရေးစနစ် ဖွံ့ဖြိုးရေးစီမံကိန်း (NFASP)၏ သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာစီမံခန့်ခွဲမှု မူဘောင်နှင့်ပတ်သက်၍ လူထု၏သဘောထားရယူသည့် တွေ့ဆုံဆွေးနွေးပွဲ အစီအစဉ်ကို ယနေ့နံနက်ပိုင်းက အွန်လိုင်းစနစ်ဖြင့် ကျင်းပသည်။



**ပါဝင်ဆွေးနွေး**

ဆွေးနွေးပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက အဖွင့်အမှာစကား ပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနခွဲ ညွှန်ကြားရေးမှူးများ၊ World Bank Team Leader ဖြစ်သူ Ms.Mio Takada၊ စီမံကိန်း ဒါရိုက်တာနှင့် ဆည်မြောင်းကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ သမဝါယမကဏ္ဍများမှ တာဝန်ရှိသူများ၊ နေပြည်တော်နှင့် ရှမ်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနများမှ တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူးများ၊ ခရိုင်နှင့် မြို့နယ်အဆင့် တာဝန်ရှိသူများ၊ လယ်ယာကဏ္ဍဆိုင်ရာ အသင်းအဖွဲ့များနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ စီမံကိန်းအကျိုးကျေးဇူး ခံစားရမည့်သူများ ပါဝင်ဆွေးနွေးကြသည်။

ကမ္ဘာ့ဘဏ်ချေးငွေ အမေရိကန်ဒေါ်လာသန်း ၂၀၀ ဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်မည့် မြန်မာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုး မွေးမြူရေးစနစ် ဖွံ့ဖြိုးရေးစီမံကိန်း(NFASP)ကို စိုက်ပျိုးရေးဂေဟဇုန်အလိုက် စိုက်ပျိုးထုတ်လုပ်မှုများ တိုးတက်လာစေရန်နှင့် သီးနှံအမယ်စုံ ပိုမိုစိုက်ပျိုးလာနိုင်စေရန်၊ တန်ဖိုး ကွင်းဆက်တစ်လျှောက် ဖွံ့ဖြိုးတိုးတက်စေခြင်းဖြင့် အရည်အသွေးကောင်းမွန်သော စိုက်ပျိုးရေးထုတ်ကုန်များ ပိုမိုထုတ်လုပ်နိုင်ပြီး ဈေးကွက်ခိုင်မာလာစေရန်၊ ဖြစ်ပေါ်လာသော အရေးပေါ်အခြေအနေများနှင့် ဘေးဒုက္ခများကို သင့်လျော်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ရန်တို့ကို ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ပြီး အဆိုပါစီမံကိန်းအတွက် သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ စီမံခန့်ခွဲမှုမူဘောင်နှင့်ပတ်သက်၍ လူထု၏သဘောထားရယူနိုင်ရန် စက်တင်ဘာ ၁၅ ရက်မှ ၂၅ ရက်အထိ ခုနစ်ကြိမ်ခွဲ၍ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် အွန်လိုင်းစနစ်ဖြင့် ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယနေ့ဆွေးနွေးပွဲတွင် နေပြည်တော်နှင့်ရှမ်းပြည်နယ်တို့မှ ပါဝင်ဆွေးနွေးကြသကဲ့သို့ စက်တင်ဘာ ၁၇ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီး၊ စက်တင်ဘာ ၂၁ ရက်တွင် မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်၊ စက်တင်ဘာ ၂၂ ရက်တွင် မန္တလေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်၊ စက်တင်ဘာ ၂၃ ရက်တွင် တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်၊ စက်တင်ဘာ ၂၄ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်၊ စက်တင်ဘာ ၂၅ ရက်တွင် ဧရာဝတီတိုင်းဒေသကြီးတို့နှင့် ဆက်လက် ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ညီညီသန်း (နေပြည်တော်)**

## တောင်သူလယ်သမားများသို့ အသိပေးနိုးဆော်ချက်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တည်ဆောက်ထိန်းသိမ်းထားသော ရေလှောင်တမံအများစုတွင် ၂၀၂၀ ပြည့်နှစ် မိုးရာသီအတွင်း စီးဝင်ရေပမာဏမှာ ယခင်နှစ်များက ကာလတူပမာဏထက် နည်းပါးလျက်ရှိသည့်အတွက် သိုလှောင်ရေပမာဏမှာလည်း လျော့နည်းကျဆင်းလျက်ရှိသည်။

ထို့ပြင် ယခုနှစ် မိုးရာသီတွင် မိုးရွာသွန်းမှုနည်းပါးခြင်းကြောင့် ပုံမှန်မိုးစပါးစိုက်ပျိုးရေပေးဝေခြင်းအပြင် ယခင်မိုးစပါးစိုက်ပျိုးရေပေးဝေရန်မလိုအပ်သည့် မိုးကောင်းသောက်ဒေသများတွင်လည်း ဖြည့်စွက်ရေများပေးဝေနေရသည့် အခြေအနေများ ကြုံတွေ့နေရပါသဖြင့် ယခုနှစ်လျာထားမိုးစပါးစိုက်ကေများ ပြည့်မီစွာရေပေးဝေနိုင်ရန်နှင့် လာမည့်နွေစပါးရာသီတွင်လည်း ဆည်အတွင်း ကျန်ရှိသိုလှောင်ရေဖြင့် နွေစပါးနှင့် အခြားသီးနှံများ ယခင်နှစ် လျာထားပမာဏများအတိုင်း ပြည့်မီစွာစိုက်ပျိုးရေပေးဝေနိုင်ရန်နှင့် သောက်သုံးရေလုံလောက်စွာပေးဝေနိုင်ရန်အတွက် ရေအသုံးချသူများအဖွဲ့များနှင့်အတူ ဆည်ရေကို စနစ်တကျချွေတာသုံးစွဲလျက်ရှိသည့်အပြင် အားလုံးသောတောင်သူလယ်သမားများနှင့် ပြည်သူများကလည်း မိမိတို့ဝန်ကြီးဌာနအောက်ရှိ သက်ဆိုင်ရာဌာနများနှင့်အတူ ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် အသိပေးနိုးဆော်အပ်ပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

**COVID- 19 ရောဂါ ကာကွယ်ဖို့ မိမိမှစ၍ စည်းကမ်းများကို လိုက်နာစို့**

# အစိုးရအနေဖြင့် စိန်ခေါ်မှုများရှိသည့်တိုင် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဆီသို့ ဦးတည်မျှော်မှန်းကာ ပြောင်းလဲမှုများ ဆက်လက်ဖော်ဆောင်သွားမည်ဖြစ်ကြောင်း မြန်မာအမြဲတမ်းကိုယ်စားလှယ်က လူ့အခွင့်အရေးကောင်စီအစည်းအဝေးတွင် ပြောကြား

**နေပြည်တော် စက်တင်ဘာ ၁၅**

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ကျင်းပလျက်ရှိသည့် (၄၅)ကြိမ်မြောက် လူ့အခွင့်အရေးကောင်စီ၏ ပထမနေ့ရက် ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလ ၁၄ ရက်နေ့တွင် ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး၏ မြန်မာနိုင်ငံဆိုင်ရာ အစီရင်ခံစာအပေါ် အပြန်အလှန် ဆွေးနွေးပွဲတစ်ရပ်ကို ပြုလုပ်ခဲ့သည်။

### မူအတိုင်းဆောင်ရွက်နေ

ယင်းဆွေးနွေးပွဲတွင် မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးကျော်မိုးထွန်းက ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် မကြုံစဖူး ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများနှင့် အစိုးရအနေဖြင့် ကပ်ရောဂါအား တုံ့ပြန်ရာတွင် မည်သူတစ်ဦးတစ်ယောက်မျှ ကျန်ရစ်မှုမရှိစေရေး "မူ" အတိုင်း နိုင်ငံတစ်ဝန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို အသိပေးပြောကြားခဲ့သည်။ ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရေး ကြိုးပမ်းမှုများ၌ ကုလသမဂ္ဂအပါအဝင် မိတ်ဆွေနိုင်ငံများနှင့် မိတ်ဖက်အဖွဲ့များ၏ ကူညီပံ့ပိုးမှုများအတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့သည်။

ကပ်ရောဂါကြောင့် မြန်မာအစိုးရ၏ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေး ကြိုးပမ်းမှုများအပေါ် စိန်ခေါ်မှုများစွာ ပိုမိုဖြစ်ပေါ်စေသည့်တိုင် လက်ရှိပြည်သူ့အစိုးရသည် တာဝန်စတင်ထမ်းဆောင်ချိန်မှစ၍ ဒီမိုကရေစီနိုင်ငံဆီသို့ ဦးတည်၍ အစွမ်းကုန် ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ နိုင်ငံတစ်ဝန်း နိုင်ငံရေး၊ လူမှုစီးပွားရေးနှင့် လူ့အခွင့်အရေးနယ်ပယ်တို့တွင် အပြုသဘောဆောင်သည့် ပြောင်းလဲမှုများစွာ ရရှိနေပြီဖြစ်ကြောင်း အလေးထားပြောကြားခဲ့သည်။



မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးကျော်မိုးထွန်း

**ကပ်ရောဂါကြောင့် မြန်မာအစိုးရ၏ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေး ကြိုးပမ်းမှုများအပေါ် စိန်ခေါ်မှုများစွာ ပိုမိုဖြစ်ပေါ်စေသည့်တိုင် လက်ရှိပြည်သူ့အစိုးရသည် တာဝန်စတင်ထမ်းဆောင်ချိန်မှစ၍ ဒီမိုကရေစီနိုင်ငံဆီသို့ ဦးတည်၍ အစွမ်းကုန် ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ နိုင်ငံတစ်ဝန်း နိုင်ငံရေး၊ လူမှုစီးပွားရေးနှင့် လူ့အခွင့်အရေးနယ်ပယ်တို့တွင် အပြုသဘောဆောင်သည့် ပြောင်းလဲမှုများစွာ ရရှိနေပြီဖြစ်။**

### သိသာထင်ရှားသည့်အောင်မြင်မှု

ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေး ဖော်ဆောင်ရေးနှင့်ပတ်သက်၍ ပြီးခဲ့သည့် ဩဂုတ်လတွင် ကျင်းပခဲ့သော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံ စတုတ္ထအကြိမ် အစည်းအဝေး၌ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စု တည်ထောင်နိုင်ရေးအတွက် အရေးပါသည့် ခြေလှမ်းတစ်ခုဖြစ်သည့် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၃) ကို လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းဖြင့် သိသာထင်ရှားသည့် အောင်မြင်မှုတစ်ရပ်ကို ဖော်ဆောင်နိုင်ခဲ့ကြောင်း ပြောကြားခဲ့သည်။

နက်နဲသိမ်မွေ့သည့် ရခိုင်ပြည်နယ်အရေးကိစ္စနှင့်စပ်လျဉ်း၍ အမြဲတမ်းကိုယ်စားလှယ်က ရေရှည်တည်တံ့သည့် အဖြေရရှိရေးနှင့် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံမှု စတင်နိုင်ရေးသည် အစိုးရ၏ ဦးစားပေးကိစ္စရပ်များဖြစ်ကြောင်း အလေးအနက်ပြောကြားခဲ့သည်။ ၂၀၁၆ ခုနှစ် အောက်တိုဘာလနှင့် ၂၀၁၇ ခုနှစ် ဩဂုတ်လတို့တွင် ဖြစ်ပွားခဲ့သည့် အာဆာအကြမ်းဖက်တိုက်ခိုက်မှုများသည် နိုင်ငံတော်မှ ရေရှည်တည်မြဲသည့်အဖြေရရှိရေး ဆောင်ရွက်နေမှုအပေါ် လမ်းကြောင်းလွဲသွားစေရန် သိသာသည့် ကြိုးပမ်းမှုများဖြစ်ကြောင်း၊ ယင်းအကြမ်းဖက် တိုက်ခိုက်မှုများကြောင့် လက်ရှိလူသားချင်းစာနာမှုဆိုင်ရာ ပြဿနာများကို ဖြစ်ပေါ်စေခဲ့ကြောင်း၊ တပ်မတော်နှင့် အေအေအကြား တိုက်ပွဲများ ဆက်လက်ဖြစ်ပွားမှုကြောင့် အခြေအနေ ပိုမိုဆိုးရွားစေလျက်ရှိကြောင်းနှင့် WFP၊ ICRC နှင့် ဒေသခံ NGOs များ၏ ကူညီပံ့ပိုးမှုဖြင့် ထိခိုက်ခံစားရသော ပြည်သူများအတွက် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများ ပေးအပ်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

တာဝန်ခံမှု၊ တာဝန်ယူမှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံသည် ကိုင်တွယ်ဖြေရှင်းရန် ဆန္ဒရှိသကဲ့သို့ ကိုင်တွယ်ဖြေရှင်းနိုင်စွမ်းလည်းရှိကြောင်းနှင့် အစိုးရအနေဖြင့် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလတွင် လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်က တင်သွင်းခဲ့သည့် အစီရင်ခံစာပါ အကြံပြုချက်များအပေါ် အခြေခံ၍ လိုအပ်သည့် အရေးယူဆောင်ရွက်မှုများကို ပြုလုပ်လျက်ရှိကြောင်း ထပ်လောင်းပြောကြားခဲ့သည်။

**တာဝန်ခံမှု၊ တာဝန်ယူမှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံသည် ကိုင်တွယ်ဖြေရှင်းရန် ဆန္ဒရှိသကဲ့သို့ ကိုင်တွယ်ဖြေရှင်းနိုင်စွမ်းလည်းရှိကြောင်းနှင့် အစိုးရအနေဖြင့် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလတွင် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်က တင်သွင်းခဲ့သည့် အစီရင်ခံစာပါ အကြံပြုချက်များအပေါ် အခြေခံ၍ လိုအပ်သည့် အရေးယူဆောင်ရွက်မှုများကို ပြုလုပ်လျက်ရှိ။**

### ပူးပေါင်းဆောင်ရွက်လျက်ရှိ


ထို့ပြင် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး၊ ပြန်လည်နေရာချထားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံသဘောတူစာချုပ်ကို အကောင်အထည်ဖော်ရာတွင် ပိုမိုလွယ်ကူစေရန် UNHCR၊ UNDP နှင့် အာဆီယံတို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ သင့်လျော်ကောင်းမွန်သည့် ပတ်ဝန်းကျင်ဖန်တီးရေး၊ အစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှု တစ်စိတ်တစ်ဒေသအဖြစ် လူ့အဖွဲ့အစည်းများအကြား သဟဇာတဖြစ်ရေး၊ အမုန်းစကား ဆန့်ကျင်တားဆီးရေးတို့နှင့်ပတ်သက်၍ ဆောင်ရွက်နေမှုများကိုလည်း အသိပေးပြောကြားခဲ့သည်။


အမြဲတမ်းကိုယ်စားလှယ်က မြန်မာနိုင်ငံ သာယာဝပြောရေးကို မြန်မာပြည်သူများထက် မည်သူကမျှ အလေးထားဂရုပြုမည်မဟုတ်ကြောင်း၊ လက်ရှိအစိုးရအနေဖြင့် ပြည်သူများ၏ ဆန္ဒအတိုင်း ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုဆီသို့ မှန်းမျှော်ကာ ပြောင်းလဲမှုများ ဆက်လက်ဖော်ဆောင်သွားမည်ဖြစ်ကြောင်း၊ ယင်းသို့ ပြောင်းလဲမှုများဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် ပြည်တွင်းပြည်ပမှ ပံ့ပိုးမှုများ ဆက်လက်ပေးရေးသည် အရေးကြီးကြောင်း၊ မြန်မာနိုင်ငံအပေါ် လွန်ကဲသော နိုင်ငံရေးဖိအားပေးမှုများကို ရှောင်ရှားရန် လိုကြောင်း၊ နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် စစ်မှန်သော ပူးပေါင်းဆောင်ရွက်မှု၊ အပြုသဘောဆောင်သည့် ထိတွေ့မှုနှင့် လက်ကမ်းကူညီမှုတို့ ပြုလုပ်ကြရန် တိုက်တွန်းပြောကြားခဲ့သည်။

### ကြိုးပမ်းဆောင်ရွက်သွားမည်

ဆွေးနွေးပွဲအဆုံးသတ်တွင် ထပ်မံတုံ့ပြန်ခဲ့ရာ၌ အမြဲတမ်းကိုယ်စားလှယ်က (၁) ပြဿနာကို ရှုထောင့်ပေါင်းစုံမှ ကျယ်ကျယ်ပြန့်ပြန့် ကြည့်ရှုကိုင်တွယ်ဖြေရှင်းဆောင်ရွက်လျက်ရှိကြောင်း၊ (၂) နိုင်ငံ၏ သမိုင်းကြောင်း၊ ယဉ်ကျေးမှု၊ နောက်ခံအကြောင်းအရာနှင့် ပြဿနာ၏ ရှုပ်ထွေးနက်နဲမှုတို့ကို နားလည်ရန် အရေးကြီးသည့်အပြင် အစိုးရ၏ ရည်မှန်းချက်များ အောင်မြင်ရေးအတွက် သင့်လျော်သည့် အချိန်အတိုင်းအတာပေးရန် လိုအပ်ကြောင်း၊ (၃) ဆုံးဖြတ်ချက် မှန်ကန်စွာချမှတ်နိုင်ရေးအတွက် သတင်းအချက်အလက် မှန်ကန်တိကျမှုသည် အရေးပါကြောင်း၊ (၄) ရခိုင်ပြဿနာအပေါ် အပြုသဘောမဆောင်ချဲ့ကားပြောကြားမှု ပြုလုပ်ခြင်းသည် ပြဿနာကို ပိုမိုဆိုးရွားစေရေးအတွက် မီးလောင်ရာလေပင့် ပြုလုပ်ခြင်းဖြစ်ကြောင်း၊ (၅) အစိုးရ၏ ကတိကဝတ်ဖြစ်သည့် ငြိမ်းချမ်းပြီး သာယာဝပြောသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ပေါ်ပေါက်စေရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**သတင်းစဉ်**



# ကိုဗစ် – ၁၉ ရောဂါဆိုင်ရာ ညွှန်ကြားချက်များကို တစ်ဦးတစ်ယောက်ချင်းစီက စနစ်တကျ အသေအချာ လိုက်နာဆောင်ရွက်ခြင်းဖြင့် ကျော်လွှားကြပါစို့

သတင်းအဖွဲ့

ကိုဗစ်–၁၉ ရောဂါ ခံတ်ခွဲအတည်ပြုလူနာများ များပြားလာမှုနှင့်အတူ ရန်ကုန်တိုင်းဒေသကြီးအတွင်း လူနာများကို ပြုစုကုသပေးရန် စီစဉ်ထားရှိမှုများနှင့်ပတ်သက်ပြီး ဆေးတက္ကသိုလ် – ၁ (ရန်ကုန်)မှ ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာဇော်ဝေစိုးအား မြန်မာ့ရုပ်မြင်သံကြားမှ သတင်းအဖွဲ့က ဆက်သွယ်မေးမြန်းထားသည်များကို ပြန်လည်ဖော်ပြလိုက်ပါသည် –

**မေး။ ။ ရန်ကုန်တိုင်းဒေသကြီးအတွင်း ခံတ်ခွဲ အတည်ပြုလူနာတွေကို ဘယ်လိုစီမံဆောင်ရွက်နေတယ်ဆိုတာသိချင်ပါတယ် ခင်ဗျာ။**

ဖြေ။ ။ ရန်ကုန်မှာ လူနာအနေအထားက တစ်နေ့ကို Postive လူနာ ၂၀၀ – ၃၀၀ ထွက်ပေါ်လာတဲ့အတွက် ဒီလူနာ ၂၀၀ – ၃၀၀ ကို ပြုစုကုသဖို့၊ သူတို့ကို ထားရှိဖို့ ဆေးရုံနေရာတွေ လိုအပ်လာပါတယ်။

ဒါကြောင့် ဒဂုံဆိပ်ကမ်းမြို့နယ်မှာရှိတဲ့ ဆောက်လုပ်ပြီးစဖြစ်တဲ့ ရိုးမအိမ်ရာကို အခု ယာယီဆေးရုံအဖြစ်ဖွင့်လှစ်ထားပါတယ်။ ဒီနေရာက ရောဂါလက္ခဏာမပြင်းထန်တဲ့ လူနာတွေနဲ့ ရောဂါလက္ခဏာမရှိတဲ့ လူနာတွေကို ကုသတဲ့နေရာ ဖြစ်ပါတယ်။

ဒ့ါအပြင် လှိုင်တက္ကသိုလ်နယ်မြေထဲမှာ အရင်တုန်းက Facility Quarantine လုပ်ခဲ့တဲ့နေရာကို တက္ကသိုလ်ဆရာများအိမ်ရာစီမံကိန်းထဲက လွတ်နေတဲ့နေရာတွေမှာ လူနာ ၅၀၀ ထားရှိဖို့အတွက် စီစဉ်နေပါတယ်။ ဒီနေရာကို ရောဂါလက္ခဏာ မပြင်းထန်တဲ့လူနာတွေ၊ ရောဂါလက္ခဏာမရှိတဲ့လူနာတွေကို ထားတဲ့ဆေးရုံအဖြစ် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက လူအင်အားဖြည့်ဆည်းပေးထားပြီး ဖြစ်ပါတယ်။ စေတနာ့ဝန်ထမ်းတွေနဲ့ ကျွန်တော်တို့အပါအဝင် ခုနက လူအင်အားဖြည့်ထားတဲ့ အဲဒီနေရာကို လူနာ ၂၀၀ စတင်ပြီး ရွှေ့ဖို့အတွက် စီစဉ်နေပါတယ်။ အဲဒီနေရာကို ဆက်လက်တိုးချဲ့ပြီး လူနာ ၅၀၀ အထိ ထားဖို့စီစဉ်ထားပါတယ်။

ဒီနေရာမှာ လူနာပြည့်သွားရင် ကျွန်တော်တို့ သုဝဏ္ဏဘောလုံးအကယ်ဒမီကျောင်းမှာ လူနာ ၄၀၀ ထားဖို့ ပြင်ဆင်နေပါတယ်။ အဲဒီမှာက Tent Hospital ဖြစ်ပါတယ်။ ဒီအထဲမှာ ရေ၊ မီး၊ လေအေးပေးစက်နဲ့ လူနာတွေအတွက် တစ်ဦးချင်း အကန့်လိုက်နေထိုင်နိုင်အောင် စီစဉ်ထားပါတယ်။ နိုင်ငံတကာမှာ ဆောင်ရွက်နေတဲ့ နိုင်ငံတကာအဆင့်မီ ယာယီဆေးရုံတွေရဲ့ စနစ်နဲ့အညီ WHO ရဲ့ ညွှန်ကြားချက်တွေအတိုင်း တည်ဆောက်ထားတဲ့ Tent Hospital ဖြစ်ပါတယ်။ ဒါကို ရောဝတီဖောင်ဒေးရှင်းက တာဝန်ယူတည်ဆောက်ထားပါတယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက လူအင်အားနဲ့ ဆေးဝါးဖြည့်ဆည်းပေးပြီး ကျန်လိုအပ်ချက်တွေကို ရောဝတီဖောင်ဒေးရှင်းက ဖြည့်ဆည်းပေးကာ ဒါကို တည်ဆောက်ထားခြင်း ဖြစ်ပါတယ်။ သုဝဏ္ဏဘောလုံးအကယ်ဒမီကျောင်းက Tent Hospital ကို ဒဂုံဆိပ်ကမ်းမြို့နယ်က ရိုးမယာယီဆေးရုံနဲ့ လှိုင်တက္ကသိုလ်နယ်မြေထဲက Asymptomatic Hospital တို့မှာ လူနာပြည့်သွားရင် အသုံးပြုသွားမှာ ဖြစ်ပါတယ်။ လက်ရှိအနေအထားအရ နောက်ထပ်လည်း ထပ်ပြီး လိုအပ်ဦးမှာ ဖြစ်ပါတယ်။



ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာဇော်ဝေစိုး

ဒါကြောင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ ရိုးမယာယီဆေးရုံကို လူနာ ၂၀၀၀ အထိ တိုးချဲ့ကုသနိုင်အောင် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ အခုလိုအချိန်အတွက် ကြိုတင်စီစဉ်မထားခဲ့ရင် ဒီနေ့ဒီအချိန်မှာ ဒီလိုအလုပ်တွေကို လုပ်နိုင်မှာ မဟုတ်ပါဘူး။ ဒီလိုကြိုတင်မြော်မြင်ပြီး ပြင်ဆင်ထားတဲ့အတွက် အထူးကျေးဇူးတင်ပါတယ်။

**မေး။ ။ ခံတ်ခွဲအတည်ပြုလူနာတွေကို ရွှေ့ပြောင်းပို့ဆောင်ပေးနေမှုကို ရှင်းပြပေးပါဦးခင်ဗျာ။**

ဖြေ။ ။ ကိုဗစ်–၁၉ ရောဂါခံတ်ခွဲအတည်ပြုလူနာတွေကို ရွှေ့ပြောင်းတဲ့ သယ်ယူပို့ဆောင်ရေးက တကယ့်ကို အဓိကလုပ်ငန်းဖြစ်ပါတယ်။ လူနာ ၃၀၀ လောက်ကို တစ်ပြိုင်နက်တည်း၊ တစ်နေ့တည်း ရွှေ့ပြောင်းရတဲ့အလုပ်က လွယ်တဲ့အလုပ်ကိစ္စ မဟုတ်ပါဘူး။

ခံတ်ခွဲအတည်ပြုလူနာတွေ သယ်ယူနိုင်အောင်လို့ ကယ်ရီရာကားကြီးတွေကို WHO ရဲ့ ညွှန်ကြားချက်နဲ့အညီ ရှေ့နောက်ကာတာတွေ၊ လူနာတွေ အတင်အချလုပ်နိုင်အောင် Ambulance Bus အနေနဲ့ ကြိုတင်ပြင်ဆင်ထားတာ ကျွန်တော်တို့မှာ ၁၅ စီး ရှိပါတယ်။ အရင်တုန်းက လေးစီး အသုံးပြုခဲ့ပြီး အခု ၁၅ စီးလုံး အသုံးပြုပြီး သယ်ယူပို့ဆောင်နေပါတယ်။ ဒါကလည်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ ကြိုတင်ပြင်ဆင်ထားခြင်း ဖြစ်ပါတယ်။

အလားတူ ရန်ကုန်တိုင်းဒေသကြီးမှာ ခရိုင်နဲ့ မြို့နယ်တွေမှာရှိတဲ့ လူမှုရေးအသင်းအဖွဲ့အသီးသီးရဲ့ လူနာတင်ယာဉ်တွေကို စနစ်တကျနဲ့ အကျိုးရှိရှိ ကျွန်တော်တို့ အသုံးချနေပါတယ်။ အထူးသဖြင့် ဒီလူနာတင်ယာဉ်တွေဟာ ရပ်ကွက်/ ရပ်ရွာတွေထဲမှာ လူနာဘယ်နေရာမှာရှိတယ်ဆိုတဲ့ လိပ်စာကို အတိအကျသိပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဝန်ထမ်းတွေနဲ့ ပြည်သူ့ကျန်းမာရေးဝန်ထမ်းတွေ၊ ရပ်ရွာထွေ/အုပ်တို့နဲ့ပူးပေါင်းပြီး လူနာတွေကို သယ်ယူပို့ဆောင်ပေးနေတာက အထောက်အကူဖြစ်ပါတယ်။ သူတို့တွေအနေနဲ့ အချိန်မီ/ အချိန်ပြည့် ပူးပေါင်းပါဝင်ဆောင်ရွက်နေပါတယ်။

**မေး။ ။ ပြည်သူလူထုကို ဆရာ့အနေနဲ့ အသိပေးပြောကြားလိုတာရှိရင် ပြောပြပေးပါဦးခင်ဗျာ။**

ဖြေ။ ။ ပြည်သူလူထုအနေနဲ့ ဒီရက်ပိုင်းလေးကို သည်းခံပြီး စနစ်တကျ နေပေးကြပါ။ အာရုံစူးစိုက်ပြီး ကိုယ့်ကို ရောဂါမကူးအောင်၊ ကိုယ်က ရောဂါမကူးအောင် နေထိုင်ပေးကြပါ။ ဘတ်စ်ကားစီးတာကအစ စနစ်တကျ စီးဖို့လိုပါတယ်။ နှာခေါင်းစည်းတပ်ဖို့ လိုပါတယ်၊ နှာခေါင်းစည်းကို မေးစေ့မှာချိတ်ရမှာ မဟုတ်ပါဘူး။ တပ်ရမှာ ဖြစ်ပါတယ်။ လက်ဆေးရမယ်။ ယခုကားဂိတ်တွေမှာ လက်ဆေးဆပ်ပြာအဆီတွေကို အသုံးပြုဖို့ ထားပေးထားပါတယ်။ အဲဒါတွေကို သုံးကြပါ။ အသေအချာ လက်ကို လက်သန့်ဆေးရည်နဲ့ဆေးပါ၊ နှာခေါင်းစည်းတပ်ပါ။ ကားပေါ်မှာ စကားမပြောပါနဲ့။ တတ်နိုင်သမျှ သွားတာလာတာတွေကို လျှော့ပြီးနေကြမယ်။ တစ်ဦးနဲ့တစ်ဦး ပြောဆိုဆက်ဆံတာတွေကို လျှော့ပြီးနေကြမယ်ဆိုရင် ကူးစက်မှုနှုန်းကကျသွားမှာဖြစ်ပါတယ်။

အလားတူပဲ စက်ရုံအသီးသီးမှာ လုပ်ငန်းခွင်ဝင်ရောက်ကြတဲ့အခါတိုင်း ကိုဗစ် – ၁၉ ရောဂါဆိုင်ရာ သတ်မှတ်ချက်တွေနဲ့အညီ နေထိုင်လုပ်ကိုင်ကြပါ။ စက်ရုံ၊ အလုပ်ရုံတွေမှာ Social Distancing အပြည့်နဲ့နေပါ။ နှာခေါင်းစည်းကို သေချာအချိန်ပြည့်တပ်ထားပါ။

ထမင်းစားတဲ့အချိန်မှာ နှာခေါင်းစည်း ဖြုတ်ထားတာဖြစ်တဲ့အတွက် ရောဂါကူးစက်နိုင်ပါတယ်။ ဒါ ကြောင့် ထမင်းစားချိန်မှာ မျက်နှာချင်းဆိုင်ထိုင်ပြီး စုဖွဲ့စားသောက်တာမျိုး လုံးဝမလုပ်ပါနဲ့။ ကျွန်တော် အခုပြောပြပေးတဲ့ သတ်မှတ်ချက်တွေနဲ့အညီ စက်ရုံမှာသာမက အိမ်မှာလည်း အခုအတိုင်း နေဖို့လိုပါတယ်။ ဒါကြောင့် အိမ်ထဲမှာနေတဲ့ လှည်းနေလှေအောင်း မြင်းဇောင်းမကျန် ကလေးကနေစပြီး လူကြီးတွေအထိ ဘယ်နေရာမှာရှိရှိ၊ ဘယ်သူဖြစ်ဖြစ် ဆင်းရဲချမ်းသာမရွေး ဒီညွှန်ကြားချက်တွေကို လိုက်နာဖို့လိုပါတယ်။ ဒါတွေကို တစ်ဦးတစ်ယောက်ချင်းစီက ကျွန်တော်ပြောတဲ့အတိုင်း စနစ်တကျ အသေအချာ နှစ်ပတ်ခန့် နေထိုင်ခြင်းဖြင့် ဒီကိစ္စအောင်မြင်သွားမှာ ဖြစ်ပါတယ်။ ဒါကို ကျွန်တော် အထူးအလေးထားပြီး တိုက်တွန်းနှိုးဆော်ချင်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။ ။

- **ဘတ်စ်ကားစီးတာကအစ စနစ်တကျ စီးဖို့လိုပါတယ်။ နှာခေါင်းစည်းတပ်ဖို့ လိုပါတယ်၊ နှာခေါင်းစည်းကို မေးစေ့မှာ ချိတ်ရမှာ မဟုတ်ပါဘူး။ တပ်ရမှာ ဖြစ်ပါတယ်။ လက်ဆေးရမယ်။ အခုကားဂိတ်တွေမှာ လက်ဆေးဆပ်ပြာအဆီတွေကို အသုံးပြုဖို့ ထားပေးထားပါတယ်။ အဲဒါတွေကို သုံးကြပါ။ အသေအချာ လက်ကို လက်သန့်ဆေးရည်နဲ့ ဆေးပါ၊ နှာခေါင်းစည်းတပ်ပါ။ ကားပေါ်မှာ စကားမပြောပါနဲ့။ တတ်နိုင်သမျှ သွားတာလာတာတွေကို လျှော့ပြီးနေကြမယ်။ တစ်ဦးနဲ့တစ်ဦး ပြောဆိုဆက်ဆံတာတွေကို လျှော့ပြီးနေကြမယ်ဆိုရင် ကူးစက်မှုနှုန်းက ကျသွားမှာဖြစ်။**
- **အလားတူပဲ စက်ရုံအသီးသီးမှာ လုပ်ငန်းခွင်ဝင်ရောက်ကြတဲ့အခါတိုင်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတ်မှတ်ချက်တွေနဲ့အညီ နေထိုင်လုပ်ကိုင်ကြပါ။ စက်ရုံ၊ အလုပ်ရုံတွေမှာ Social Distancing အပြည့်နဲ့နေပါ။ နှာခေါင်းစည်းကို သေချာအချိန်ပြည့်တပ်ထားပါ။**
- **ထမင်းစားတဲ့အချိန်မှာ နှာခေါင်းစည်းဖြုတ်ထားတာဖြစ်တဲ့အတွက် ရောဂါကူးစက်နိုင်ပါတယ်။ ဒါကြောင့် ထမင်းစားချိန်မှာ မျက်နှာချင်းဆိုင်ထိုင်ပြီး စုဖွဲ့စားသောက်တာမျိုး လုံးဝမလုပ်ပါနဲ့။ ကျွန်တော် အခုပြောပြပေးတဲ့ သတ်မှတ်ချက်တွေနဲ့အညီ စက်ရုံမှာသာမက အိမ်မှာလည်း အခုအတိုင်း နေဖို့လိုပါတယ်။ ဒါကြောင့် အိမ်ထဲမှာနေတဲ့ လှည်းနေလှေအောင်းမြင်းဇောင်းမကျန် ကလေးကနေစပြီး လူကြီးတွေအထိ ဘယ်နေရာမှာ ရှိရှိ၊ ဘယ်သူဖြစ်ဖြစ် ဆင်းရဲချမ်းသာမရွေး ဒီညွှန်ကြားချက်တွေကို လိုက်နာဖို့လို။**

## COVID-19 Call Center ကို နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထား

နေပြည်တော် စက်တင်ဘာ ၁၅

COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြင့် ဆောင်ရွက်ရန်အတွက် COVID – 19 Call Center ကို ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာ လေးခု၊ Blue Ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID–19 Call Center (ဖုန်းနံပါတ် ၂၀၁၉) အား ဧပြီ ၈ ရက်မှစ၍ နံနက် ၈ နာရီမှ ည ၈ နာရီအထိ ဖွင့်လှစ်ခဲ့ပြီး ယခုအခါ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံဆရာဝန်အသင်းမှ စေတနာ့ဝန်ထမ်းဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဖွင့်လှစ်ထားရှိသည်။

သတင်းစဉ်

# သတ်မှတ်ချက်တွေကို လိုက်နာ



**ရန်ကုန်နဲ့ပတ်သက်ရင် အဓိကကတော့ အသွားအလာကန့်သတ်ဖို့ပါပဲ။ လူစုလူဝေးတွေ မဖြစ်ဖို့ပါပဲ။ အားလုံးကနေပြီးတော့ ခပ်ခွာခွာနေမယ်။ ကျွန်မတို့သတ်မှတ်ထားတဲ့ အင်မတန်မှလွယ်ကူပြီးတော့ ရှင်းလင်းတဲ့ စည်းမျဉ်းစည်းကမ်းတွေဖြစ်တဲ့ အပြင်သွားရင် နှာခေါင်းစည်းတပ်ပါ၊ လက်အိတ်ဝတ်ရမယ့်နေရာတွေမှာ လက်အိတ်ဝတ်ပါ၊ အနည်းဆုံးခြောက်ပေကွာပြီးတော့နေပါ ဆိုပြီးတော့ အဲဒီလို သတ်မှတ်ချက်တွေကို လိုက်နာမယ်ဆိုရင် လူတိုင်းလူတိုင်း၊ တစ်ယောက်ချင်းတစ်ယောက်ချင်းစီက လိုက်နာမယ်ဆိုရင် ကျွန်မတို့ ဒီရောဂါကို မြန်မြန်ထိန်းချုပ်သွားနိုင်မှာပါ။ နောက်တစ်ခုကလည်း ကျွန်မတို့ကနေပြီးတော့ လူစုလူဝေး မဖြစ်အောင်ဆိုပြီး စည်းမျဉ်းစည်းကမ်းတွေ သတ်မှတ်တဲ့နေရာမှာ ပြည်သူတွေရဲ့ အသက်မွေးဝမ်းကျောင်းကို ထိခိုက်တယ်ဆိုတာ ကျွန်မတို့ သတိပြုမိပါတယ်။ ဒါကြောင့်လည်း အစိုးရအနေနဲ့ တတ်နိုင်သမျှ ဒီလိုထိခိုက်တဲ့ ပြည်သူတွေကို ပံ့ပိုးနိုင်အောင်လည်း စီစဉ်ပါတယ်။ လုပ်လည်းလုပ်ပါတယ်။ ဆက်ပြီးတော့လည်း လိုအပ်သလို လုပ်သွားပါမယ်။**

(Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စက်တင်ဘာလ ၁၀ ရက်နေ့တွင် COVID-19 ရောဂါ ပြန့်ပွားမှုကို ထိထိရောက်ရောက် ထိန်းချုပ်နိုင်ရန် ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့် ညွှန်ကြားချက်များကို လိုက်နာရေး နှင့်စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၁၅-၉-၂၀၂၀) ရက်နေ့၊ နံနက်(၈:၀၀)နာရီ**

၁။ (၁၄-၉-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင်-

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်) (NHL)မှ ဒုတိယအသုတ် ဓာတ်ခွဲနမူနာ (၁,၀၉၀)ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဒုတိယအသုတ် ဓာတ်ခွဲနမူနာ (၄၄၀)ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်)မှ ဒုတိယအသုတ် ဓာတ်ခွဲနမူနာ (၁၉၅)ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့မှ ဓာတ်ခွဲနမူနာ (၂၁)ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ပုသိမ်မြို့မှ ဓာတ်ခွဲနမူနာ (၁၂)ခု
- ပြည်သူ့ဆေးရုံကြီး၊ ဘားအံမြို့မှ ဓာတ်ခွဲနမူနာ (၁၁)ခုနှင့်
- ရန်ကုန်မြို့၊ အမှတ်(၁) တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)မှ ဓာတ်ခွဲနမူနာ(၄၇၅)ခု၊

စုစုပေါင်း ဓာတ်ခွဲနမူနာ (၂,၂၄၄) ခုတို့အား ထပ်မံစစ်ဆေးပြီးစီးခဲ့ရာ

- COVID-19 ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် (၁၀၄) ဦးတွေ့ရှိပါသည်။

၂။ သို့ဖြစ်ရာ (၁၅-၉-၂၀၂၀) ရက်နေ့၊ နံနက်(၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၃,၂၉၉)ဦး ရှိပြီဖြစ်ပါသည်။

၃။ (၁၄-၉-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်) (NHL)မှ ဓာတ်ခွဲနမူနာ (၂,၁၀၁)ခု၊
- ဆေးသုတေသနဦးစီးဌာန(DMR) မှ ဓာတ်ခွဲနမူနာ (၂၈၄)ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မန္တလေး)မှ ဓာတ်ခွဲနမူနာ (၉၅၂) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်)မှ ဓာတ်ခွဲ နမူနာ (၄၄၅) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့မှ ဓာတ်ခွဲနမူနာ (၉၉)ခု၊
- နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင် ၁၀၀၀)မှ ဓာတ်ခွဲနမူနာ (၁၈) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မကွေးမြို့မှ ဓာတ်ခွဲနမူနာ (၁၁)ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ပြည်မြို့မှ ဓာတ်ခွဲနမူနာ (၈)ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မြိတ်မြို့မှ ဓာတ်ခွဲနမူနာ (၆)ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မြောင်းမြမြို့မှ ဓာတ်ခွဲနမူနာ (၅)ခု၊
- ပြည်သူ့ဆေးရုံကြီး၊ တောင်ငူမြို့မှ ဓာတ်ခွဲနမူနာ (၅)ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ဖန်းမော်မြို့မှ ဓာတ်ခွဲနမူနာ (၄)ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ထားဝယ်မြို့မှ ဓာတ်ခွဲနမူနာ (၁)ခု
- ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့မှ ဓာတ်ခွဲနမူနာ (၂၁)ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ဘားအံမြို့မှ ဓာတ်ခွဲနမူနာ (၁၁)ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ပုသိမ်မြို့မှ ဓာတ်ခွဲနမူနာ (၁၂)ခုနှင့်
- ရန်ကုန်မြို့၊ အမှတ်(၁) တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)မှ ဓာတ်ခွဲနမူနာ (၄၇၅)ခု၊

စုစုပေါင်း(၄,၄၅၈)ခုအား စစ်ဆေးခဲ့ခြင်းဖြစ်ပြီး COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ်(၂၈၄)ဦး တွေ့ရှိခဲ့ပါသည်။ (ဓာတ်ခွဲအတည်ပြုလူနာသစ်(၁၈၀)ဦး တွေ့ရှိခြင်းကို (၁၄-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီသတင်းတွင် ထုတ်ပြန်ပြီးဖြစ်ပါသည်။)

၄။ (၁၅-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီအချိန်အထိ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ(၃၂)ဦးရှိပြီ ဖြစ်ပါသည်။

၅။ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၈၄)ဦးနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို ဆက်လက်ထုတ်ပြန်ပေးသွားမည်ဖြစ်ပါသည်။

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေထုတ်ပြန်ချက်**
**(၁၅-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | |
|---|---|
| (၁၄-၉-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ဒုတိယအသုတ်) ဓာတ်ခွဲနမူနာ | (၁,၀၉၀) ခု |
| (၁၄-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ (ဒုတိယအသုတ်) ဓာတ်ခွဲနမူနာ | (၄၄၀) ခု |
| (၁၄-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ (ဒုတိယအသုတ်) ဓာတ်ခွဲနမူနာ | (၁၉၅) ခု |
| (၁၄-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး ကျောက်ဖြူမြို့မှ ဓာတ်ခွဲနမူနာ | (၂၁) ခု |
| (၁၄-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး ဘားအံမြို့မှ ဓာတ်ခွဲနမူနာ | (၁၁) ခု |
| (၁၄-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး ပုသိမ်မြို့မှ ဓာတ်ခွဲနမူနာ | (၁၂) ခု |
| (၁၄-၉-၂၀၂၀) ရက်နေ့တွင် ရန်ကုန်မြို့ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲနမူနာ | (၄၇၅) ခု |
| (၁၄-၉-၂၀၂၀) ရက်နေ့တွင် ထပ်မံစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၂,၂၄၄) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၁၀၄) ဦး |

**COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုအခြေအနေထုတ်ပြန်ချက်**
**(၁၅-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၁၀၄) ဦး | (၃,၂၉၉) ဦး |
| ဆေးရုံဆင်းခွင့် ရရှိသူ | (၀) ဦး | (၇၉၀) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၃၂) ဦး |

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# တောင်ဥက္ကလာပမြို့နယ်၌ ကိုဗစ်-၁၉ အတည်ပြုလူနာများနှင့် ထိတွေ့ခဲ့သူများအား မုနိဗမ္မာရုံနှစ်ထပ်ဆောင်၌ ထားရှိမည်

**ရန်ကုန် စက်တင်ဘာ ၁၅**

တောင်ဥက္ကလာပမြို့နယ်အတွင်း ကိုဗစ်-၁၉ အတည်ပြုလူနာများနှင့် အဓိကထိတွေ့ခဲ့သူများအား ယနေ့မှစ၍ ဥက္ကလာပဘုရားဝင်း သစ္စာတံတားအဆင်းရှိ မုနိဗမ္မာရုံနှစ်ထပ်ဆောင်၌ ထားရှိမည်ဖြစ်ကြောင်း တောင်ဥက္ကလာပမြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌဦးကျော်ဇေယျာဝင်းက ပြောသည်။

ယင်းသို့ ဆောင်ရွက်ခြင်းသည် ကန့်သတ်စောင့်ကြည့်စခန်းများ၌ ကိုဗစ်-၁၉ ရောဂါ စောင့်ကြည့်လူနာ များပြားလာမှုကြောင့် နေရာအခက်အခဲများ ဖြစ်ပေါ်လျက်ရှိရာ အဆိုပါ အခက်အခဲကို ကူညီဖြေရှင်းနိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြားမြို့နယ်များတွင်လည်း တစ်ပြိုင်နက် ဆောင်ရွက်လျက်ရှိကြောင်း ၎င်းက ပြောသည်။

**ဆောင်ရွက်**

"ကန့်သတ်စောင့်ကြည့်စခန်းတွေမှာ ပြည့်နေတဲ့အတွက် ကိုယ့်မြို့နယ်မှာ ထားဖို့စီစဉ်တာပါ။ နှာခေါင်း၊ အာခေါင်တို့ဖတ်ယူတာကိုတော့ ကျန်းမာရေးက လာယူပါမယ်။ ပိုးတွေ့သူတွေကို ဆေးရုံပို့မယ်။ မတွေ့ရင်တော့ ဒီမှာ ၁၄ ရက်ထားမယ်။ ဒီညကစပြီး ကျွန်တော်တို့ ဆောင်ရွက်မှာပါ"ဟု ဦးကျော်ဇေယျာဝင်းက ပြောသည်။

ကိုဗစ်-၁၉ အတည်ပြုလူနာများနှင့် အဓိက ထိတွေ့ခဲ့သူများအားထားရှိမည့် မုနိဗမ္မာရုံနှစ်ထပ်ဆောင်၏ အောက်ထပ်တွင် ခုတင်နှစ်လုံးပါ အခန်းတစ်ခန်းလျှင် နှစ်ဦးနှုန်းဖြင့် ၁၄ ခန်း၊ အပေါ်ထပ်ဟောခန်းတွင် ခြောက်ပေခြားဖြင့် လူ ၂၂ ဦး(အမျိုးသားများသာ)စုစုပေါင်း လူဦးရေအများဆုံး ၅၀ ထားရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

"လက်ရှိစာရင်းအရဆိုရင်တော့ နေရာက လောက်ပါတယ်။ ထပ်တိုးလာရင်လည်း နောက်ထပ် စာသင်ကျောင်းတစ်ကျောင်းကိုပြင်ဆင်ထားတာ ရှိပါတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

အဆိုပါ ဓမ္မာရုံ၌ ထားရှိမည့်သူများ နေထိုင်စားသောက်ရေး အဆင်ပြေစေရန်အတွက် သောက်ရေသန့်၊ အိပ်ရာ၊ ခြင်ထောင်၊ ခေါင်းအုံး၊ ဖုန်းအားသွင်းရန်နေရာ၊ Wifi၊ သန့်စင်ခန်း၊ ရေချိုးခန်း စသည်တို့ကို စီစဉ်ဆောင်ရွက်ပေးထားပြီး အစားအသောက်အတွက် ၁၄ ရက်စာကို အလှူရှင်များက လှူဒါန်းထားပြီးဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ပြန်လည်ဖြစ်ပွားလာမှုကြောင့် တောင်ဥက္ကလာပမြို့နယ်အတွင်း ကိုဗစ်-၁၉ အတည်ပြုလူနာဦးရေ ၁၃၀ ကျော်နှင့် သေဆုံးလူနာ နှစ်ဦးရှိပြီဖြစ်ကြောင်း တောင်ဥက္ကလာပမြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဇေယျာဝင်းက ပြောသည်။

**အေးမင်းသူ**

# ကိုဗစ်-၁၉ နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ထုတ်ပြန်ချက်

## ထုတ်ပြန်ချက် အမှတ် (၁၂/ ၂၀၂၀)

၁။ ကိုဗစ်-၁၉ ပြန့်ပွားမှုကို ထိန်းချုပ်တားဆီးရန်အတွက် နိုင်ငံတကာ အသိုင်းအဝိုင်းမှ ချီးကျူးအားပေးမှုကိုရရှိခဲ့သော နိုင်ငံတော်အစိုးရ၏ စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်မှုနှင့် ထိရောက်မှုရှိသော ဆောင်ရွက်မှုများကို မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က သတင်းထုတ်ပြန်ချက် အမှတ် (၅/၂၀၂၀) ထုတ်ပြန်၍ အသိအမှတ်ပြု အားပေးထောက်ခံခဲ့ပါသည်။ သို့ရာတွင် ဩဂုတ်လလယ်ပိုင်းတွင် ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်မှုများ နိုင်ငံအတွင်း ပြန်လည်ဖြစ်ပွားခဲ့ခြင်းကြောင့် ပြည်သူများအကြား စိုးရိမ်ပူပန်မှုများ မြင့်တက်လာခဲ့ပါသည်။ ထို့ပြင် လက်ရှိကူးစက်ပြန့်ပွားမှုများသည် ယခင်ကထက် ပိုမိုမြန်ဆန်လာမှုကလည်း သတိပြုဖွယ်ဖြစ်လာပါသည်။ ပြည်သူများ၏ စိုးရိမ်ပူပန်မှုများနှင့်စပ်လျဉ်း၍ နိုင်ငံတော်အစိုးရ၏ အားသစ်မာန်သစ်ဖြင့် တိကျပြတ်သားသော လုပ်ဆောင်ချက်များနှင့် ကိုင်တွယ်ဖြေရှင်းဆောင်ရွက်မှုကို ကြားသိရသည့်အတွက် ကော်မရှင်အနေဖြင့် များစွာဝမ်းမြောက်အားရဖြစ်မိပါသည်။ မည်သူ့ကိုမျှချန်မထားဟူသည့် မူဝါဒနှင့်အညီ ကိုဗစ်-၁၉ ကပ်ရောဂါနှင့်စပ်လျဉ်း၍ နိုင်ငံတော်အစိုးရ၏ တုံ့ပြန်ဆောင်ရွက်မှုများသည် ခွဲခြားဆက်ဆံမှုများ အလျှင်းမရှိကြောင်း တွေ့မြင်ရပါသည်။ သို့ရာတွင် ကိုဗစ်-၁၉ ကပ်ရောဂါသည် သက်ကြီးရွယ်အိုများ၊ ရောဂါအခံရှိသူများ၊ မသန်စွမ်းသူများ၊ လူနည်းစုအုပ်စုများ၊ ဝေးလံခက်ခဲသော နေရာဒေသများတွင် နေထိုင်သူများနှင့် ထိန်းသိမ်းခံထားရသူများကဲ့သို့သော အချို့သော အုပ်စုများနှင့် လူပုဂ္ဂိုလ်များအပေါ်တွင်လည်း သက်ရောက်မှုရှိသဖြင့် အဆိုပါအုပ်စုများနှင့် လူပုဂ္ဂိုလ်များအပေါ်တွင်လည်း နိုင်ငံတော်အစိုးရ၏ တုံ့ပြန်ဆောင်ရွက်မှုများတွင် ကွဲပြားခြားနားသည့် လုံလောက်သော အထူးအစီအမံများကို လိုက်လျောညီထွေစွာ စီစဉ်ဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ပါသည်။ ဥပမာအားဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားသည့် ကာလအတွင်း အမျိုးသမီးများအတွက်လည်း သီးသန့်လိုအပ်ချက်များ ရှိပါသည်။ မြန်မာနိုင်ငံတွင် ကန့်သတ်ထားရှိမှုများနှင့် ပိတ်ဆို့မှုများ ဆောင်ရွက်ထားစဉ်ကာလအတွင်း အထည်ချုပ်ကဏ္ဍ၌ အလုပ်အကိုင်များ ဆုံးရှုံးသွားခြင်းကြောင့် အမျိုးသမီးများအတွက် သိသာသော ငွေကြေးဆုံးရှုံးသက်ရောက်မှုများ ဖြစ်ပေါ်စေပြီး ၎င်းတို့အတွက် ပိုမိုခက်ခဲ ကျပ်တည်းလာစေနိုင်ပါသည်။

၂။ သတင်းအချက်အလက်များ လက်လှမ်းမီသိရှိနိုင်ရေးသည်လည်း ကိုဗစ်-၁၉ ကပ်ရောဂါကို တားဆီးကာကွယ်ရာတွင် အရေးကြီးသည့်အချက်ဖြစ်ပါသည်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်များ၏ ကာကွယ်တားဆီးရေး အစီအမံများ၊ တစ်ကိုယ်ရေသန့်ရှင်းကျန်းမာရေးအတွက် လိုက်နာကျင့်သုံးရမည့်အချက်များနှင့် အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်သော ညွှန်ကြားချက်များအပါအဝင် နိုင်ငံတော်အစိုးရက ကိုဗစ်-၁၉ ကပ်ရောဂါနှင့်ပတ်သက်၍ သတင်းအချက်အလက်များ ထုတ်ပြန်ခြင်းတို့သည် လမ်းကြောင်းမှန်သို့ရောက်ရှိရေးအတွက် အရေးကြီးသော လုပ်ဆောင်မှုများဖြစ်ပါသည်။

၃။ နိုင်ငံတော်အစိုးရအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါ ပြန့်ပွားမှု ထိန်းချုပ်နိုင်ရန်နှင့် ရပ်တန့်စေရန်အတွက် လုပ်ဆောင်နိုင်သမျှအားလုံးကို ကြိုးပမ်းလုပ်ဆောင်ရာတွင် အောက်ခြေအဖွဲ့အစည်းများက စိုးရိမ်မှုလွန်ကဲပြီး ရပ်ကွက်အတွင်း လမ်းသွယ်များပိတ်ဆို့ခြင်းကို လူမှုကွန်ရက်စာမျက်နှာများတွင် တွေ့မြင်ရခြင်းသည် စိတ်မချမ်းမြေ့မှုများကို ဖြစ်ပေါ်စေပါသည်။ ကိုဗစ်-၁၉ ဆိုင်ရာ အမိန့်နှင့် ညွှန်ကြားချက်များကို ပြည်သူအများက ကြည်ဖြူစွာ လိုက်နာစေရန် အောက်ခြေတာဝန်ရှိသူများက ကိုဗစ်-၁၉ ဆိုင်ရာ ညွှန်ကြားချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်။ လက်ရှိအချိန်တွင် ပြည်သူများအနေဖြင့် ဖြစ်နိုင်သမျှ အချိန်တိုကာလအတွင်း ကိုဗစ်-၁၉ ကပ်ရောဂါ အကျပ်အတည်းကို ကျော်လွှားနိုင်ရန်အတွက် အပြည့်အဝ ပူးပေါင်းဆောင်ရွက်မှုစိတ်ဓာတ်ဖြင့် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်များနှင့် ညွှန်ကြားချက်များကို တိတိကျကျလိုက်နာရန် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က တိုက်တွန်းပါသည်။

၄။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါကို ကာကွယ်တားဆီး ဖြေရှင်းဆောင်ရွက်ရန်အတွက် နိုင်ငံတော်အစိုးရ၏ စဉ်ဆက်မပြတ် ကြိုးပမ်းအားထုတ်မှုများကို အပြည့်အဝ ဆက်လက်အားပေးထောက်ခံလျက်ရှိပြီး ကိုဗစ်-၁၉ ကပ်ရောဂါ ကာလအတွင်း မြန်မာနိုင်ငံအတွင်းရှိ လူသားအားလုံး၏ လူ့အခွင့်အရေးများ ကာကွယ်စောင့်ရှောက်မှုကိုလည်း လုပ်ဆောင်သွားမည်ဖြစ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁၅ ရက်

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၁၅-၉-၂၀၂၀) ရက်နေ့၊ ညနေ (၃:၀၀) နာရီ**

၁။ (၁၄-၉-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲစစ်ဆေးခဲ့သော နမူနာစုစုပေါင်း (၄,၄၅၈) ခုအနက် အတည်ပြုလူနာ (၂၈၄) ဦး တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြုလူနာ (ဦးရေ) |
|---|---|---|---|
| ၁ | ရန်ကုန်တိုင်းဒေသကြီး | သင်္ဃန်းကျွန်းမြို့နယ် | ၁၆ |
| | | အင်းစိန်မြို့နယ် | ၁၄ |
| | | လှိုင်မြို့နယ် | ၁၁ |
| | | သာကေတမြို့နယ် | ၁၁ |
| | | ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် | ၁၁ |
| | | ရွှေပြည်သာမြို့နယ် | ၁၁ |
| | | ဒေါပုံမြို့နယ် | ၁၀ |
| | | တောင်ဥက္ကလာပမြို့နယ် | ၉ |
| | | ရန်ကင်းမြို့နယ် | ၉ |
| | | တာမွေမြို့နယ် | ၉ |
| | | မင်္ဂလာဒုံမြို့နယ် | ၇ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် | ၇ |
| | | စိုက်ကြီးခနောင်တိုတောင်မြို့နယ် | ၇ |
| | | ကမာရွတ်မြို့နယ် | ၇ |
| | | ပန်းဘဲတန်းမြို့နယ် | ၇ |
| | | လမ်းမတော်မြို့နယ် | ၇ |
| | | ဒဂုံမြို့နယ် | ၆ |
| | | ပုဇွန်တောင်မြို့နယ် | ၆ |
| | | ဒလမြို့နယ် | ၆ |
| | | မြောက်ဥက္ကလာပမြို့နယ် | ၅ |
| | | မရမ်းကုန်းမြို့နယ် | ၅ |
| | | ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် | ၄ |
| | | သန်လျင်မြို့နယ် | ၄ |
| | | တွံတေးမြို့နယ် | ၄ |
| | | ဗဟန်းမြို့နယ် | ၄ |
| | | စမ်းချောင်းမြို့နယ် | ၃ |
| | | ဒဂုံဆိပ်ကမ်းမြို့နယ် | ၂ |
| | | မင်္ဂလာတောင်ညွန့်မြို့နယ် | ၂ |
| | | ဆိပ်ကြီးခနောင်တို | ၂ |
| | | ကျောက်တံတားမြို့နယ် | ၂ |
| | | အလုံမြို့နယ် | ၁ |
| | | လသာမြို့နယ် | ၁ |
| | | ကော့မှူးမြို့နယ် | ၁ |
| | | မှော်ဘီမြို့နယ် | ၁ |
| ၂ | နေပြည်တော် | ဇမ္ဗူသီရိမြို့နယ် | ၈ |
| ၃ | မန္တလေးတိုင်းဒေသကြီး | ပျော်ဘွယ်မြို့နယ် | ၁ |
| | | ကျောက်ဆည်မြို့နယ်** | ၁ |
| | | ချမ်းအေးသာစံမြို့နယ် | ၁ |
| | | ချမ်းမြသာစည်မြို့နယ် | ၁ |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး | ကလေးမြို့နယ်* | ၂ |
| | | ဘုတလင်မြို့နယ်* | ၁ |
| ၅ | ရခိုင်ပြည်နယ် | စစ်တွေမြို့နယ် | ၄၄ |
| | | ကျောက်ဖြူမြို့နယ် | ၁ |
| ၆ | မွန်ပြည်နယ် | မော်လမြိုင်မြို့နယ် | ၅ |
| ၇ | တနင်္သာရီတိုင်းဒေသကြီး | မြိတ်မြို့နယ် | ၂ |
| ၈ | ပဲခူးတိုင်းဒေသကြီး | ကျောက်တံခါးမြို့နယ် | ၁ |
| | | ပဲခူးမြို့နယ် | ၁ |
| ၉ | ဧရာဝတီတိုင်းဒေသကြီး | ဖျာပုံ/ပုသိမ်မြို့နယ် | ၂ |
| | | ဓနုဖြူ | ၁ |
| | စုစုပေါင်း | | ၂၈၄ |

* မြို့နယ်များမှ (Stay at Home) သတ်မှတ်ထားသော မြို့နယ်များသို့ ခရီးသွားရာဇဝင်ရှိပါသဖြင့် အသွားအလာကန့်သတ်ထားရှိပါသည်။

** ပြည်ပခရီးသွားရာဇဝင်ရှိသဖြင့် အသွားအလာကန့်သတ်ထားရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**



# ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ ပြည်သူတွေရဲ့ ပူးပေါင်းပါဝင်မှုတွေ ရှိလာတဲ့အတွက် လာမယ့်ရက်သတ္တ သုံးပတ်လောက်မှာ ကိုဗစ်-၁၉ ရောဂါနဲ့ပတ်သက်ပြီး ထိန်းချုပ်နိုင်မယ့် အခြေအနေတစ်ခုကို ရလာမယ်လို့ ယုံကြည်ပါတယ်။

## ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း

ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု ထိန်းချုပ်နိုင်ရေး အတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာနတို့ ပူးပေါင်းကာ ကြိုးပမ်းဆောင်ရွက် လျက်ရှိသည်။

သို့ဖြစ်၍ ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ဆေးတက္ကသိုလ်(၁) ရန်ကုန် ပါမောက္ခချုပ် ဒေါက်တာဇော်ဝေစိုး တို့၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို တင်ပြလိုက်ပါသည်-


ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း


ဆေးတက္ကသိုလ်(၁)ရန်ကုန် ပါမောက္ခချုပ် ဒေါက်တာဇော်ဝေစိုး

**ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း**

ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ ကိုဗစ်-၁၉ ကူးစက်နေမှုအခြေအနေ တိုးမြင့်လာတဲ့ကာလတစ်ခုကို ဖြတ်သန်းခဲ့ရပါတယ်။ တစ်နေ့တစ်နေ့မှာ ၂၀၀ ကျော်လောက်အထိ ကူးစက်မှုတွေ ရှိခဲ့ပါတယ်။ ဒါကြောင့် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်နိုင်ဖို့အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနဲ့ ပူးပေါင်းပြီး ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံနေရတဲ့ အတည်ပြုလူနာတွေ၊ ကူးစက်မှုနဲ့ ဆက်နွှယ်နေတဲ့ သူတွေကို Quarantine စင်တာတွေမှာထားရှိနိုင်ဖို့ ကိစ္စရပ်တွေကို ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။ တစ်ဖက်မှာလည်း ကျွန်တော်တို့ တိုင်းဒေသကြီးအတွင်း စီးပွားရေး၊ လူမှုရေး ကဏ္ဍတွေကို တည်ငြိမ်အေးချမ်းစေဖို့အတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။ ဒီအခြေအနေကို တည်ငြိမ်စေဖို့အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ ပြည်ထောင်စုဝန်ကြီးဌာနများအားလုံးနဲ့ ပူးပေါင်းပြီးတော့ ကျွန်တော်တို့တိုင်းရဲ့ စီးပွားရေး၊ လူမှုရေး ကဏ္ဍတွေ တည်ငြိမ်ဖို့ ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းအားထုတ်နေတယ်ဆိုတာကို ပြောကြားလိုပါတယ်။

ကိုဗစ် - ၁၉ ရောဂါနဲ့ပတ်သက်ရင် ကိုဗစ်-၁၉ရောဂါ ကာကွယ်၊ ထိန်းချုပ် ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီရဲ့ ညွှန်ကြားချက်တွေကို တိုင်းဒေသကြီးအတွင်းမှာ တိတိကျကျ လိုက်နာဆောင်ရွက်နိုင်ဖို့အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ ကြပ်မတ်ဆောင်ရွက်နေပါတယ်။ ဒီကြပ်မတ်ဆောင်ရွက်မှုတွေအားလုံးဟာ ပြည်သူလူထုကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်နိုင်ဖို့၊ ကုသပေးနိုင်ဖို့၊ ထိန်းချုပ်နိုင်ဖို့အတွက် ကြိုးပမ်းဆောင်ရွက်မှုပဲဖြစ်ပါတယ်။ ဒီကြိုးပမ်းဆောင်ရွက်မှုအပေါ်မှာ ပူးပေါင်းကူညီဆောင်ရွက်ကြတဲ့ သူတွေအားလုံးကိုလည်း အထူးပဲ ကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။ ဒီပူးပေါင်းဆောင်ရွက်မှုမှာ ပြည်သူတွေရဲ့ ပါဝင်ဆောင်ရွက်မှုဟာ အလွန်အင်မတန် အရေးကြီးပါတယ်။ ရန်ကုန်တိုင်းဒေသကြီး အတွင်းမှာ ပြည်သူတွေရဲ့ ပူးပေါင်းပါဝင်မှုတွေ ရှိလာတဲ့အတွက် လာမယ့်ရက်သတ္တ သုံးပတ်လောက်မှာ ကိုဗစ်-၁၉ ရောဂါနဲ့ ပတ်သက်ပြီး ထိန်းချုပ်နိုင်မယ့် အခြေအနေတစ်ခုကို ရလာမယ်လို့ ယုံကြည်ပါတယ်။ ဒီအခြေအနေအတွက်လည်း ပြည်သူအားလုံးကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ပေးပါလို့ တိုက်တွန်းလိုပါတယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနဘက်က ညွှန်ကြားချက်ဖြစ်တဲ့ Stay at Home အစီအစဉ်တွေကို တိတိကျကျ လိုက်နာဆောင်ရွက်စေချင်ပါတယ်။ အပြင်ကို မလိုအပ်ဘဲ ထွက်တာမျိုး မပြုလုပ်ကြဖို့နဲ့ လက်ဆေးဖို့၊ အကာကွယ်တွေ ဝတ်ဆင်ဖို့၊ Maskတွေ ဝတ်ထားကြဖို့၊ ဒီအစီအစဉ်တွေကို ပြည်သူတစ်ဦးချင်းစီက လိုက်နာဆောင်ရွက်သွားကြမယ်ဆိုရင် ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ ကူးစက်ရောဂါကို ထိန်းချုပ်နိုင်ဖို့ အခြေအနေတစ်ခု ရရှိမှာဖြစ်ပါတယ်။

**ပြည်သူတွေရဲ့ စိုးရိမ်ပူပန်မှုကို အစိုးရဘက်ကနေ ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနဲ့ ပူးပေါင်းပြီး ကြိုးပမ်းဆောင်ရွက်နေပါတယ်။ ဒါနဲ့ပတ်သက်ပြီး ကျွန်တော်တို့ တိုင်းကျန်းမာရေးကုသရေးပိုင်းဆိုင်ရာနဲ့ ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းရေးကော်မတီတွေ ဖွဲ့စည်းပြီး နေ့စဉ်နဲ့ အမျှ အစည်းအဝေးတွေပြုလုပ်ကာ ဒီအခြေအနေကို ထိန်းနိုင်ဖို့အတွက် ကြိုးပမ်းနေပါတယ်။ အခုအခြေအနေမှာတော့ တိုးတက်တဲ့ ဖြစ်စဉ်တွေ ရရှိနေပြီလို့ ပြောလို့ရပါတယ်။ ဒါကြောင့်မို့လို့ ပြည်သူလူထုတစ်ရပ်လုံး အနေနဲ့ လက်ရှိဖြစ်ပေါ်နေတဲ့ အခြေအနေပေါ်မှာ စိတ်အေးအေး ထားပြီးတော့ သတိရှိရှိနဲ့ နေထိုင်ကြဖို့ လိုပါတယ်။ အစိုးရိမ်မလွန်ကဲဖို့ ပြောကြားလိုပါတယ်။ ဖြစ်နေတဲ့ အခြေအနေကို ပြည်သူတစ်ရပ်လုံးက ကျန်းမာရေးအသိနဲ့ ပူးပေါင်းပါဝင်ကူညီကြမယ်ဆိုရင် ဒီအခြေအနေ တွေအားလုံးကို ကျော်ဖြတ်သွားနိုင်မှာ ဖြစ်ပါတယ်။**

ဒါ့အပြင် အခုရှိနေတဲ့ ကုသရေးစင်တာတွေဟာ မလုံလောက်တော့ဘူးလို့ ပြောကြားနေတဲ့ သတင်းတွေကိုလည်း ကြားနေရပါတယ်။ ကုသရေးစင်တာတွေနဲ့ ပတ်သက်ပြီးတော့ ဝေဘာဂီမှာ ဆောင်ရွက်နေတာ ရှိပါတယ်။ တောင်ဥက္ကလာပမှာ ဆောင်ရွက်နေတာရှိပါတယ်။ ဖောင်ကြီး ကိုဗစ်-၁၉ ကုသရေးစင်တာမှာ ဆောင်ရွက်နေတာ ရှိပါတယ်။ ဒီကုသရေးစင်တာတွေမှာ ထားရှိနိုင်မယ့်အခြေအနေ ထပ်မံရှိပါသေးတယ်။ ဖောင်ကြီးမှာရှိတဲ့ ကိုဗစ်-၁၉ ကုသရေးစင်တာဟာ လက်ရှိအခြေအနေမှာ တက်ရောက်နေတဲ့သူ ၈၄၃ ဦး ဖြစ်ပါတယ်။ ဖောင်ကြီး ကိုဗစ်-၁၉ စင်တာဟာ ၁၂၂၀ လက်ခံနိုင်တဲ့ ကုသရေးစင်တာဖြစ်ပါတယ်။ ထပ်မံလက်ခံနိုင်တဲ့ အခြေအနေရှိပါသေးတယ်။ ဝေဘာဂီ ဆေးရုံမှာ ၆၇ ဦး ကုသမှုခံယူနေပါတယ်။ တောင်ဥက္ကလာပဆေးရုံမှာ ၄၃ ဦး ရှိပါတယ်။ ဒါ့အပြင် ဒဂုံဆိပ်ကမ်းမြို့နယ်မှာရှိတဲ့ ရိုးမရိပ်သာကိုလည်း ကုသရေးအတွက် အသုံးပြုဖို့ ပြင်ဆင်နေပါတယ်။ တစ်ဖက်မှာ Quarantine စင်တာ ဆောင်ရွက်နေပါတယ်။ တစ်ဖက်မှာလည်း ကုသရေးအတွက် ရိုးမရိပ်သာမှာ ဆောင်ရွက်ဖို့ ပြင်ဆင်ထားပါတယ်။ ရိုးမရိပ်သာရဲ့ အခြေအနေကလည်း အများကြီး လက်ခံနိုင်တဲ့ အခြေအနေရှိပါတယ်။ လက်ရှိအချိန်မှာ ရိုးမရိပ်သာမှာ အတည်ပြုလူနာနဲ့ ဆက်စပ်နေတဲ့ လူနာတွေကို Quarantine ထားတာ ၁၂၀၆ ဦးရှိပါတယ်။ ရိုးမရိပ်သာမှာပဲ Positive ဖြစ်တဲ့ အတည်ပြုလူနာ ၂၇၂ ဦး ကိုလည်း ထားရှိထားပါတယ်။ ဒါ့အပြင် ထပ်မံလက်ခံနိုင်တဲ့ အဆောက်အအုံ ၁၃လုံး ရှိသေးတာဖြစ်တဲ့အတွက် လူဦးရေ ၁၇၅၆ ဦး ထပ်မံလက်ခံနိုင်တဲ့အခြေအနေ ရိုးမရိပ်သာမှာ ရှိပါတယ်။ လုံလောက်တဲ့အခြေအနေ ရှိပါတယ်။ ဒါ့အပြင် လှိုင် Quarantine စင်တာကိုလည်း Positive လူနာတွေကို ထပ်မံထားနိုင်ဖို့ ပြင်ဆင်နေပါတယ်။ လှိုင် Quarantine စင်တာက ဝင်ဆံ့နိုင်တဲ့ အခြေအနေက လူဦးရေ ၁၆၀၀ လောက်ရှိပါတယ်။ အခုလက်ခံထားတဲ့လူဦးရေ ၅၉၃ ဦးပဲ ရှိပါသေးတယ်။ ထပ်မံပြီးတော့ ၁၀၆၇ ဦးလောက် လက်ခံနိုင်တဲ့အခြေအနေ ရှိနေပါတယ်ဆိုတာ အသိပေးပြောကြားလိုပါတယ်။

ဘာကြောင့်လဲဆိုရင် ပြည်သူတွေရဲ့ စိုးရိမ်ပူပန်မှုကို အစိုးရဘက်ကနေ ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနဲ့ ပူးပေါင်းပြီး ကြိုးပမ်းဆောင်ရွက်နေပါတယ်။ ဒါနဲ့ပတ်သက်ပြီး ကျွန်တော်တို့ တိုင်းကျန်းမာရေး ကုသရေးပိုင်းဆိုင်ရာနဲ့ ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းရေးကော်မတီတွေ ဖွဲ့စည်းပြီး နေ့စဉ်နဲ့အမျှ အစည်းအဝေးတွေပြုလုပ်ကာ ဒီအခြေအနေကို ထိန်းနိုင်ဖို့အတွက် ကြိုးပမ်းနေပါတယ်။ အခုအခြေအနေမှာတော့ တိုးတက်တဲ့ ဖြစ်စဉ်တွေ ရရှိနေပြီလို့ ပြောလို့ရပါတယ်။ ဒါကြောင့်မို့လို့ ပြည်သူလူထုတစ်ရပ်လုံးအနေနဲ့ လက်ရှိဖြစ်ပေါ်နေတဲ့ အခြေအနေပေါ်မှာ စိတ်အေးအေးထားပြီးတော့ သတိရှိရှိနဲ့ နေထိုင်ကြဖို့ လိုပါတယ်။ အစိုးရိမ်မလွန်ကဲဖို့ ပြောကြားလိုပါတယ်။ ဖြစ်နေတဲ့ အခြေအနေကို ပြည်သူတစ်ရပ်လုံးက ကျန်းမာရေးအသိနဲ့ ပူးပေါင်းပါဝင်ကူညီကြမယ်ဆိုရင် ဒီအခြေအနေတွေအားလုံးကို ကျော်ဖြတ်သွားနိုင်မှာ ဖြစ်ပါတယ်။ လက်ရှိတိုင်းဒေသကြီးအတွင်းမှာ Quarantine အနေနဲ့ ၃၁ ခုရှိပါတယ်။ လက်ရှိမှာ ထားရှိနိုင်တဲ့ အရေအတွက်ထက်ပိုတဲ့ အခန်းအရေအတွက်တွေ ထားနိုင်တဲ့အနေအထားရှိနေသေးတယ်။

**ဆေးတက္ကသိုလ်(၁) ရန်ကုန် ပါမောက္ခချုပ် ဒေါက်တာဇော်ဝေစိုး**

ကျွန်တော်က ရန်ကုန်တိုင်းဒေသကြီး ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသ ပေါင်းစပ်ညှိနှိုင်းအဖွဲ့က ဒုတိယဥက္ကဋ္ဌ ဖြစ်ပါတယ်။ ဒီအဖွဲ့က ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ အခုလိုမျိုး ကိုဗစ်-၁၉ ရောဂါတွေ ဖြစ်ပွားလာတဲ့အချိန်မှာ အချိန်နဲ့တစ်ပြေးညီ ပေါင်းစပ်ညှိနှိုင်းနိုင်ဖို့ ဖွဲ့စည်းလိုက်တဲ့ အဖွဲ့အစည်းဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး အနေအထားကိုကူညီဖို့ သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးက ဆရာဝန်၊ ဆရာမတွေလည်း ရောက်ရှိနေပါတယ်။ မန္တလေးတိုင်းဒေသကြီးက ၂၀၊ မကွေးတိုင်းဒေသကြီးက ၂၀၊ ကယားပြည်နယ်က ၂၀ နဲ့ ဧရာဝတီတိုင်းဒေသကြီးက ၂၀ ရောက်ရှိနေပြီ ဖြစ်ပါတယ်။ ဒီမှာရှိနေတဲ့ ဆရာဝန်၊ ဆရာမတွေကို အင်အားဖြည့်ဖို့ ရောက်ရှိနေတာဖြစ်ပါတယ်။

ပြည်သူတွေအနေနဲ့ လွန်ခဲ့တဲ့အပတ်ကနဲ့စာရင် ဒီအပတ်မှာ Mask တွေ တပ်လာတာတွေ့ရပါတယ်။ အသွားအလာ လျော့သွားတာတွေ့ရပါတယ်။ စည်းကမ်းလိုက်နာကြတယ်။ လူစုလူဝေးတွေ မလုပ်ကြဘူး။ တစ်ယောက်နဲ့တစ်ယောက် ဝေးဝေးခွာခွာ နေကြတယ်။ ဝိုင်းဖွဲ့ပြီး စကားပြောတာ စားတာသောက်တာ မတွေ့ရဘူး။ ဒီလိုမျိုး နှစ်ပတ် သုံးပတ်လောက်သာ တိတိကျကျ နေလိုက်ရင် ရန်ကုန်ကို ထိန်းချုပ်နိုင်မှာ ဖြစ်ပါတယ်။ ဒီလိုနေထိုင်ဆောင်ရွက်ခြင်းက တစ်ယောက်ချင်း တစ်ဦးချင်းဆီက လူတွေရဲ့ အသက်ကို ကယ်နေခြင်းပဲဖြစ်ပါတယ်။ တစ်ဦးချင်း တစ်ယောက်ချင်းစီ အခုလိုမျိုး လိုက်နာဆောင်ရွက်နေခြင်းဟာ ဆေးကုသနေခြင်းနဲ့ တူပါတယ်။ လူနာနဲ့ဆရာဝန် အင်အားမမျှဘူးဆိုတာ မဟုတ်ပါဘူး။ ကျန်တဲ့ရောဂါတွေ ကုသဖို့ ဆေးရုံကို လာရောက်မှု နည်းသွားပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေက ပါဝင်ကူညီတဲ့အတွက် အင်အားအပြည့် ရှိပါတယ်။ လူနာနဲ့ ဆရာဝန် အင်အားမျှတပါတယ်။ ဖောင်ကြီးမှာရော၊ ဝေဘာဂီမှာရော၊ တောင်ဥက္ကလာပမှာရော အင်အားအပြည့်ရှိပါတယ်။ ကုသမှုအပိုင်းမှာ ဆုံးဖြတ်ချက်တွေမှန်အောင် စီစဉ်ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။

ဒီရောဂါက ကျန်းမာတဲ့ ငယ်ရွယ်သူတွေ အပိုအင်အားရှိတဲ့သူတွေကို မတိုက်ခိုက်နိုင်ပါဘူး။ ဒါပေမယ့် အပိုအင်အားမရှိတဲ့ ကိုယ်ရဲ့ကိုယ်ခံအား အခြေအနေနဲ့ အတိအကျသွားနေတဲ့သူတွေကို ထပ်မံတိုက်ခိုက်လာနိုင်ပါတယ်။ အဲဒီလိုမျိုး အပိုဆောင်းမရှိတဲ့ သူတွေကို ကာကွယ်ဖို့လိုပါတယ်။ ဒီလို ကာကွယ်နိုင်ဖို့ အားလုံးဝိုင်းဝန်းကြိုးစားနေကြခြင်း ဖြစ်ပါတယ်။ ဒါကြောင့် အသက်ကြီးတဲ့သူတွေ ကိုယ်ခံအားနည်းနေတဲ့သူတွေ၊ ရောဂါအခံရှိနေတဲ့သူတွေ၊ ဒုက္ခမရောက်ရဖို့ အားလုံးဝိုင်းဝန်းဆောင်ရွက်ကြဖို့ လိုပါတယ်။

**စုစည်းတင်ပြ-မင်းသစ်(MNA)**
**ဓာတ်ပုံ-ဇော်မင်းလတ်**

# တရုတ်ဈေးကွက်သို့ ဝင်ရောက်ခွင့်ရရှိရန် ဥရောပသမဂ္ဂ တောင်းဆို

**ဘရပ်ဆဲလ် စက်တင်ဘာ ၁၅**


ဥရောပသမဂ္ဂ(အီးယူ)က တရုတ်နိုင်ငံ၏ ဈေးကွက်သို့ ဝင်ရောက်ခွင့်ရရှိရန် တောင်းဆိုလိုက်ကြောင်း သိရသည်။ အီးယူနှင့် တရုတ်တို့မှ ခေါင်းဆောင်များသည် နှစ်နိုင်ငံ အပြန်အလှန်ရင်းနှီးမြှုပ်နှံမှုစာချုပ်တစ်ရပ်နှင့်စပ်လျဉ်း၍ ဆွေးနွေးမှုများကို အရှိန်မြှင့်လုပ်ဆောင်ရန် သဘောတူညီထားပြီး ယခုနှစ်အတွင်း သဘောတူညီချက်တစ်ရပ် ရရှိရန် ရည်ရွယ်လျက်ရှိကြောင်း သိရသည်။

အီးယူနှင့် တရုတ်တို့မှ တာဝန်ရှိသူများသည် စက်တင်ဘာ ၁၄ ရက်တွင် ဗီဒီယိုကွန်ဖရင့်အစည်းအဝေးတစ်ရပ် ကျင်းပခဲ့သည်။ ယင်းအစည်းအဝေးတွင် တရုတ်ဈေးကွက် အနေဖြင့် အီးယူမှ ကုမ္ပဏီများကို လမ်းဖွင့်ပေးထားပြီး ဖြစ်ကြောင်း တရုတ်သမ္မတ ရှီကျင့်ဖျင်၏ ပြောကြားချက်ကို ကိုးကား၍ ဆင်ဟွာသတင်းဌာနက ဖော်ပြထားသည်။

ထို့ပြင် နှစ်နိုင်ငံစလုံးအနေဖြင့် ပွင့်လင်းမြင်သာစွာ လုပ်ဆောင်ရန်နှင့် ပူးပေါင်းဆောင်ရွက်မှုကို ဆက်လက်လုပ်ဆောင်သင့်ကြောင်း ရှီကျင့်ဖျင်က ပြောကြားခဲ့သည်။ သို့ရာတွင် ဥရောပကော်မရှင်ဥက္ကဋ္ဌ ဗွန်ဒါလီယန်ကမူ နှစ်နိုင်ငံ အပြန်အလှန် ရင်းနှီးမြှုပ်နှံမှုနှင့်စပ်လျဉ်း၍ လုပ်ဆောင်စရာအများအပြား ရှိနေသေးပါကြောင်း ပြောကြားခဲ့သည်။

ဥရောပရင်းနှီးမြှုပ်နှံသူများသည် အနာဂတ်ဒစ်ဂျစ်တယ်နည်းပညာနယ်ပယ်များကဲ့သို့သော အဓိကကဏ္ဍများတွင် အတားအဆီးအမြောက်အမြားဖြင့် ရင်ဆိုင်နေရကြောင်းနှင့် အဆိုပါအတားအဆီးများကို ဖယ်ရှားနိုင်လိမ့်မည်ဟုလည်း အီးယူအနေဖြင့် မျှော်လင့်ပါကြောင်း ဗွန်ဒါလီယန်က ပြောကြားခဲ့သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ၊ ဘာသာပြန် – အလင်းသစ်**




# ပြည်သူ ၆၀ ရာခိုင်နှုန်းအတွက် ဗိုင်းရပ်စ်ကာကွယ်ဆေးရရှိအောင် ဆောင်ရွက်မည်ဟု တောင်ကိုရီးယားဝန်ကြီးချုပ် ပြော



**ဆိုးလ် စက်တင်ဘာ ၁၅**

တောင်ကိုရီးယားနိုင်ငံက ပြည်သူ သန်း ၃၀ သို့မဟုတ် လူဦးရေ၏ ၆၀ ရာခိုင်နှုန်းအတွက် ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေး ဆောလျင်စွာရရှိရေး ဆောင်ရွက်မည်ဟု ဝန်ကြီးချုပ် ချန်ဆိုင်ကျွန်းက ယနေ့ အစိုးရအဖွဲ့ အစည်းအဝေး၌ ပြောကြားခဲ့သည်။

အာဏာပိုင်များက တောင်ကိုရီးယားနိုင်ငံ၏ ၅၂ သန်းသော ပြည်သူအားလုံးကို ကာကွယ်ဆေး ထိုးပေးလိုသော်လည်း ဗိုင်းရပ်စ်ကာကွယ်ဆေး၏ ဘေးအန္တရာယ်ကင်းမှု၊ ထိရောက်မှုနှင့် ထုတ်လုပ်မှုက တောင်ကိုရီးယားနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုကို ကန့်သတ်နေကြောင်း ၎င်းက ပြောသည်။ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဆောလျင်စွာရရှိရန် အစိုးရက သက်ဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းများ၊ ကာကွယ်ဆေး ထုတ်လုပ်ရေးကုမ္ပဏီများနှင့် စေ့စပ်ညှိနှိုင်းမည်ဖြစ်ကာ ကာကွယ်ဆေး ထုတ်လုပ်မှု တိုးတက်လာပါက ပိုမိုဝယ်ယူမည်ဟု ၎င်းက ဆိုသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပူးတွဲဦးဆောင်သော ကမ္ဘာ့ ကိုဗစ်-၁၉ ကာကွယ်ဆေး ခွဲဝေပေးရေးစီမံချက်တစ်ခုဖြစ်သည့် COVAX facility သို့ ဝင်ရောက်ရန် စီစဉ်ခဲ့ကြောင်း တောင်ကိုရီးယားနိုင်ငံက ဩဂုတ်လအတွင်း ပြောကြားခဲ့သည်။ တောင်ကိုရီးယားနိုင်ငံက COVAX အစီအစဉ်အရ ပြည်သူ ၁၀ သန်းအတွက် ကာကွယ်ဆေးအလုံးရေ သန်း ၂၀ ဝယ်ယူမည်ဖြစ်ပြီး ပုဂ္ဂလိကဆေးဝါးကုမ္ပဏီများမှ ကာကွယ်ဆေးအလုံးရေ သန်း ၄၀ ဝယ်ယူမည်ဟု ကျန်းမာရေးဌာနမှ အာဏာပိုင်များက ထုတ်ပြန်ချက်တစ်ခုအတွင်း ပြောကြားခဲ့သည်။

တောင်ကိုရီးယားနိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၀၆ ဦး တွေ့ရှိခဲ့ကြောင်း ကိုရီးယားရောဂါထိန်းချုပ်ရေးနှင့် တားဆီးကာကွယ်ရေးအေဂျင်စီက ထုတ်ပြန်ခဲ့ရာ ကူးစက်လူနာစုစုပေါင်း ၂၂၃၉၁ ဦးနှင့် သေဆုံးသူ ၃၆၇ ဦးအထိ ရှိလာခဲ့ပြီဖြစ်သည်။

**ကိုးကား – သည်စထရိတ်တိုင်းမ်၊ ဘာသာပြန် – ကျော်ထိုက်စိုး**

# တရုတ်နိုင်ငံထုတ် ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေး နိုဝင်ဘာလမှစ၍ အသုံးပြုနိုင်ဖွယ်ရှိ

**ပေကျင်း စက်တင်ဘာ ၁၅**

တရုတ်နိုင်ငံထုတ် ကိုရိုနာဗိုင်းရပ်စ် ကာကွယ်ဆေးများက နိုဝင်ဘာလအတွင်း ပြည်သူလူထု အသုံးပြုနိုင်ရန် အသင့်ဖြစ်ဖွယ်ရှိကြောင်း တရုတ်နိုင်ငံ ရောဂါထိန်းချုပ်ရေးနှင့် တားဆီးကာကွယ်ရေးဗဟိုဌာန (CDC) မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

လက်ရှိတွင် တရုတ်နိုင်ငံ၌ နောက်ဆုံးအဆင့်လက်တွေ့စမ်းသပ်မှုများပြုလုပ်နေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးလေးမျိုးရှိသည်။ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး သုံးမျိုးကို ဇူလိုင်လအတွင်း စတင်ခဲ့သည့် အရေးပေါ်အခြေအနေ အသုံးပြုရေးအစီအစဉ်တစ်ရပ်အရ မရှိမဖြစ် လုပ်သားများအား ထိုးပေးခဲ့ပြီးဖြစ်သည်။ အဆင့် ၃ လက်တွေ့စမ်းသပ်မှုများ အဆင်ပြေစွာ ရှေ့ဆက်ဆောင်ရွက်လျက်ရှိပြီး ကာကွယ်ဆေးများက နိုဝင်ဘာလ သို့မဟုတ် ဒီဇင်ဘာလအတွင်း အများပြည်သူအတွက် အသင့်ဖြစ်နိုင်သည်ဟု CDC မှ တာဝန်ရှိသူ ဝူကျန်းဝူက နိုင်ငံပိုင်ရုပ်သံတစ်ခု၏ အင်တာဗျူးတစ်ခုအတွင်း ပြောကြားခဲ့သည်။

နိုင်ငံပိုင် ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီ တရုတ်အမျိုးသား ဆေးဝါးထုတ်လုပ်ရေးအုပ်စု (စီနိုဖန်း) နှင့် အမေရိကန်နိုင်ငံတွင် မှတ်ပုံတင်ထားသည့် စီနိုဗက်ဘိုင် အိုတပ်ချ်တို့က အရေးပေါ်အခြေအနေ အသုံးပြုရေးအစီအစဉ်တစ်ရပ်အရ ကာကွယ်ဆေးသုံးမျိုး ထုတ်လုပ်လျက်ရှိသည်။ CanSino Biologics က ထုတ်လုပ်သည့် စတုတ္ထမြောက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတစ်မျိုးကို ဇွန်လအတွင်း တရုတ်တပ်မတော်က အသုံးပြုရန် အတည်ပြုခဲ့သည်။ အဆင့် ၃ စမ်းသပ်မှုများ ပြီးစီးပါက ယခုနှစ်မကုန်မီ ပြည်သူလူထု အသုံးပြုရန် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အသင့်ဖြစ်မည်ဟု စီနိုဖန်းကုမ္ပဏီက ဇူလိုင်လအတွင်း ပြောကြားခဲ့သည်။



လူပေါင်း ၉၂၅၀၀၀ ကျော် သေဆုံးစေခဲ့သည့် ဗိုင်းရပ်စ်တိုက်ဖျက်ရေးအတွက် ထိရောက်သော ကာကွယ်ဆေးတစ်မျိုး ထုတ်လုပ်ရန် ကမ္ဘာ့ကာကွယ်ဆေးကုမ္ပဏီများ ကြိုးပမ်းနေကြသည်။ အနောက်နိုင်ငံများမှ ထိပ်တန်းကာကွယ်ဆေးကုမ္ပဏီများက သိပ္ပံနည်းကျလေ့လာမှုစံနှုန်းများ လိုက်နာရန်နှင့် ကာကွယ်ဆေးထုတ်လုပ်ရေး လုပ်ငန်းစဉ်အား နိုင်ငံရေးအရ ဖိအားပေးမှု ပယ်ချရန် ယခုလအစောပိုင်းတွင် ကတိပြုခဲ့သည်။

**ကိုးကား – အေအက်ဖ်ပီ**
**ဘာသာပြန် – ကျော်ထိုက်စိုး**




# အမေရိကန်နိုင်ငံက မဲခေါင်ဒေသ ငါးနိုင်ငံအား ကန်ဒေါ်လာ သန်း ၁၅၀ အကူအညီပေးမည်

**ဝါရှင်တန် စက်တင်ဘာ ၁၅**

အမေရိကန်နိုင်ငံသည် အရှေ့တောင်အာရှ၏ မဲခေါင်ဒေသတွင်း နိုင်ငံငါးနိုင်ငံအား စီးပွားရေးလုပ်ငန်းများ ပြန်လည်လုပ်ဆောင်နိုင်ရေးအတွက် အမေရိကန်ဒေါ်လာ သန်း ၁၅၀ အကူအညီပေးမည်ဖြစ်ကြောင်း ကတိပြုခဲ့ကြောင်း၊ အဆိုပါ ငါးနိုင်ငံထဲတွင် ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့လည်း ပါဝင်ကြောင်း သိရသည်။

ယင်းသို့အကူအညီပေးမည့် ကြေညာချက်ကို အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက စက်တင်ဘာ ၁၄ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။ မကြာသေးမီက တည်ထောင်ခဲ့သည့် မဲခေါင်-အမေရိကန်ပူးပေါင်းဆောင်ရွက်မှု၏ ပထမအကြိမ် ဝန်ကြီးများအဆင့် အစည်းအဝေး ကျင်းပခဲ့ပြီးနောက် ယင်းကြေညာချက် ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

အဆိုပါအစည်းအဝေးကို စက်တင်ဘာ ၁၁ ရက်က အွန်လိုင်းမှတစ်ဆင့် ကျင်းပခဲ့ခြင်းဖြစ်သည်။ အမေရိကန်က ကူညီမည့်ရန်ပုံငွေများကို ကိုဗစ်-၁၉ ရောဂါကြောင့်ဖြစ်ပေါ်ခဲ့သည့် မဲခေါင် ဒေသတွင်း နိုင်ငံငါးနိုင်ငံ၏ စီးပွားရေးကျဆင်းမှုကို ပြန်လည်ကုစားရန်အထောက်အပံ့အဖြစ် အသုံးပြုမည်ဖြစ်ကြောင်း သိရသည်။ မဲခေါင်ဒေသနိုင်ငံများနှင့် ဆက်ဆံရေးသည် အမေရိကန်၏ အင်ဒို-ပစိဖိတ်မဟာဗျူဟာအတွက် အလွန်အရေးပါကြောင်းလည်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယိုကပြောကြားခဲ့သည်။ **ကိုးကား – အင်န်အိတ်ချ်ကေ၊ ဘာသာပြန် – အလင်းသစ်**

# ဥရောပဒေသ၌ အောက်တိုဘာလနှင့် နိုဝင်ဘာလများတွင် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုများ မြင့်တက်လာနိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ပြောကြား

**ဂျီနီဗာ စက်တင်ဘာ ၁၅**

ဥရောပဒေသတွင် အောက်တိုဘာလနှင့် နိုဝင်ဘာလများအတွင်း ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုများ မြင့်တက်လာနိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဥရောပဒေသဆိုင်ရာအကြီးအကဲ ဟန်းကလုဗ်က စက်တင်ဘာ ၁၄ ရက်တွင် ပြောကြားခဲ့သည်။

လာမည့် အောက်တိုဘာလနှင့် နိုဝင်ဘာလတို့တွင် ကိုဗစ်-၁၉ ကြောင့် သေဆုံးမှုနှုန်းမြင့်တက်လာသည်ကို ကမ္ဘာအနှံ့အပြားတွင် တွေ့မြင်ရနိုင်ပြီး ပိုမိုဆိုးရွားသောအခြေအနေကို ဦးတည်လာနိုင်သည်ဟု ၎င်းက ပြောကြားသည်။

မည်သည့်နိုင်ငံရှိ နိုင်ငံသားများမှ မျက်မှောက်အချိန်တွင် ကိုဗစ်-၁၉ ကြောင့် လူအသေအပျောက်မြင့်တက်သည့်သတင်းအား မကြားချင်သည်ကို သူ့အနေဖြင့် နားလည်သဘောပေါက်ကြောင်း ၎င်းက ပြောကြားသည်။ ၎င်းအနေဖြင့် ကိုဗစ်-၁၉ မှ လွန်မြောက်သွားခဲ့ပြီဆိုသည့် သတင်းစကားကိုသာ ပေးချင်ကြောင်း ဟန်းကလုဗ်က ပြောကြားသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဥရောပဒေသဆိုင်ရာအဖွဲ့ဝင် ၅၅ နိုင်ငံအနေဖြင့် စက်တင်ဘာ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် အစည်းအဝေးကျင်းပခဲ့ပြီး ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ တုံ့ပြန်ဆောင်ရွက်ရေးအစီအမံများနှင့် လာမည့်ငါးနှစ်တာကာလအတွက် ဆောင်ရွက်မည့် မဟာဗျူဟာများချမှတ်ရန် သဘောတူခဲ့ကြသည်။

လက်ရှိတွင် ဥရောပဒေသတွင် ကိုဗစ်-၁၉ ဖြစ်ပွားမှုများ မြင့်တက်နေသည်ကို တွေ့ရှိရပြီး စက်တင်ဘာ ၁၁ ရက် တစ်နေ့တည်းတွင်ပင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဥရောပဒေသဆိုင်ရာအဖွဲ့ဝင်နိုင်ငံ ၅၅ ခုတွင် ကိုဗစ်-၁၉ ဖြစ်ပွားသူပေါင်း ၅၁၀၀၀ တွေ့ရှိခဲ့သည်။

**ကိုးကား – အေအက်ဖ်ပီ**
**ဘာသာပြန် – စိုးသူရ**

# ယူအေအီး၊ ဘာရိန်းနှင့် အစ္စရေးတို့ ပုံမှန်ဆက်ဆံရေးထူထောင်သည့် အခမ်းအနား အိမ်ဖြူတော်၌ ကျင်းပမည်

**ဝါရှင်တန် စက်တင်ဘာ ၁၅**

အာရပ်နိုင်ငံများဖြစ်သည့် ယူအေအီးနှင့် ဘာရိန်းတို့က အစ္စရေးနှင့် ပုံမှန်ဆက်သွယ်ရေးထူထောင်သည့် အခမ်းအနား တစ်ရပ်ကို အမေရိကန်ပြည်ထောင်စုမြို့တော် ဝါရှင်တန် ဒီစီတွင် ကျင်းပမည်ဖြစ်ပြီး အမေရိကန်သမ္မတ ဒေါ်နယ် ထရမ့်က သဘာပတိအဖြစ် ဆောင်ရွက်မည်ဖြစ်သည်။

အခမ်းအနားသို့ အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟု၊ ဘာရိန်းနှင့် ယူအေအီးနိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများ တက်ရောက်ကြမည်ဖြစ်ပြီး ဘာရိန်းနှင့် ယူအေအီးနိုင်ငံတို့သည် ၁၉၇၉ ခုနှစ်တွင် အီဂျစ်နှင့် ၁၉၉၄ ခုနှစ် ဂျော်ဒန်တို့ပြီးနောက် အစ္စရေးနှင့် ဆက်သွယ်ရေးထူထောင်သည့် အာရပ်နိုင်ငံများဖြစ်လာခဲ့သည်။

**ထင်ရှားသည့်အရွေ့**

ကိုဗစ်-၁၉ရောဂါ ဖြစ်ပွားနေသော်လည်း အဆိုပါ အခမ်းအနားသို့ လူရာနှင့်ချီ တက်ရောက်မည်ဖြစ်သလို နေတန်ယာဟုနှင့် နိုင်ငံခြားရေးဝန်ကြီးများအားလုံးမှာ ရောဂါစစ်ဆေးထားပြီးဖြစ်သောကြောင့် အချင်းချင်း လက်ဆွဲနှုတ်ဆက်မှု ပြုသွားမည်ဖြစ်ကြောင်း ထရမ့်အစိုးရ ထိပ်တန်းအရာရှိတစ်ဦးက မီဒီယာများသို့ ပြောကြားခဲ့သည်။ ဘာရိန်းနှင့် ယူအေအီးတို့မှာ အစ္စရေးနှင့် စစ်ဖြစ်ပွားမှုမရှိသောကြောင့် ယခုသဘောတူညီချက်ကို ငြိမ်းချမ်းရေးသဘောတူညီမှုဟု မသတ်မှတ်သင့်ဘဲ ဆက်သွယ်ရေး ထူထောင်မှုဟုသာ အမည်တပ်နိုင်မည်ဖြစ်ပြီး ယခုအရွေ့ကို ထင်ရှားသည့် အောင်မြင်မှုအဖြစ် သတ်မှတ်ရမည်ဖြစ်ကြောင်း ဆက်လက်ပြောကြားခဲ့သည်။

**ဆန္ဒကျင်မှုများရှိ**

ပါလက်စတိုင်းခေါင်းဆောင်တို့က အဆိုပါ ဆက်သွယ်ရေးထူထောင်မှုအား ရက်ဖွယ်ကောင်းသည့် သဘောတူညီချက်ဟု အမည်တပ်ခဲ့ပြီး အမေရိကန်၊ ဘာရိန်းနှင့် ယူအေအီးသံရုံးများအပြင်ဘက်တွင် ဆန္ဒကျင်မှုများပြုလုပ်ရန် တိုက်တွန်းခဲ့သည်။

**ကိုးကား- အေအက်ဖ်ပီ၊ ဘာသာပြန်-မေလွဲ့သင်း**



# လက်လီရောင်းဝယ်မှုမြင့်တက်လာခြင်းနှင့်အတူ တရုတ်စီးပွားရေးပြန်လည်ဦးမော့

**ပေကျင်း စက်တင်ဘာ ၁၅**

တရုတ်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ရောဂါ ဖြစ်ပွားပြီးနောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် လက်လီရောင်းအား ပြန်လည်မြင့်တက်လာခြင်းနှင့်အတူ ဆောက်လုပ်ရေးလုပ်ငန်းဝင်ငွေပါ တိုးတက်ခဲ့ကြောင်း အစိုးရက ယနေ့တွင် တရားဝင်ထုတ်ပြန်ကြေညာခဲ့သည်။

နိုင်ငံအတွင်း ရောင်းဝယ်ဖောက်ကားသူများက ရောဂါဖြစ်ပွားမှုကြောင့် စီးပွားရေးဆက်လက်ကျဆင်းနေဦးမည်ဟု ယူဆခဲ့ကြသော်လည်း ထုတ်ပြန်ခဲ့သည့် ကိန်းဂဏန်းအချက်အလက်များအရ စီးပွားရေးပြန်လည်ဦးမော့လာမည့်အရိပ်များ မြင်တွေ့လာရခြင်းဖြစ်သည်။ ပြီးခဲ့သည့်ဩဂုတ်လအတွင်း လက်လီရောင်းဝယ်အားမှာ သုည ဒသမ ၅ ရာခိုင်နှုန်းအထိ တိုးတက်ခဲ့ရာ အဆိုပါ အခြေအနေက ဘွန်းဘာ့ဂ်ျနယူးစ်၏ စီးပွားရေးပညာရှင်များခန့်မှန်းထားသော တရုတ်တွင် စီးပွားရေးတိုးတက်မှု မရှိနိုင်ဟူသည့် ခန့်မှန်းချက်နှင့် ကွဲလွဲနေခြင်းဖြစ်သည်။

ယင်းသို့ စီးပွားရေးတိုးတက်လာမှုက အစိုးရ၏ ဈေးရောင်းပွဲတော်နှင့် ဘောက်ချာစနစ် ဈေးဝယ်ရေး အစီအမံများကြောင့်ဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါကြောင့် နိုင်ငံခြားပို့ကုန်တင်ပို့မှု ကျဆင်းသွားပြီးနောက် ပြည်တွင်းဈေးကွက်ဘက်သို့ ပိုမိုအာရုံစိုက်ရန် အစိုးရက ပို့ကုန်လုပ်ငန်းရှင်များကို တွန်းအားပေးခဲ့သည်။ တရုတ်နိုင်ငံတွင် ဖျော်ဖြေရေး၊ ဈေးဆိုင်များနှင့် စားသောက်ဆိုင်လုပ်ငန်းများ ဆက်လက်ကျဆင်းနေဆဲဖြစ်သော်လည်း ကားရောင်းဝယ်မှု၊ ဆောက်လုပ်ရေး၊ သတ္တုလုပ်ငန်းတို့တွင် တိုးတက်မှုများဖြစ်ပေါ်ခဲ့ပြီး စစ်တမ်းအရ ဩဂုတ်လအတွင်း အလုပ်လက်မဲ့နှုန်းထား ၅ ဒသမ ၆ ရာခိုင်နှုန်းသို့ ကျဆင်းသွားခဲ့ကြောင်း သိရသည်။

**ကိုးကား- စီအင်န်အေ၊ ဘာသာပြန်-မေလွဲ့သင်း**




## ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

ဗိုင်းရပ်စ်ပိုး ကူးစက်ခံရသူ
၂၉၄၇၉၅၅၃ ဦး

သေဆုံးသူ
၉၃၃၄၉၂ ဦး

ပြန်လည်ကျန်းမာ
၂၁၃၀၀၄၁၇ ဦး

# အမေရိကန်တစ်ဝန်းရှိ တက္ကသိုလ်ကောလိပ်များ၌ လူ ၈၈၀၀၀ ကျော် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရ

**ဝါရှင်တန် စက်တင်ဘာ ၁၅**

အမေရိကန်ပြည်ထောင်စုရှိ တက္ကသိုလ် ကောလိပ်ပေါင်း ၁၆၀၀ ကျော်တို့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၈၈၀၀၀ ကျော် တွေ့ရှိပြီး ၎င်းတို့အနက် ၆၀ ကျော်သည် အဆိုပါရောဂါကြောင့် သေဆုံးခဲ့ကြောင်း နယူးယောက်တိုင်းမ်သတင်းစာ၏ လေ့လာချက်အရ သိရသည်။

အဆိုပါ သေဆုံးသူများတွင် ကျောင်းသားမဟုတ်ဘဲ ကောလိပ်ကျောင်းများ၌ တာဝန်ထမ်းဆောင်လျက်ရှိသော လုပ်သားများလည်း ပါဝင်ကြောင်း သိရသည်။

အမေရိကန်ရှိ ကောလိပ်ကျောင်းပေါင်း ၁၅၀ တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၀၀ ထက်မနည်း တွေ့ရှိကြောင်း လေ့လာချက်အရ သိရသည်။ အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများသည် စာသင်ခန်းများနှင့် အဆောင်များ ပြန်ဖွင့်လာခြင်းကြောင့် မကြာသေးမီက ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံခဲ့ရခြင်းဖြစ်သည်။

မကြာသေးမီရက်များက ကိုဗစ်-၁၉ ရောဂါကူးစက်မှု အများဆုံးဖြစ်ပွားသည့် မြို့ပြဒေသအများအပြားတွင် မီဆူရီမြို့ရှိ အောက်စဖို့ဒ်တက္ကသိုလ်၊ ဂျော်ဂျီယာမြို့ရှိ အေသင်စ်တက္ကသိုလ်နှင့် အီလီနွိုက်စ်မြို့ရှိ ချမ်ပိန်းတက္ကသိုလ်တို့ရှိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ရာနှင့်ချီ ပါဝင်ကြောင်း သိရသည်။

လက်ရှိအချိန်အထိ အမေရိကန်ပြည်ထောင်စု၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၆ ဒသမ ၅ သန်းခန့်ရှိပြီး ၎င်းတို့အနက် ၁၉၄၃၀၀ ကျော်မှာ သေဆုံးခဲ့ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျော့တီ**

■






# ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ တစ်သန်းကျော်အထိရှိလာ

**မော်စကို စက်တင်ဘာ ၁၅**

ရုရှားနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၅၅၂၉ ဦးအထိရှိလာခဲ့သည့်အတွက် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၁၀၇၃၈၄၉ ဦးအထိ ရှိလာခဲ့ကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါတုံ့ပြန်ရေးစင်တာက စက်တင်ဘာ ၁၅ ရက်တွင် ထုတ်ပြန်ချက်တစ်ရပ်ထုတ်ပြန်ခဲ့သည်။

ရုရှားနိုင်ငံတစ်ဝန်း၌ လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုကြောင့် သေဆုံးသူ ၁၅၀ ရှိခဲ့ခြင်းကြောင့် သေဆုံးသူစုစုပေါင်း ၁၈၇၈၅ ဦးအထိရှိလာခဲ့ကြောင်းလည်း ကိုဗစ်-၁၉ ရောဂါတုံ့ပြန်ရေးစင်တာက ပြောကြားခဲ့သည်။

ရုရှားနိုင်ငံ၏ မြို့တော်မော်စကိုသည် နိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါကူးစက်မှုအများဆုံးဖြစ်ပြီး လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကူးစက်ခံရသူ ၇၃၀ ရှိခဲ့ကာ စုစုပေါင်းကူးစက်ခံရသူ ၂၇၂၅၂၃ ဦးအထိရှိလာခဲ့ကြောင်းလည်း သိရသည်။ ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါတုံ့ပြန်ရေးစင်တာ၏ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများအနက်မှ ၈၈၄၃၀၅ ဦးမှာ ပြန်လည်ကျန်းမာလာခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

# အစ္စရေးနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၇၆၄ ဦး စံချိန်တင်တွေ့ရှိ

**ဂျေရုဆလင် စက်တင်ဘာ ၁၅**

အစ္စရေးနိုင်ငံ၌ ယနေ့တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၇၆၄ ဦး စံချိန်တင်တွေ့ရှိခဲ့ပြီးနောက် ရောဂါကူးစက်ခံရသူပေါင်း ၁၆၀၃၆၈ ဦးရှိလာကြောင်း သိရသည်။

အစ္စရေးနိုင်ငံ၌ ယနေ့ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုပမာဏသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှု စတင်ဖြစ်ပွားခဲ့ချိန် ဖေဖော်ဝါရီလနှောင်းပိုင်းကတည်းက တစ်ရက်တာအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှုန်း အမြင့်ဆုံးဖြစ်လာခဲ့သည်။

ထို့အတူ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် ၁၇ ဦး သေဆုံးခဲ့ရာ အစ္စရေး၌ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၁၁၃၆ ဦးရှိလာကြောင်း သိရသည်။ ထို့အပြင် ကိုဗစ်-၁၉ ရောဂါကြောင့် ဆေးရုံတင်ခြင်းခံရသော လူနာ ၁၁၀၂ ဦးအနက် ၅၂၄ ဦးသည် ရောဂါအခြေအနေ ဆိုးရွားနေကြောင်း သိရသည်။

သို့သော် အစ္စရေးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၅၇၂ ဦးသည် ရောဂါမှ ပြန်လည်ကျန်းမာလာခဲ့ရာ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၁၁၈၅၇၀ ရှိလာပြီး လတ်တလောအချိန်၌ ဆေးဘက်ဆိုင်ရာ စောင့်ကြည့်မှုခံယူ လျက်ရှိသူ ၄၀၆၄၇ ဦးရှိကြောင်း သိရသည်။

အစ္စရေးအစိုးရသည် ကိုဗစ်-၁၉ ရောဂါကူးစက်မှု ထိန်းချုပ်ရန် စက်တင်ဘာ ၁၈ ရက်မှစ၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အသွားအလာကန့်သတ်မှုချမှတ်မည်ဖြစ်သည်။ သို့သော် နိုင်ငံ၏ ဘင်ဂူရီယံ အပြည်ပြည်ဆိုင်ရာလေဆိပ်ကို ပိတ်မည်မဟုတ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက စက်တင်ဘာ ၁၄ ရက်တွင် ပြောကြားသည်။

ယင်းအသွားအလာ ကန့်သတ်ချက်အရ ပြည်သူများအနေဖြင့် နေအိမ်မှ မီတာ ၅၀၀ ကျော် ဝေးကွာသည့်နေရာများသို့ သွားရောက်လည်ပတ်ခြင်းကို တားမြစ်ထားမည်ဖြစ်ကြောင်း သိရသည်။

သို့သော် ခရီးသည်များကို လေယာဉ်မထွက်ခွာမီ ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ စမ်းသပ်စစ်ဆေးပြီးသည့် လေယာဉ်များကိုသာ ပျံသန်းခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - ဂျေတီ






# ဘင်္ဂလားဒေ့ရှ်၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၇၂၄ ဦး တွေ့ရှိပြီး ၄၃ ဦး သေဆုံး

**ဒါကာ စက်တင်ဘာ ၁၅**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၇၂၄ ဦး ယနေ့တွေ့ရှိခဲ့ပြီးနောက် ရောဂါကူးစက်ခံရသူပေါင်း ၃၄၁၀၅၆ ဦးရှိလာကြောင်း၊ ထို့အတူ ကိုဗစ်-၁၉ ရောဂါကြောင့် ၄၃ ဦး သေဆုံးခဲ့ရာ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၄၈၀၂ ဦး ရှိလာကြောင်း ဘင်္ဂလားဒေ့ရှ် ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ပြောကြားသည်။

ဘင်္ဂလားဒေ့ရှ်အစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှု ထိန်းချုပ်ရန် ရောဂါစမ်းသပ်စစ်ဆေးမှုကို ဦးစားပေးလုပ်ဆောင်လာသည့်အတွက် လွန်ခဲ့သည့် ၂၄ နာရီအတွင်း နိုင်ငံတစ်ဝန်းလုံးတွင် လူဦးရေ ၁၄၀၅၀ တို့၏ နမူနာကို စမ်းသပ်စစ်ဆေးနိုင်ခဲ့ကြောင်း သိရသည်။

ထို့အပြင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၄၃၉ ဦးသည် လွန်ခဲ့သည့် ၂၄ နာရီအတွင်း ရောဂါကင်းစင်ပြီး ဆေးရုံများမှ ထပ်မံပြန်ဆင်းခဲ့ကြရာ ဘင်္ဂလားဒေ့ရှ်၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၂၄၅၅၉၄ ဦး ရှိလာခဲ့သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်းရှိ ကိုဗစ်-၁၉ ရောဂါကြောင့် လက်ရှိသေဆုံးမှုနှုန်းမှာ ရောဂါကူးစက်ခံရသူများ၏ ၁ ဒသမ ၄၁ ရာခိုင်နှုန်းခန့်ရှိပြီး ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာမှုနှုန်းမှာ ၇၂ ဒသမ ၀၁ ရာခိုင်နှုန်းခန့်ရှိကြောင်း သိရသည်။

ဇူလိုင် ၂ ရက်က ဘင်္ဂလားဒေ့ရှ်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၀၁၉ ဦး တွေ့ရှိခဲ့ရာ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားခဲ့ပြီးနောက် တစ်ရက်တာအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှုန်း အမြင့်မားဆုံးဖြစ်လာခဲ့သည်။ ထို့အပြင် ဇွန် ၃၀ ရက်က ဘင်္ဂလားဒေ့ရှ်၌ ကိုဗစ်-၁၉ ရောဂါကြောင့် ၆၄ ဦး သေဆုံးခဲ့ရာ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားခဲ့ချိန်မှစ၍ ယနေ့အထိ သေဆုံးမှုနှုန်း အမြင့်ဆုံးဖြစ်ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - ဂျေတီ

# ရာသီဥတုဆိုင်ရာ သိပ္ပံသတင်းအချက်အလက်များ မျှဝေသည့်စင်တာတစ်ခု တည်ထောင်ခဲ့ကြောင်း ဖေ့စ်ဘွတ်ပြောကြား

**ဆန်ဖရန်စစ္စကို စက်တင်ဘာ ၁၅**

လူမှုမီဒီယာတစ်ခုဖြစ်သော ဖေ့စ်ဘွတ်က ရာသီဥတုဆိုင်ရာ သိပ္ပံသတင်းအချက်အလက်များကို မျှဝေသည့်စင်တာတစ်ခုကို သုံးစွဲသူများအား ခိုင်မာတိကျသည့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ သတင်းအရင်းအမြစ်များ ရရှိနိုင်စေရန် စက်တင်ဘာ ၁၅ ရက်က အွန်လိုင်းတွင် ဖွင့်လှစ်ခဲ့သည်။

ယခုအွန်လိုင်းတွင်ဖွင့်လှစ်ခဲ့သည့် ရာသီဥတုဆိုင်ရာ သိပ္ပံသတင်းအချက်အလက်မျှဝေသည့် စင်တာသည် ဖေ့စ်ဘွတ်က ဖွင့်လှစ်ထားသော ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်မျှဝေသည့် စင်တာနှင့် အမေရိကန်ရွေးကောက်ပွဲမဲပေးခြင်းဆိုင်ရာ အသိပညာပေးစင်တာများအား နမူနာယူပြီး ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ဖေ့စ်ဘွတ်က ပြောကြားသည်။

ယခုဖွင့်လှစ်လိုက်သည့် ရာသီဥတုဆိုင်ရာ သိပ္ပံသတင်းအချက်အလက်စင်တာကို အမေရိကန်၊ ပြင်သစ်၊ ဂျာမနီနှင့် ယူနိုက်တက်ကင်းဒန်းအပါအဝင် နိုင်ငံအများအပြားရှိ ဖေ့စ်ဘွတ်သုံးစွဲသူများထံရောက်ရှိအောင် ဆောင်ရွက်သွားမည်ဟု ဖေ့စ်ဘွတ်က ပြောကြားသည်။


ယင်းစင်တာတွင် ကမ္ဘာ့ထိပ်တန်းရာသီဥတုလေ့လာရေးအဖွဲ့အစည်းများမှ သတင်းအချက်အလက်များကို ဖေ့စ်ဘွတ်သုံးစွဲသူများ သိရှိနိုင်အောင် စုစည်းထားပြီး သုံးစွဲသူများအနေဖြင့် ရာသီဥတုပြောင်းလဲမှုကို တိုက်ဖျက်ရာမှာ အသုံးပြုနိုင်ကြောင်း ဖေ့စ်ဘွတ်က ပြောကြားသည်။

ကိုးကား-အေအက်ဖ်ပီ

ဘာသာပြန်-စိုးသူရ



# စစ်ဘက်တွင်အသုံးပြုမည့် ဒရုန်းများထုတ်လုပ်ရန် တောင်ကိုရီးယားနိုင်ငံက ဒေါ်လာ ၂ ဒသမ ၃ ဘီလီယံ ရင်းနှီးမြှုပ်နှံမည်



**ဆိုးလ် စက်တင်ဘာ ၁၅**

စစ်ဘက်မှအသုံးပြုမည့် မောင်းသူမဲ့လေယာဉ်များ ထုတ်လုပ်ရန် လာမည့် ၁၀ နှစ်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၃ ဘီလီယံနှင့်ညီမျှသည့် ဝမ် ၂ ဒသမ ၇ ထရီလီယံ ရင်းနှီးမြှုပ်နှံရန် တောင်ကိုရီးယားနိုင်ငံက စီစဉ်နေကြောင်း စစ်လက်နက်ပစ္စည်း ဝယ်ယူရေးအေဂျင်စီက ပြောကြားသည်။

**စမ်းသပ်လုပ်ဆောင်နေ**

စီမံချက်အရ တောင်ကိုရီးယားနိုင်ငံက စောင့်ကြပ်ခြင်းမှ လက်ပစ်ဗုံးများ၊ ရိုင်ဖယ်များ ပစ်ခတ်ခြင်းအထိ မစ်ရှင်အမျိုးမျိုး လုပ်ဆောင်နိုင်သော မောင်းသူမဲ့လေယာဉ်များကို ထုတ်လုပ်မည်ဟု ကာကွယ်ရေးပစ္စည်း ဝယ်ယူမှုစီမံခန့်ခွဲရေးအဖွဲ့၏ ပြောကြားချက်အရ သိရသည်။ မောင်းသူမဲ့လေယာဉ်များ၏အောက်ခြေ၌ ရိုင်ဖယ်တစ်လက်နှင့် လောင်ချာများ တပ်ဆင်ကာ တိုက်ခိုက်ရေး စမ်းသပ်လုပ်ဆောင်ချက်များ ဆောင်ရွက်နေကြောင်း အဆိုပါအေဂျင်စီက ပြောသည်။

၂၀၂၂ ခုနှစ်မတိုင်မီ အသေးစား တိုက်ခိုက်ရေး မောင်းသူမဲ့လေယာဉ်များ ထုတ်လုပ်ရေးအတွက် လိုအပ်သော နည်းပညာများရရှိရေး အေဂျင်စီက ပြီးစီးအောင် လုပ်ဆောင်မည်ဖြစ်သည်။ တိုက်ခိုက်ရေး မောင်းသူမဲ့လေယာဉ်များ အမှန်တကယ် ထုတ်လုပ်မှုက လေးနှစ်ကြာမြင့်မည်ဟု မျှော်မှန်းရကြောင်း တာဝန်ရှိသူများက ပြောသည်။

ကာကွယ်ရေးပစ္စည်း ဝယ်ယူမှုစီမံခန့်ခွဲရေးအဖွဲ့သည် ယမန်နေ့က မောင်းသူမဲ့လေယာဉ် ထုတ်လုပ်ရေးဆိုင်ရာ နှီးနှောဖလှယ်ပွဲတစ်ခု ကျင်းပခဲ့ပြီး ထိုအခမ်းအနားကို ယူကျုမှ တိုက်ရိုက်ထုတ်လွှင့်ပြသခဲ့သည်။

ကိုးကား-ယွန်ဟပ်

ဘာသာပြန်-ကျော်ထိုက်စိုး

# အင်းစိန်မြို့နယ်ရှိ ဈေးများ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အသိပညာပေးလုပ်ငန်းများ နေ့စဉ်အရှိန်မြှင့်ဆောင်ရွက်

**ရန်ကုန် စက်တင်ဘာ ၁၅**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်အတွင်းရှိ စည်ပင်သာယာဈေးများဖြစ်ကြသော အင်းစိန်မြို့မဈေးကြီး၊ လေဟာပြင်ဈေး၊ အင်းစိန်မြို့သစ်ဈေးကြီး၊ အောင်ဆန်းဈေး၊ ဖော့ကန်ဈေး၊ တညင်းကုန်းဈေး၊ ဘို့ကုန်းဈေး၊ ဆယ်မိုင်ကုန်းဈေး၊ ကြို့ကုန်းဈေး၊ နံ့သာကုန်းဈေး စသည့်ဈေးများအတွင်း၌ လာရောက်ကြသော ဈေးရောင်းသူ၊ ဈေးဝယ်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး အသိပညာပေးလုပ်ငန်းများကို စက်တင်ဘာ ၇ ရက်မှစတင်ပြီး နေ့စဉ် အရှိန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့အသိပညာပေးလုပ်ငန်းများ နေ့စဉ်ဆောင်ရွက်ရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော ညွှန်ကြားချက်များနှင့်အညီ မြို့နယ်အတွင်းရှိ ဈေးအသီးသီးတို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးထိန်းချုပ်ရေးအတွက် ဈေးဝယ်လာသူများနှင့် ဈေးရောင်းချသူများအပါအဝင် ဈေးများသို့ လာရောက်သူမှန်သမျှကို ကိုယ်အပူချိန် တိုင်းတာပေးခြင်း၊ နှာခေါင်းစည်းများ စနစ်တကျဝတ်ဆင်စေခြင်း၊ လက်ဆေးဘေစင်များ ထားရှိ၍ လက်ဆေးဆပ်ပြာနှင့် စနစ်တကျလက်ဆေးစေခြင်း၊ လက်သန့်ဆေးဘူးများ ထားရှိပြီး လက်ကိုဆေးကြောကြရန်နှင့် ဈေးပိတ်ချိန်များတွင် ဈေးများအတွင်း၌ ပိုးသတ်ဆေးများ ဖျန်းပေးခြင်း၊ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း စသည်တို့ကို ဈေးများရှိ ဈေးတာဝန်ခံများ၊ ဈေးစည်ပင်ဝန်ထမ်းများ၊ ဈေးကော်မတီဝင်များက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် လမ်းညွှန်ချက်များအတိုင်း နေ့စဉ်အရှိန်မြှင့်ဆောင်ရွက်လျက်ရှိသည်။ မြို့နယ်အဆင့် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းသန်း၊ ခရိုင်စည်ပင်ဈေးများဌာန ဌာနစုမှူး ဒေါ်ယဉ်ယဉ်စန်းနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာဈေးတာဝန်ခံများနှင့်အတူ ယနေ့နံနက်ပိုင်းက သွားရောက်စစ်ဆေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ဥဒဏ်ဟိန်း**



# ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်း အရှိန်အဟုန်မပြတ်စေရေးဆောင်ရွက်

**ကသာ စက်တင်ဘာ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် ပင်းမလွတ်ကျေးရွာတွင် ယနေ့နံနက် ၉ နာရီက ကျေးရွာသစ် လှုပ်ရှားမှုစီမံကိန်း စွမ်းဆောင်ရည်မြှင့်တင်ရေးကဏ္ဍမှ ကျေးရွာသူ ကျေးရွာသားများနှင့် ကိုဗစ်-၁၉ စီးပွားရေး ကုစားမှုအစီအစဉ်(CERP)အရ မျိုးစေ့ထုတ်တောင်သူများအား မြေဆီလွှာအာဟာရဖွံ့ဖြိုးတိုးတက်စေသည့်အပြင် တစ်ဧကသီးနှံအထွက်နှုန်း မြင့်မားစေပြီး ဘေးအန္တရာယ်ကင်းရှင်းသော လယ်ယာထုတ်ကုန်များရရှိစေရန် ရည်ရွယ်၍ ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနတာဝန်ခံ ဒေါ်မိုရင်းဆိုင်းရာနှင့် ဦးမျိုးထက်ဇော်တို့က မိုးစပါး မျိုးစေ့ထုတ်စိုက်ခင်းရှေ့၌ EM ဘိုကာရှီသဘာဝမြေဆွေးပုံ ပြုလုပ်ခြင်းအား လက်တွေ့သရုပ်ပြ ဆောင်ရွက်ခဲ့သည်။

**အေးမြသက်ထား**



# မြို့နယ်အချို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ



အိုက်နန်ဟုန်၊ အိုက်ဖတ်တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၅**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့ နံနက် ၆ နာရီက မိုးညှင်းမြို့နယ် ပင်လုံကျေးရွာအုပ်စု မော်ဟဲကျေးရွာ အနီးရှိ မနောဓာတေရီတိုးဂိတ်တွင် ကုန်တင်ယာဉ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၇၀၀ ကိုလည်းကောင်း။

အလားတူယင်းနေ့ ညနေ ၄ နာရီခွဲက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ညောင်ရွှေမြို့နယ် တုံလည်ကျေးရွာအုပ်စု ကျောက်တောကျေးရွာနေ မပွား၏နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၀၀ ကိုလည်းကောင်း၊ ထို့အတူ ပူးပေါင်းအဖွဲ့သည် ညောင်ရွှေမြို့နယ် ကျောက်တိုင်ကျေးရွာအုပ်စု နန်းပန်-ကျောက်တလုံးသွား ကားလမ်းပေါ်တွင် စိန်ဖူး(ခ) အောင်ထွန်းလင်း မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ ယနေ့ နံနက်ပိုင်းတွင် ထွန်းဦး(ခ)မောင်ပေ နေထိုင်သည့် ညောင်ရွှေမြို့နယ် ကျောက်တိုင်ကျေးရွာအုပ်စု ကုန်းတိန်ရွာအနီးရှိ သနပ်ဖက်ခြံတဲကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၀ ကိုလည်းကောင်း။

အလားတူ ထိုနေ့ညနေပိုင်းက မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် တောင်ကြီးမြို့နယ် ဇလဲကျေးရွာအနီး တောင်ကြီး-မိုင်းပျဉ်းသွား ကားလမ်းတွင် စည်သူဝင်း မောင်းနှင်လာသည့် ယာဉ်အား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကိုလည်းကောင်း။

ထို့အတူ ယင်းနေ့ညနေ ၅ နာရီခွဲက မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် တာချီလိတ်မြို့နယ် ဖန်မင်အုပ်စုပါဝုန်းကျေးရွာနေ အိုက်ဖတ်၏ နေအိမ်ကို ရှာဖွေရာ ၎င်းနှင့်အတူ အိုက်နန်ဟုန်အား တွေ့ရှိရပြီး နေအိမ်မှ စိတ်ကြွ ရူးသွပ်ဆေးပြား ၁၉၅၂၀၀ ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# မြို့နယ်အချို့၌ တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၁၅**

ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်ဖြင့် သတင်းပေးပို့ချက်အရ စက်တင်ဘာ ၈ ရက်မှ ၁၂ ရက်အတွင်း သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ကလေးဝမြို့နယ် မဟာမြိုင်ကြိုးဝိုင်းအတွင်းမှ တရားမဝင် ကျွန်း/ပျဉ်းကတိုး/သစ်ယာသစ်/ခွဲသား ၁၅ တန်၊ တမူးမြို့နယ် ကွန်းတောင်းကျေးရွာအုပ်စု ကုလားကုန်းကျေးရွာ၏ အရှေ့ဘက် တစ်မိုင်ခန့်အကွာမှ တရားမဝင် ကညင်/ထောက်ကြံ့ခွဲသား ခြောက်တန်၊ ရေတာရှည်မြို့နယ် စိုင်းရကြိုးဝိုင်း အကွက်အမှတ် (၇၅)အတွင်း ဆိုင်ကယ်သုံးစီးပေါ်မှ တရားမဝင် ကျွန်းသစ်/ခွဲခြမ်း နှစ်တန်တို့အား ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့သည်။

ထို့ပြင် ကနီမြို့နယ် မင်းအိုရွာအနီး ချင်းတွင်းမြစ်အတွင်းမှ တရားမဝင် အင်/ကျွန်းသစ်၊ ခွဲသား/လုံးပတ်သုံးပေအောက် ကျွန်း/ ပျဉ်းကတိုးသစ် ၅၉ ဒသမ ၂၀၇၆ တန်၊ စက်လှေနှစ်စင်းနှင့် ပြစ်မှုကျူးလွန်သူ လေးဦး၊ ဂန့်ဂေါ-ထီးလင်းသွား ကားလမ်း မိုင်တိုင်အမှတ် ၉၆/၃ နှင့် ၉၆/၄ ကြားတွင် ယာဉ်ပေါ်မှ တရားမဝင် ကျွန်း/တမလန်းခွဲသား ၁ ဒသမ ၄၂၄၀ တန်နှင့် ပြစ်မှုကျူးလွန်သူ နှစ်ဦးတို့ကို ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့အား ဥပဒေနှင့်အညီအရေးယူနိုင်ရေး သက်ဆိုင်ရာရဲစခန်းတွင် အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ညီညီသန်း (နေပြည်တော်)**






(၅၆)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၃ ရက်က မင်းတပ်ခရိုင် ပြည်သူ့ဆေးရုံ၌ မင်းတပ်ခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်းစဉ်။

ခရိုင်(ပြန်/ဆက်)



## ပြည်တွင်းရှိ သက်ဆိုင်ရာ မဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်း

- သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မိမိတို့ဌာနတည်နေရာ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် ဆက်သွယ်၍ ပုံစံ (၁၅) များကို တောင်းခံသွားရန်
- သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မဲဆန္ဒရှင်များက ဖြည့်သွင်းပြီးသည့် ပုံစံ (၁၅) များကို သက်ဆိုင်ရာမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၂၆-၈-၂၀၂၀ ရက်အရောက် ပေးပို့သွားရန်
- မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် ကြိုတင်ဆန္ဒမဲလက်မှတ်နှင့် စာအိတ်များကို သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများသို့ ၇-၁၀-၂၀၂၀ ရက်အရောက် ပေးပို့ရန်
- သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများတွင် ၈-၁၀-၂၀၂၀ ရက်မှ ၂၁-၁၀-၂၀၂၀ ရက်အတွင်း သင့်လျော်သည့်ရက်၌ ကြိုတင်ဆန္ဒမဲ ပေးနိုင်ရေး ဆောင်ရွက်ရန်
- ဆန္ဒပြုပြီး ကြိုတင်ဆန္ဒမဲလက်မှတ်ပါ စာအိတ်များကို သက်ဆိုင်ရာ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၈-၁၁-၂၀၂၀ ရက်နေ့ ညနေ ၄ နာရီထက် နောက်မကျဘဲ အရောက်ပေးပို့သွားရန်။

ရွေးကောက်ပွဲကျင်းပရန်

၃၃ ရက်သာ

လိုတော့သည်။

**အထွေထွေရွေးကောက်ပွဲကို**

**၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်**

**ရွေးကောက်ပွဲများသည် -**

- ဒီမိုကရေစီ၏ အခြေခံဖြစ်သည်။
- ဒီမိုကရေစီရှင်သန်စေရေး၏ ရေသောက်မြစ်ဖြစ်သည်။
- ဒီမိုကရေစီဖြစ်ထွန်းရေး၏ ပင်စည်ပင်မဖြစ်သည်။



## ဇီးကုန်းမြို့နယ်၌ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲဆိုင်ရာ စွမ်းရည်မြှင့်သင်တန်း ပို့ချ

**ဇီးကုန်း စက်တင်ဘာ ၁၅**

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ်၌ ရွေးကောက်ပွဲဆိုင်ရာ စွမ်းရည်မြှင့်သင်တန်းကို ယနေ့ နံနက်ပိုင်းက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ပို့ချပေးခဲ့ကြောင်း သိရသည်။

မြို့နယ်ဥပဒေအရာရှိ ဦးဉာဏ်လင်းအောင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကျော်မိုးဦးနှင့် ကော်မရှင်အဖွဲ့ဝင်များက ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်၊ ဥပဒေ၊ နည်းဥပဒေလုပ်ငန်းလမ်းညွှန်ချက်များ၊ ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှု၊ ပြစ်ဒဏ်များ၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၏ လုပ်ငန်းလမ်းညွှန်ပါ လုပ်ဆောင်ရမည့်ဆောင်ရွက်ရန်နှင့် ရှောင်ကြဉ်ရန် အချက်များကို ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ပို့ချပေးခဲ့ကြသည်။

ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များသည် လုပ်ငန်းတာဝန်များ၊ ဥပဒေ၊ နည်းဥပဒေများနှင့် လုပ်ငန်းလမ်းညွှန်ချက်များကို သိရှိနားလည်ပြီး ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်စေရန်နှင့် သင်တန်းတွင် လက်ဆေးပြီးမှ ဝင်စေခြင်း၊ ကိုယ်အပူချိန်တိုင်းခြင်း၊ နှာခေါင်းစည်း စနစ်တကျ ဝတ်ဆင်စေခြင်းနှင့် သတ်မှတ်အကွာအဝေးတွင် ထိုင်စေခြင်းများ စီစဉ်ဆောင်ရွက်ထားကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲထံမှ သိရသည်။

တင့်ဆွေ(ပြန်/ဆက်)

## ချောင်းဆုံမြို့နယ်၌ ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ချောင်းဆုံ စက်တင်ဘာ ၁၅**

နိုဝင်ဘာ ၈ ရက်တွင် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မွန်ပြည်နယ် ချောင်းဆုံမြို့နယ်တွင် ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီခွဲက ချောင်းဆုံမြို့ကျွန်းသာယာခန်းမ၌ ကျင်းပသည်။

**ဆွေးနွေး**

အဆိုပါရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းအစည်းအဝေးတွင် မြို့နယ်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဦးမင်းနိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဒေါ်ဝင်းသန္တာထွေးက ရွေးကောက်ပွဲနှင့်ပတ်သက်၍ အဖွဲ့ဝင်များအနေဖြင့် လိုက်နာဆောင်ရွက်ရမည့်လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်များက သိရှိလိုသည်များကို ဆွေးနွေးခဲ့ကြပြီး ဆွေးနွေးပွဲတွင် မဲစာရင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှု ဖြစ်ပေါ်လာပါက ဥပဒေ၊ နည်းဥပဒေ ညွှန်ကြားချက်များနှင့်အညီ စေ့စပ်ညှိနှိုင်းပေးခြင်း၊ စီမံခန့်ခွဲရေး၊ အုပ်ချုပ်ရေးနှင့် လုံခြုံရေးဆိုင်ရာများနှင့်ပတ်သက်သည့်အချက်များ စသည့် မြို့နယ်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ၏ လုပ်ငန်းတာဝန်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ထူးအိမ်(ပြန်/ဆက်)



# ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၁၅

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ဥက္ကဋ္ဌ ဦးသန်းဌေးက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၁၅ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**လေးစားချစ်ခင်အပ်ပါသော မိဘပြည်သူများ၊ နိုင်ငံသူ နိုင်ငံသားများအားလုံး ကောင်းခြင်းမင်္ဂလာအဖြာဖြာနဲ့ ပြည့်စုံပါစေခင်ဗျာ-**

ရက်များမကြာခင်မှာ လွှတ်တော်သက်တမ်းတစ်ခုနဲ့ အစိုးရတစ်ရပ်ရဲ့ တာဝန်များကုန်ဆုံးပြီး အနာဂတ်သစ်တစ်ခုကို ပြည်သူများ ဖန်တီးခွင့်ရကြဦးတော့မှာ ဖြစ်ပါတယ်။ ကျင်းပတော့မယ့် ပါတီစုံအထွေထွေရွေးကောက်ပွဲကြီးက တိုင်းပြည်နဲ့လူမျိုးအတွက် အနာဂတ်အသစ်ကို ပုံဖော်ပေးမှာ ဖြစ်ပါတယ်။ နိုင်ငံတော်မှာကျင့်သုံးနေတဲ့ ပါတီစုံဒီမိုကရေစီစနစ်အရ ပြည်သူလူထုအများစုက ထောက်ခံဆန္ဒပြုရွေးချယ်လို့ ပြည်သူ့ကိုယ်စားလှယ်အဖြစ် အခွင့်အာဏာအပ်နှင်းခြင်းခံရသူများသာ အနာဂတ်နိုင်ငံတော်နဲ့ နိုင်ငံသားများအကျိုးကို ဦးဆောင်သယ်ပိုးခွင့်ရနိုင်မှာ ဖြစ်ပါတယ်။ ဒီအတွက်လည်း ပြည်သူလူထုရဲ့ အဆုံးအဖြတ်သာလျှင် အခရာ ဖြစ်ပါတယ်။ နိုင်ငံရေးပါတီများအနေနဲ့ နိုင်ငံတော်နဲ့ နိုင်ငံသားတို့ရဲ့ကံကြမ္မာကို ဦးဆောင်ဖန်တီးပေးလိုတယ်ဆိုလျှင် ဖန်တီးနိုင်မယ့်အခြေအနေနဲ့ ဖန်တီးပိုင်ခွင့်ဆိုတဲ့ လုပ်ပိုင်ခွင့်ကို လက်ဝယ်ပိုင်ပိုင်ရဖို့ လိုအပ်ပါတယ်။ ရွေးကောက်ပွဲအောင်နိုင်မှလည်း အခြေအနေ ဖန်တီးနိုင်ခွင့်၊ လုပ်ပိုင်ခွင့်များရရှိတာဖြစ်ပါတယ်။ ဒီသဘောတရားအရပဲ နိုင်ငံရေးပါတီတစ်ခုရဲ့ ရွေးကောက်ပွဲအနိုင်အရှုံးရလဒ်ဟာ တိုင်းပြည်ရဲ့ ပစ္စုပ္ပန်နဲ့ အနာဂတ်အနေအထားတွေ၊ ကံကြမ္မာတွေကို ပြုပြင်ဖန်တီးနိုင်စွမ်းရှိတယ်ဆိုတာ လက်တွေ့ဖြစ်စဉ်ဖြစ်ရပ်တွေက သက်သေပြနေပြီဖြစ်ပါတယ်။ ပြည်သူရွေးချယ်လိုက်တဲ့ ကိုယ်စားလှယ်တွေနဲ့ အဲဒီကိုယ်စားလှယ်အများစုပါဝင်တဲ့ ပါတီများက တိုင်းပြည်ရဲ့ ကံကြမ္မာကို ဦးဆောင်ဖန်တီးသွားတယ်ဆိုပေမယ့် ဒီကိုယ်စားလှယ်တွေကို ရွေးချယ်ရမယ့်လုပ်ပိုင်ခွင့်က ပြည်သူလူထုလက်ထဲမှာ ရှိနေတာပါ။ ဒါကြောင့် ပြည်သူတွေစဉ်းစားသုံးသပ် ရွေးချယ်နိုင်အောင် နိုင်ငံရေးပါတီများကလည်း နိုင်ငံတော်အတွက် ရေရှည်မျှော်မှန်းချက်တွေ၊ ပါတီက ဆောင်ရွက်မယ့် မူဝါဒတွေ၊ အကောင်အထည်ဖော်မယ့် လုပ်ငန်းစဉ်တွေ၊ ပြည်သူလူထုကို ခိုင်ခိုင်မာမာတင်ပြချင်တဲ့ ကတိကဝတ်တွေကို ယခုလို ရှင်းလင်းတင်ပြကြရတာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီအနေနဲ့ နိုင်ငံတော်နဲ့ နိုင်ငံသားအားလုံးအတွက် ပိုမိုတောက်ပတဲ့ အနာဂတ်ကို ဖော်ဆောင်နိုင်ရန် ပါတီရဲ့မူဝါဒတွေနဲ့ လုပ်ငန်းစဉ်တွေကို နိုင်ငံတော်ရဲ့ သမိုင်းကြောင်းနောက်ခံ၊ ပကတိအခြေအနေနဲ့ အရှိတရားများအပေါ်မှာ သေသေချာချာ စဉ်းစားသုံးသပ် ချမှတ်ထားပါတယ်။ ပိုမိုတောက်ပသော အနာဂတ်ဆိုတာကတော့ ပြည်သူတွေအတွက် လက်ရှိအခြေအနေထက်ပိုပြီး စီးပွားဥစ္စာရှာဖွေရလွယ်ကူတဲ့အနာဂတ်၊ ပိုမိုလုံခြုံတဲ့အနာဂတ်၊ ပိုမိုလွတ်လပ်ပွင့်လင်းပြီး ဖိနှိပ်ခြင်း၊ ကြောက်ရွံ့ရခြင်းကင်းတဲ့အနာဂတ်၊ အခြေခံဥပဒေက ပေးထားတဲ့ နိုင်ငံသားအခွင့်အရေးကို နိုင်ငံသားတိုင်း အပြည့်အဝခံစားရရှိနိုင်မယ့်အနာဂတ်၊ ယုံကြည်ကိုးကွယ်မှုဆိုင်ရာ ဥပဒေပါအခွင့်အရေး အပြည့်အဝရမယ့် အနာဂတ်၊ နိုင်ငံသားတိုင်းဟာ ကိုယ့်ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းတွေကို မြတ်နိုးတန်ဖိုးထားထိန်းသိမ်းဖို့ စိုးရွံ့အားငယ်စရာမရှိတဲ့ အနာဂတ်၊ ကလေးသူငယ်များ ကျား/မ မဟူ လူငယ်လူရွယ်များအတွက် သင်ယူမှုအခွင့်အလမ်းတွေ၊ အလုပ်အကိုင်အခွင့်အလမ်းတွေ၊ နိုင်ငံ့သားကောင်း၊ သမီးကောင်းဖြစ်မှု အခွင့်အလမ်းတွေနဲ့ ပြည့်လျှမ်းနေစေမယ့် အနာဂတ်၊ အပြန်အလှန် နားလည်စာနာမှု၊ ညီညွတ်မျှတမှုတွေနဲ့ အမုန်းတရားကင်းတဲ့ အနာဂတ်လူမှုအဖွဲ့အစည်းကို ဆိုလိုခြင်းဖြစ်ပါတယ်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီရဲ့ ပြည်သူ့အတွက် အာမခံချက်များကို တင်ပြပါ့မယ်။ လက်တွေ့အောင်မြင်အောင်လည်း အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ကြောင်း ဦးစွာတင်ပြလိုပါတယ်ခင်ဗျာ။ မဲဆန္ဒရှင်ပြည်သူများခင်ဗျာ၊ ကျွန်တော်တို့ပါတီဟာ အစိုးရဖွဲ့ပြီး နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့စဉ်က နိုင်ငံတော်ရဲ့ လူမှုရေး၊ စီးပွားရေး၊ လုံခြုံရေး၊ ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေးအစရှိတဲ့ မြားမြောင်လှသော ကိစ္စရပ်များအပေါ်မှာ မူဝါဒချမှတ်ပြီး ပိုင်ပိုင်နိုင်နိုင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သလို အများအခေါ် အတိုက်အခံပါတီဆိုတဲ့ အနေအထားကို ရောက်ရှိလာတဲ့အချိန်မှာလည်း နိုင်ငံတော်နဲ့ နိုင်ငံသားများရဲ့ အထွေထွေအရပ်ရပ်သော အရေးအရာတွေမှာ အစိုးရကို ထိန်းညှိထောက်ပြခြင်း၊ အနာဂတ်အတွက် မူဝါဒများနဲ့လုပ်ငန်းစဉ်များ ချမှတ်ပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်နေပါကြောင်း တင်ပြလိုပါတယ်။ ပိုမိုတောက်ပတဲ့အနာဂတ်အသစ်ကို တည်ဆောက်နိုင်ဖို့အတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက ကိုင်စွဲထားတဲ့ ပြည်ထောင်စုကြီးတစ်ခုလုံးနဲ့ ပြည်ထောင်စုသားများရဲ့ အမျိုးသားအကျိုးစီးပွားအပေါ်မှာ ခိုင်ခိုင်မာမာ အခြေခံထားတဲ့ မူဝါဒကတော့ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနဲ့ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုတဲ့ နိုင်ငံနဲ့လူမျိုးရှိနေသမျှ ဘယ်တော့မှမဖောက်မပြန်၊ မလွဲမှားနိုင်တဲ့ မူဝါဒပဲ ဖြစ်ပါတယ်။ ဒီအမျိုးသားရေးမူဝါဒအပေါ်မှာအခြေခံပြီး တိုင်းပြည်ရဲ့လတ်တလောလုပ်ဆောင်သင့်တဲ့လုပ်ငန်းများကို စဉ်းစားလိုက်တဲ့အခါမှာတော့ (၁) စီးပွားရေးနဲ့ပတ်သက်လို့ လွတ်လပ်တဲ့ဈေးကွက်စီးပွားရေးစနစ်ကို ဆက်လက်ကျင့်သုံးမှာဖြစ်သလို အမျိုးသားအကျိုးစီးပွားအခြေခံနဲ့စဉ်းစားပြီးတော့ မိမိတို့နိုင်ငံသားများ လုပ်ငန်းရှင်များကို ထိုက်သင့်တဲ့အကာအကွယ်တွေပေးမှာ ဖြစ်ပါတယ်။ ပြည်တွင်း ပြည်ပလုပ်ငန်းရှင်များ စိတ်ချလက်ချ ရင်းနှီးမြှုပ်နှံနိုင်ရန်အတွက် "ယုံကြည်မှု"ကို အာမခံတည်ဆောက်ပေးရပါမယ်။ နိုင်ငံတော်ဆိုတဲ့ အဖွဲ့အစည်းကြီးကနေပြီး နိုင်ငံသားတစ်ဦးချင်းစီမှာပါ လေးလံစွာကျရောက်နေတဲ့ ကြွေးမြီဝန်ထုပ်ဝန်ပိုးကို တစ်နှစ်အတွင်းလျှော့ချနိုင်ဖို့ ကြိုးပမ်းဆောင်ရွက်သွားပါမယ်။ (၂) စိုက်ပျိုးရေး၊ စက်မှုနဲ့ ဝန်ဆောင်မှုကဏ္ဍအပါအဝင် တိုင်းပြည်ရဲ့စီးပွားရေးဘက်စုံဖွံ့ဖြိုးမှုကို အရေးတကြီးဆောင်ရွက်ရပါမယ်။ (၃) လိပ်ခဲတည်းလည်း အငြင်းပွားနေတဲ့ အခြေခံဥပဒေ ပြင်ဆင်ရေးကို ဦးစားပေးအဆင့်ထားပြီး ကြိုးပမ်းဆောင်ရွက်သွားပါမယ်။ ရည်မှန်းထားတဲ့ ဖက်ဒရယ်အနှစ်သာရ၊ ပြည်ထောင်စုအနှစ်သာရ၊ ဒီမိုကရေစီအနှစ်သာရများကို ချက်ချင်းပြသနိုင်မယ့် လက်တွေ့ကျတဲ့၊ လုပ်ဖို့လည်းမခက်တဲ့ ပြင်ဆင်မှုတွေနဲ့ ခရီးရောက်တဲ့ ပြောင်းလဲပြင်ဆင်မှုတွေကို ဆောင်ရွက်သွားပါမယ်။ နမူနာကောက်နုတ်ပြီး တင်ပြလိုတဲ့ ပြင်ဆင်ချက်တွေကတော့ တိုင်းဒေသကြီးနဲ့ ပြည်နယ်ဝန်ကြီးချုပ်များ ခန့်အပ်ခြင်းဆိုင်ရာ ပုဒ်မများ၊ တန်းတူညီမျှမှုကို လက်တွေ့ပုံဖော်နိုင်စေမယ့် ဥပဒေပုဒ်မများ၊ ပြည်ထောင်စု၊ တိုင်းဒေသကြီးနဲ့ပြည်နယ်များအကြား လုပ်ပိုင်ခွင့်ခွဲဝေခြင်းနဲ့ ပတ်သက်တဲ့ ဥပဒေပြဋ္ဌာန်းချက်များ၊ မဏ္ဍိုင်(၃)ရပ် အပြန်အလှန်အမှန်အကန် ထိန်းကျောင်းခြင်းကို အာမခံနိုင်ဖို့အတွက် အခြေခံဥပဒေဆိုင်ရာခုံရုံးတို့၊ ရွေးကောက်ပွဲကော်မရှင်တို့နဲ့ပတ်သက်သော ဥပဒေများ၊ ပြည်သူ့ကိုယ်စားလှယ်အဖြစ်မှ ရုပ်သိမ်းခြင်း (Right to Recall) ဆိုင်ရာဥပဒေ၊ ရွေးချယ်တင်မြှောက်ခြင်းစနစ် (FPTP, PR) ရွေးချယ်ကျင့်သုံးမှုများဆိုင်ရာ ဥပဒေများအပါအဝင် အခြားလိုအပ်တဲ့ဥပဒေပြင်ဆင်မှုတွေ ဖြစ်ပါတယ်။ (၄) ပြည်ထောင်စုနိုင်ငံတော်ကြီးအတွက် မရှိမဖြစ်လိုအပ်နေတဲ့ ဒီမိုကရေစီ တည်ဆောက်ရေးရဲ့ အခြေခံဖြစ်တဲ့ ငြိမ်းချမ်းရေးဖော်ဆောင်မှုများကိုလည်း ယုံကြည်မှုအပြည့်နဲ့ ဆက်လက်ဆောင်ရွက်သွားပါမယ်။ (၅) ပြည်သူအများ ယုံကြည်အားထားရတဲ့ လယ်ယာစီးပွားကဏ္ဍကို အလေးထားဖော်ဆောင်ဖို့အတွက် တောင်သူလယ်သမားရေးရာဝန်ကြီးဌာန သီးခြားဖွဲ့စည်းပြီး အသေးစိတ်စီမံဆောင်ရွက်ပါမယ်။ (၆) လယ်ယာထွက်ကုန်သီးနှံများ၊ စိုက်ပျိုးရေးထုတ်ကုန်များအတွက် စိုက်ပျိုးထုတ်လုပ်မှုစရိတ်ထက်ပိုမိုတဲ့ ရောင်းဈေးနှုန်းနဲ့ ဈေးကွက်ကို ဖန်တီးပေးပါမယ်။ (၇) အလုပ်သမားတွေအတွက် အနိမ့်ဆုံးရသင့်တဲ့ လစာငွေဟာ ဖြစ်ပေါ်နေသည့် လူနေမှုစရိတ်ကို ကာမိအောင်၊ လိုက်လျောညီထွေဖြစ်အောင် ပြင်ဆင်သတ်မှတ်ပေးပါ့မယ်။ (၈) ပြည်သူ့ဝန်ထမ်း၊ နိုင်ငံ့ဝန်ထမ်းများ ကိုယ်ရတဲ့လစာငွေနဲ့ ထောက်ပံ့မှုများနဲ့ ဂုဏ်သိက္ခာရှိရှိ ရပ်တည်နိုင်အောင် ၂၀၂၁ ခုနှစ်ကစပြီး နှစ်အလိုက် လစာနှင့် ထောက်ပံ့မှုတွေ တိုးမြှင့်ပေးပါမယ်။ (၉) အခွန်ထမ်းဆောင်ရန် တာဝန်ရှိတဲ့ အခွန်ထမ်းပြည်သူအားလုံးအတွက် ထမ်းဆောင်နိုင်တဲ့နှုန်းထား၊ သင့်တင့်သော နှုန်းထားနဲ့ မပင်မပန်း အခွန်ထမ်းဆောင်နိုင်မယ့်စနစ်ကို သုံးသပ်ပြင်ဆင်ပေးပါ့မယ်။ (၁၀) လက်ရှိအခြေအနေထက် ပိုမိုထိရောက်တဲ့ တရားဥပဒေစိုးမိုးရေး၊ ဒေသအလိုက် တည်ငြိမ်အေးချမ်းရေးနဲ့ မူးယစ်ဆေးဝါးနှိမ်နင်းရေးတွေကို ထိထိရောက်ရောက်ဆောင်ရွက်ပါမယ်။ (၁၁) ခြိမ်းခြောက်ခံနေရတဲ့ သဘာဝပတ်ဝန်းကျင်နဲ့ ဂေဟစနစ်ထိန်းသိမ်းရေးအတွက် ဥပဒေများပြင်ဆင်ခြင်းနဲ့ ရှိပြီးဥပဒေများကို ထိထိရောက်ရောက် ကိုင်စွဲကျင့်သုံးပြီးတော့ ကာကွယ်ဆောင်ရွက်သွားပါ့မယ်။ (၁၂) ကျက်မှတ်စွဲမြဲမှု၊ ထိုးထွင်းကြံဆမှုနဲ့ ပိုင်းခြားသုံးသပ်တတ်မှုကနေပြီး လက်တွေ့အသုံးချမှုကိုကူးပြောင်းနိုင်တဲ့ ပညာရေးစနစ်နဲ့ ဆရာနဲ့ တပည့်ကြားက အပြန်အလှန် တန်ဖိုးထားရှိသေလေးစားမှုများကို ပြန်လည်ပျိုးထောင်ပါ့မယ်။ (၁၃) လူငယ်များ၊ အမျိုးသမီးများအတွက် အားကစားကဏ္ဍမြှင့်တင်ရေးနဲ့ အလုပ်အကိုင်အခွင့်အလမ်း ကောင်းများရရှိရေးအတွက် လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်သလို ကျား၊ မ ခွဲခြားမှုမရှိဘဲ အရည်အချင်းနဲ့ လုံ့လဥဿာဟအတိုင်း အခွင့်အရေးတန်းတူ ရှိစေရပါမယ်။ နိုင်ငံသားတိုင်း ကျန်းမာသန်စွမ်းရေးအတွက် ထိရောက်တဲ့ ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်ပါ့မယ်။ (၁၄) နိုင်ငံတကာအဖွဲ့အစည်းအားလုံး၊ နိုင်ငံတကာမှ ပုဂ္ဂိုလ်အားလုံးနဲ့ ပူးပေါင်းဆောင်ရွက်တဲ့လုပ်ငန်းတွေမှာ အမျိုးသားအကျိုးစီးပွားကို စံထားပြီး ပြန်လည်သုံးသပ် ဆောင်ရွက်သွားပါမယ်။ (၁၅) မြန်မာ့လူ့အဖွဲ့အစည်းတစ်ရပ်လုံးရဲ့ ဂုဏ်သိက္ခာမြှင့်တင်ရေး၊ ကြီးပွားတိုးတက်ရေး၊ ဘဝလုံခြုံရေးတို့ကို လက်တွေ့ကျကျ ဆောင်ရွက်ပေးပါမယ်။



အဲဒီကတိကဝတ်များ၊ လုပ်ငန်းစဉ်များကို အောင်မြင်အောင်အကောင်အထည်ဖော်ဖို့ဆိုရင်တော့ ကျွန်တော်တို့ တစ်ပါတီတည်းနဲ့ဆောင်ရွက်ခြင်း၊ ပါတီခေါင်းဆောင်တစ်ကိုယ်တော် တစ်ဦးကောင်း တစ်ယောက်ကောင်းနဲ့ ဆောင်ရွက်ခြင်းမျှဖြင့်တော့ ခါချဉ်ကောင်မာန်ကြီးတဲ့ ရည်မှန်းချက်၊ ကြံ့ဝါးချက်မျိုးသာ ဖြစ်နိုင်မယ်ဆိုတာလည်း ကျွန်တော်လက်တွေ့ကျကျယုံကြည်ထားတဲ့အတွက် ပါဝင်သင့် ပါဝင်ထိုက်သူ၊ ပါတီ၊ အဖွဲ့အစည်း၊ လူမျိုးစုများ၊ တစ်ဦးချင်းထူးချွန်ထက်မြက်သူများ သဟဇာတဖြစ်စွာ ပူးပေါင်းဆောင်ရွက်ရေးဆိုတဲ့ မူဝါဒကို လက်ကိုင်ထားပါတယ်။

ပါတီစုံစနစ်မှာ နိုင်ငံရေးပါတီများ၊ နိုင်ငံရေးသမားများ၊ ကိုယ်စားလှယ်လောင်းများဟာ မိမိတို့အပေါ် ပြည်သူလူထုရဲ့အထင်ကြီးလေးစားမှုနဲ့ ယုံကြည်မှုရစေဖို့အတွက် ဟောပြောမှု၊ ရေးသားမှု၊ ကတိကဝတ်နဲ့ အာမခံချက်ပေးမှုတွေကို လုပ်ကြတာဟာ သဘာဝပါပဲ။ သို့ပေမယ့် လက်တွေ့လုပ်ကိုင်လိုတဲ့ စေတနာ ရှိမှု၊ မရှိမှု၊ လုပ်နိုင်ကိုင်နိုင်၊ ကတိကဝတ်တွေကို အကောင်အထည်ဖော်ဆောင်နိုင်တဲ့ အရည်အချင်း၊ အရည်အသွေးနဲ့ စိတ်စေတနာများဟာ ပြည်သူအများစုအပေါ်မှာ အာရုံထားရပ်တည်ထားခြင်း ဟုတ်၊ မဟုတ် ဆိုတာတွေကလည်း ရက်ပိုင်း၊ နှစ်ပိုင်းအတွင်းမှာပဲ သိသာပေါ်လွင်လာတတ်တဲ့ ကိစ္စမျိုးဖြစ်ပါတယ်။

ဒါကြောင့် နှစ်များစွာစောင့်ပြီးမှ ကိုယ့်လက်ထဲရောက်လာတဲ့ တိုင်းပြည်နဲ့ လူမျိုးအတွက် အလွန်တန်ဖိုးကြီးတဲ့ ရွေးချယ်ခွင့်ကို သေသေချာချာ စဉ်းစားသုံးသပ်ပြီးမှ ဆုံးဖြတ်အသုံးပြုစေချင်တာပါ။

ကျွန်တော့်ကိုရွေးပေးပါလို့ မပြောလိုသလို၊ ကျွန်တော့်ပါတီကို ရွေးချယ်ပေးကြပါလို့လည်း မပြောလိုပါဘူးခင်ဗျာ။ မဲဆန္ဒရှင်ပြည်သူတွေက ဆုံးဖြတ်မယ့်လူ၊ ရွေးချယ်မယ့်လူ၊ နိုင်ငံရေးပါတီတွေ၊ ကိုယ်စားလှယ်လောင်းတွေက ဆုံးဖြတ်ခံ၊ ရွေးချယ်ခံမယ့်လူတွေ ဖြစ်ပါတယ်။

ကျွန်တော် အထက်ကတင်ပြသလိုပဲ ကျွန်တော်တို့ကို ရွေးပေးရမှာလို့ မခံယူဘဲ မိဘပြည်သူများက စိတ်ကြိုက်ရွေးယူရမယ့် အခွင့်အရေးဖြစ်တယ်ဆိုတာ ရှင်းရှင်းလင်းလင်းနားလည်သဘောပေါက် အသုံးချကြပါခင်ဗျာ။

ကျွန်တော့်ရဲ့ လူမှုကွန်ရက်စာမျက်နှာကနေပြီး ရေးသားတင်ပြခဲ့တာတွေ ရှိခဲ့ဖူးပါတယ်။ ကျွန်တော့်ရဲ့ ပုဂ္ဂလိကအမြင်အရ လူတစ်ယောက်ခန္ဓာကိုယ်ကျန်းမာကြံ့ခိုင်ဖို့ ထိုက်သင့်တဲ့ စောင့်စည်းမှု၊ ကိုယ်ကာယလေ့ကျင့်မှုကို ကာလရှည်ကြာ လေ့ကျင့်ရပါတယ်။

တစ်ယောက်ချင်း စိတ်ချမ်းသာဖို့ စိတ်လေ့ကျင့်ခန်းတွေနဲ့ သတိကပ်ရှုမှတ်မှုတွေကို ကာလရှည်ကြာ လေ့ကျင့်ဖို့လိုပါတယ်။ တစ်ယောက်ချင်း ချမ်းသာကြွယ်ဝဖို့ စုဆောင်းမှု၊ မြှုပ်နှံမှု၊ စွန့်စားမှုတွေနဲ့ ကာလရှည်ကြာ အားထုတ်ရပါတယ်။

သို့သော် တိုင်းပြည်နဲ့လူမျိုးနဲ့ချီပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာဖို့ဆိုရင် တစ်ချက်တည်း၊ တစ်ရက်တည်း လုပ်ဖို့ပဲလိုပါတယ်။ အဲဒါကတော့ "မှန်ကန်တဲ့ ရွေးချယ်မှု"ပဲ ဖြစ်ပါတယ်။

မဲဆန္ဒရှင်ပြည်သူအားလုံး မဲရုံကိုသွားပြီး တန်းစီပြထားတဲ့ အရောင်အသွေးစုံ၊ အရည်အသွေးစုံ၊ ပါတီစုံ၊ ကိုယ်စားလှယ်အစုံထဲက မိမိစိတ်ကြိုက်ရွေးချယ်ရယူ အသုံးချပြီး မိမိတို့ရဲ့တောက်ပတဲ့ အနာဂတ်ကို ဖန်တီးကြဖို့ အလေးအနက် တိုက်တွန်းတင်ပြအပ်ပါတယ်ခင်ဗျာ။

မိဘပြည်သူများ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်ခင်ဗျာ။

# တိုင်းရင်းသားလူမျိုးစုများဖွံ့ဖြိုးရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၁၅

တိုင်းရင်းသားလူမျိုးစုများဖွံ့ဖြိုးရေးပါတီ အကြံပေးပုဂ္ဂိုလ်နှင့် ပြောရေးဆိုခွင့်ရှိသူ ဦးရော်မန်းက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၁၅ ရက် ညပိုင်းတွင် ရေဒီယိုနှင့်ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။

အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်–



**လေးစားအပ်ပါသော ပြည်သူလူထုအပေါင်းတို့ခင်ဗျား၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ၊ ရွှင်လန်းကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။**

ကျွန်တော်ကတော့ တိုင်းရင်းသားလူမျိုးစုများဖွံ့ဖြိုးရေးပါတီ (Ethnic National Development Party– ENDP) ၏ ပြောရေးဆိုခွင့်ရှိသူ ဦးရော်မန်း ဖြစ်ပါတယ်။ ယခုလို ကျွန်တော်တို့ပါတီ၏ ရည်ရွယ်ချက်များကို ပြည်ထောင်စုဖွား ပြည်သူလူထုကြီးအား ရေဒီယိုနှင့် ရုပ်မြင်သံကြားမှတစ်ဆင့် ပြောကြားခွင့်ရရှိတဲ့အတွက် အလွန်ပင်ဂုဏ်ယူဝမ်းမြောက်ဝမ်းသာ ဖြစ်ပါကြောင်းလည်း ဖော်ပြလိုပါတယ်။

နိုင်ငံရေးပါတီတစ်ခု ဖွဲ့စည်းတည်ထောင်မယ်ဆိုရင်တော့ တစ်ကမ္ဘာလုံးနဲ့ သက်ဆိုင်သော နိုင်ငံရေးအမြင်၊ နိုင်ငံတကာဆက်ဆံရေးအမြင်၊ နိုင်ငံတစ်နိုင်ငံနှင့်သက်ဆိုင်သော နိုင်ငံရေးအမြင်၊ ဒေသအသီးသီးမှာ နေထိုင်ကြတဲ့ လူမျိုးနွယ်စုများနှင့် စီးပွားရေးအမြင်စတဲ့ နိုင်ငံရေးအမြင်အမျိုးမျိုးကို ရှုမြင်ပြီး ဖွဲ့စည်းတည်ထောင်ကြမှာ ဖြစ်ပါတယ်။ သို့သော် ကျွန်တော်တို့ တိုင်းရင်းသားလူမျိုးစုများဖွံ့ဖြိုးရေးပါတီ၏ ရည်ရွယ်ချက်နှင့် ရပ်တည်ချက်တွေကို အကျယ်တဝင့် မပြောဆိုဘဲ အဓိကဦးတည်ချက်ကိုသာလျှင် တင်ပြသွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ မှီတင်းနေထိုင်ကြတဲ့ လူမျိုးပေါင်း ၁၃၅ မျိုး ရှိတယ်ဆိုတာ အားလုံးအသိပဲဖြစ်ပါတယ်။ ဒီလူမျိုးအသီးသီးမှာ စာပေ ယဉ်ကျေးမှု၊ ယုံကြည်ကိုးကွယ်ရာ ဘာသာတရား၊ ရိုးရာဓလေ့ထုံးတမ်းများ အသီးသီးရှိကြပါတယ်။ ၎င်းတို့အားလုံးထဲမှာ လူမျိုးနွယ်စုတွေလည်း ပါဝင်ပြီး သူတို့ရဲ့အခန်းကဏ္ဍကို ချန်လှပ်ထားလို့မရသလို သူတို့၏စာပေ ယဉ်ကျေးမှု၊ ထုံးတမ်းအစဉ်အလာတွေကိုလည်း တိုးတက်ကောင်းမွန်အောင် မြှင့်တင်ပေးရန်နှင့် ကာကွယ်စောင့်ရှောက်ထိန်းသိမ်းပေးရန် လိုအပ်ပါတယ်။ ကျွန်တော်တို့ပါတီသည် တိုင်းရင်းသားလူမျိုးစုများကို တန်းတူအခွင့်အရေးပေးပြီး လူမျိုးနွယ်စုများ ဖွံ့ဖြိုးတိုးတက်ရေး၊ အေးချမ်းသာယာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးသော အစိုးရနှင့် လက်တွဲ၍ နိုင်ငံတော်အကျိုး ဆောင်ရွက်ရမည်ဟု ခံယူထားပါတယ်။ ဤကဲ့သို့ ခံယူထားသည့်အတွက် ကျွန်တော်တို့ပါတီ၏ ဦးတည်ချက်မှာ

၁။ စစ်မှန်သော ဒီမိုကရေစီစနစ်ပေါ်ထွန်းရေး၊

၂။ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော် တည်ဆောက်ရေး၊

၃။ တိုင်းရင်းသားလူမျိုးစုများ ရသင့်ရထိုက်သော တန်းတူအခွင့်အရေးများရရှိရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိနိုင်ရေးတို့ဖြစ်ပါတယ်။

ပထမအချက်ဖြစ်သော စစ်မှန်သောဒီမိုကရေစီစနစ်သည် လူတိုင်းအတွက် မရှိမဖြစ်လိုအပ်သော လွတ်လပ်မှု၊ တရားမျှတမှုတို့ အခြေခံသောစနစ်ဖြစ်၍ လူမျိုးတိုင်းလက်ခံနိုင်သော စနစ်ဖြစ်ပါတယ်။ ထို့ကြောင့် ကျွန်တော်တို့ပါတီအနေဖြင့် စစ်မှန်သော ဒီမိုကရေစီပေါ်ထွန်းရေးအတွက် အင်တိုက်အားတိုက် ပါဝင်ကြိုးပမ်းသွားမှာဖြစ်ပါတယ်။

ဒုတိယအချက်ကတော့ မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ်တစ်ခုသာ တည်ထောင်ပါက အဆင်ပြေနိုင်မှာ မဟုတ်သည့်အတွက် ဒီမိုကရေစီစနစ်နှင့် ဖက်ဒရယ်စနစ်ကို ပေါင်းပြီး တည်ထောင်ရန်လိုအပ်ပါတယ်။ အဘယ်ကြောင့်ဆိုသော် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် လူမျိုးပေါင်းစုံစု၍ နေထိုင်သော နိုင်ငံဖြစ်တဲ့အတွက်ကြောင့် ဖက်ဒရယ်စနစ်သည် လူမျိုးနွယ်စုများ ရသင့်ရထိုက်သော အခွင့်အရေးကို ပေးနိုင်သော နိုင်ငံရေးစနစ်ဖြစ်သလို ထမ်းဆောင်ရမည့် တာဝန်များကို ပြဋ္ဌာန်းနိုင်ပါတယ်။ တန်းတူအခွင့်အရေး ရရှိရေးဆိုတဲ့နေရာမှာ လူမှုဘဝဆက်လက်၍ ဖွံ့ဖြိုးတိုးတက်ရေး၊ စာပေ၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းစဉ်လာများ ထိန်းသိမ်းကာကွယ်ရေးနှင့် ကိုယ့်ကြမ္မာကိုယ်ဖန်တီးနိုင်ရေး၊ ပထဝီဝင်နယ်မြေဆက်စပ်၍ နေထိုင်သော လူမျိုးနွယ်စုများစုစည်း၍ အုပ်ချုပ်ရေးနယ်မြေ သတ်မှတ်ပေးနိုင်ရေးစတဲ့ အခွင့်အရေးများပေးနိုင်ရေးလည်း ပါဝင်ပါတယ်။

တတိယအချက်ကတော့ တိုင်းရင်းသားလူမျိုးနွယ်စုများ တန်းတူအခွင့်အရေးရရှိရေးပင်ဖြစ်ပါတယ်။ ဤစနစ်ဟာ ကျွန်တော်တို့နိုင်ငံမှာ အောင်မြင်ရန် ကြိုးပမ်းရေးဆောင်ရွက်နေတဲ့ အဖွဲ့အစည်းပါတီများနှင့်အတူ ပူးပေါင်းပါဝင်၍ လှုပ်ရှားဆောင်ရွက်နိုင်ကြောင်း ဖော်ပြလိုပါတယ်။ ဤစနစ်ဟာ အခွင့်အရေးအပြင် ထမ်းဆောင်ရမည့် တာဝန်များကိုလည်း ပြဋ္ဌာန်းပေးနိုင်တဲ့စနစ်ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့နိုင်ငံကို ဖက်ဒရယ်နိုင်ငံတော် လုပ်ဆောင်မှသာလျှင် တိုင်းသူပြည်သားအားလုံးအတွက် အေးချမ်းသာယာနိုင်ပြီး အတူယှဉ်တွဲနေထိုင်ကောင်းသောနိုင်ငံတော် နေချင်စဖွယ်ကောင်းသော နိုင်ငံတော်ဖြစ်မယ်ဟု ယုံကြည်ပါတယ်။ အထူးဖော်ပြလိုတာကတော့ နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးစုများကို အုပ်စုနှစ်ခုအားဖြင့် ဖော်ပြလိုပါတယ်။ ပထမအုပ်စုသည် ပထဝီဝင်နယ်မြေ တစ်ဆက်တစ်စပ်တည်း မရှိဘဲ လူမျိုးပေါင်းစုံများနှင့် ရောနှောနေထိုင်သောအုပ်စုနှင့် ဒုတိယအုပ်စုမှာ ပထဝီဝင်နယ်နိမိတ် တစ်ဆက်တစ်စပ်တည်းရှိသော နယ်မြေဒေသတွင် နေထိုင်သော အုပ်စုများဖြစ်ကြပါတယ်။ အချို့သောလူမျိုးနွယ်စုများမှာ ပထဝီဝင်နယ်မြေဒေသတစ်ဆက်တစ်စပ်တည်းတွင် နေထိုင်သော်လည်း မြို့နယ်သုံးခုထက်မနည်းသော အုပ်ချုပ်ရေးနယ်ပယ်တွင် နေထိုင်သောကြောင့် လူမှုရေး၊ စာပေ၊ ယဉ်ကျေးမှုများ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရာတွင်လည်းကောင်း၊ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရာတွင်လည်းကောင်း အခက်အခဲများစွာနှင့် ကြုံတွေ့နေရပါတယ်။ ထိုကဲ့သို့ အခက်အခဲများနှင့် ကြုံတွေ့နေသော တိုင်းရင်းသားလူမျိုးနွယ်စုများမှ လူဦးရေ အသင့်အတင့်ရှိပြီး နေထိုင်ရာဒေသ နယ်နိမိတ်အကျယ်အဝန်း အသင့်အတင့်ရှိကာ စာပေ၊ ယဉ်ကျေးမှု၊ ထုံးတမ်းအစဉ်အလာများ ပိုင်ဆိုင်ထားသော သီးခြားလူမျိုးနွယ်စုများကို တစုတစည်းတည်း အုပ်ချုပ်ရေးနယ်မြေ သတ်မှတ်ပေးရေးကို အစိုးရထံ တောင်းဆိုနိုင်ရန်အတွက် အဓိက ရည်ရွယ်ချက်ဖြစ်ပါတယ်။ နယ်မြေခွဲခြား၍ နေထိုင်ရသဖြင့် လူဦးရေအားဖြင့် လူနည်းစုအသွင်သို့ ရောက်ရှိကာ အခြားပါတီတွင် ပါဝင်ရေးမှာလည်း အင်အားနည်းသော အခြေအနေဖြစ်နေပါတယ်။ မိမိတို့မျိုးနွယ်စုကိုယ်စားပြု ပြောဆိုရမည့်သူလည်းမရှိ၊ တောင်းဆိုပေးနိုင်မည့်သူလည်းမတွေ့နိုင် ဖြစ်နေပါတယ်။



ဒါကြောင့် ကျွန်တော်တို့ပါတီဟာ ၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲမှာ မရာ ပြည်သူ့ပါတီ (Mara People's Party) အမည်ဖြင့်လည်းကောင်း၊ ၂၀၁၀ ခုနှစ်တွင် တိုင်းရင်းသားလူမျိုးစုများဖွံ့ဖြိုးရေးပါတီအမည်ဖြင့်လည်းကောင်း၊ ၂၀၁၅ ခုနှစ် အထွေထွေ ရွေးကောက်ပွဲ၌လည်းကောင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ်တွင်လည်း ချင်းပြည်နယ် အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ် (၇)၊ အမှတ်(၉) နှင့် မတူပီမြို့နယ် မဲဆန္ဒနယ် အမှတ် (၂) မဲဆန္ဒနယ်များတွင် ဝင်ရောက်ယှဉ်ပြိုင်အရွေးခံမည်ဖြစ်ပါတယ်။

မြန်မာ့နိုင်ငံရေးအခြေအနေအရ ပြည်မတွင်ရှိသော ပါတီနိုင်ငံရေးအခြေအနေနှင့် တိုင်းရင်းသားဒေသတွင်ရှိသော ပါတီနိုင်ငံရေးအခြေအနေများဟာ မတူညီကြပါဘူးလို့ ယူဆပါတယ်။ နိုင်ငံရေးခံယူပုံ၊ ရှုမြင်ပုံ ပါတီနိုင်ငံရေး လှုပ်ရှားပုံတွေမတူညီပါ။ ဒီလိုမတူညီသောအခြေအနေမှာ လူမျိုးနွယ်စုများအနေနဲ့ ပါတီကြီးသို့ ဝင်ရောက်၍ ရသင့်သောအခွင့်အရေးနှင့် ပြောရေးဆိုခွင့်တွေရရှိရေး အခွင့်အရေးနည်းပါးနိုင်သည်ဟု ယူဆရပါတယ်။

သို့ဖြစ်ပါ၍ တန်းတူအခွင့်အရေးရရှိရေးနှင့် အေးချမ်းသာယာစွာ ယှဉ်တွဲနေထိုင်နိုင်ရေး၊ ဒီမိုကရေစီ စနစ်ပေါ်ထွန်းရေး၊ ဒီမိုကရေစီဖက်ဒရယ်နိုင်ငံတော် တည်ထောင်နိုင်ရေး၊ တိုင်းရင်းသားလူမျိုးနွယ်စုများ ရသင့်ရထိုက်သော အခွင့်အရေးရရှိရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ရန်ကြိုးစားနေသော ကျွန်တော်တို့ တိုင်းရင်းသားလူမျိုးစုများဖွံ့ဖြိုးရေးပါတီအရွေးခံရန်၊ ရွေးချယ်ထားသောနယ်မြေရှိ ပြည်သူလူထုများအနေဖြင့် ပုဆိန်၊ စပါးနှံ၊ ဓားပုံပါသော တံဆိပ်ကိုသာရွေးချယ်၍ အသည်းနှလုံးကြားက မဲကိုပေးကြပါလို့ တောင်းဆိုရင်း နိဂုံးချုပ်အပ်ပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။

## တီးတိန်၌ ရပ်ကွက်/ကျေးရွာအုပ်စုဥက္ကဋ္ဌ၊ အတွင်းရေးမှူးများ ရွေးကောက်ပွဲဆိုင်ရာ ဆင့်ပွားသင်တန်း ပြုလုပ်

**တီးတိန် စက်တင်ဘာ ၁၅**

ချင်းပြည်နယ် တီးတိန်မြို့၌ ရပ်ကွက်/ကျေးရွာအုပ်စုဥက္ကဋ္ဌ၊ အတွင်းရေးမှူးများအား ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲဆိုင်ရာ ဆင့်ပွားသင်တန်းကို တီးတိန်မြို့နယ်(ပြန်/ဆက်)ရုံး လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယနေ့နံနက် ၁၀ နာရီက ပြုလုပ်ကြောင်း သိရသည်။

ထိုသို့ပြုလုပ်ရာတွင် တီးတိန်မြို့နယ် အထွေထွေ ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးဆွင့်ခန့်ခမ်က အမှာစကားပြောကြားပြီး သင်တန်းသင်ခန်းစာ မိတ်ဆက်ခြင်း၊ သင်တန်းများ၏ ရွေးကောက်ပွဲနှင့်ဆိုင်သော အခြေခံဗဟုသုတများအား ကိုယ်တိုင်အကဲဖြတ်ခြင်းနှင့် စာရင်းပြုစုခြင်းဆိုင်ရာများ ပို့ချသည်။

သင်တန်းတွင် ရွေးကောက်ပွဲပြစ်မှု၊ ပြစ်ဒဏ်နှင့် တရားမဲ့ပြုကျင့်မှု၊ မဲပေးခြင်း၊ မဲရေတွက်ခြင်း၊ ရလဒ်များ ထုတ်ပြန်ခြင်း၊ ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများ လုပ်ငန်းလမ်းညွှန်ချက်နှင့် ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲများ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၏ ရှောင်ရန်၊ ဆောင်ရန် အချက်များ၊ နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ လိုက်နာရမည့် ကျင့်ဝတ်၊ အငြင်းပွားမှုများ ဖြေရှင်းခြင်း၊ ကြိုတင်မဲပေးခြင်း၊ ပုံစံများအသုံးပြုခြင်းဆိုင်ရာများကို မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူတို့က ပို့ချကြသည်။

ယခုလိုသင်တန်းကို တီးတိန်မြို့နယ်အတွင်းရှိ ခိုင်ကမ်းမြို့အပါအဝင် ရပ်ကွက် ရှစ်ခုနှင့် ကျေးရွာအုပ်စု ၅၅ အုပ်စုမှ အုပ်စုအဖွဲ့ခွဲပြီး တစ်ဖွဲ့လျှင် သင်တန်းသား သင်တန်းသူ ၃၀ ကန့်သတ်ပို့ချသွားမည်ဖြစ်ကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး ဦးစီးအရာရှိ ဒေါ်ဒိမ့်စန်းကိမ်ထံမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

■

## ကလေးမြို့၌ ခရိုင်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေး ကော်မတီဝင်များ ညှိနှိုင်းအစည်းအဝေး ကျင်းပ

**ကလေး စက်တင်ဘာ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ပါတီများနှင့် ရွေးကောက်ပွဲတွင် သက်ဆိုင်သူများအကြား အငြင်းပွားမှုဖြင့် မဲဆွယ်စည်းရုံးရေးကာလအတွင်း တစ်စုံတစ်ရာ ပေါ်ပေါက်လာပါက ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ အဆင့်ဆင့် လုပ်ငန်းစဉ်လက်စွဲနှင့်အညီ အချိန်တိုအတွင်း လွယ်ကူလျင်မြန်စွာ ဖြေရှင်းဆောင်ရွက်နိုင်ရေးတို့အတွက် ရွေးကောက်ပွဲဆိုင်ရာ ညှိနှိုင်းရေးကော်မတီဝင်များ ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီက ကလေးခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ခရိုင်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေး ကော်မတီဥက္ကဋ္ဌ ဦးဝင်းဆွေက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် ခရိုင်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒေါ်ယဉ်နွယ်နွယ်က ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီဖွဲ့စည်းမှုနှင့် စေ့စပ်ညှိနှိုင်းရေးကော်မတီ၏ လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ တက်ရောက်လာကြသည့် ခရိုင်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီဝင်များက အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်အတွင်း နိုဝင်ဘာ ၈ ရက်တွင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေ ၄၁၀၀၀၀ ကျော်နှင့် ဆန္ဒမဲပေးနိုင်ရန်အတွက် မဲရုံပေါင်း ၃၉၇ ရုံခန့် လျာထားကြောင်း ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။

**ထန်းဖုန်(ပြန်/ဆက်)**

# ကမန်အမျိုးသားတိုးတက်ရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၁၅

**ကမန်အမျိုးသားတိုးတက်ရေးပါတီ ဒုတိယဥက္ကဋ္ဌ ဦးလှတိုးက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၁၅ ရက် ညပိုင်းတွင် ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



မြန်မာနိုင်ငံအတွင်းရှိ နိုင်ငံသူ/နိုင်ငံသားများခင်ဗျား မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်းနှုတ်ခွန်းဆက်သအပ်ပါတယ်။

**လေးစားအပ်ပါသော မဲဆန္ဒရှင်နိုင်ငံသူ/နိုင်ငံသားများခင်ဗျား**

ကျွန်တော်ကတော့ ကမန်အမျိုးသားတိုးတက်ရေးပါတီ(ဗဟို)မှ ဒုတိယဥက္ကဋ္ဌ ဦးလှတိုးဖြစ်ပါတယ်။ ကျွန်တော်တို့ပါတီကို ၂၀၁၀ ခုနှစ် ဇွန်လတွင် ပါတီတည်ထောင်ခွင့်လျှောက်ထားခဲ့ပြီး ၂၀၁၀ ခုနှစ် ဇူလိုင်လ ၅ ရက်နေ့တွင် မှတ်ပုံတင်ခွင့်ပြုခဲ့ပါတယ်။ မြန်မာနိုင်ငံအတွင်းရှိ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း စသောတိုင်းရင်းသားလူမျိုး ရှစ်မျိုးကိုတော့ လူတိုင်းသိကြပါတယ်။ ရခိုင်မျိုးနွယ်စုမှာပါဝင်တဲ့ ကမန်တိုင်းရင်းသားလူမျိုးစုကိုတော့ လူတိုင်းမသိကြပါဘူး။ ကမန်တိုင်းရင်းသားလူမျိုးစုဟာ ရခိုင်ပြည်နယ်မှ ပေါက်ဖွားလာကြတဲ့ တိုင်းရင်းသားလူမျိုးစုဖြစ်ပါတယ်။

ကမန်လူမျိုးတွေဟာ ရခိုင်ဘုရင်အုပ်စိုးစဉ် ကာလကပင် ရခိုင်တပ်မတော်မှ လေးကိုင်သူရဲကောင်းများအဖြစ် သစ္စာရှိစွာ အမှုထမ်းခဲ့ကြသည့် လူမျိုးများဖြစ်ကြောင်း ရခိုင်ဆရာတော်ကြီးများ ရေးသားသည့် သမိုင်းရာဇဝင်အထောက်အထားမှတ်တမ်းတွေမှာ ရေးသားထားတာတွေကို တွေ့ရှိရပါတယ်။ ကမန်လူမျိုးတွေဟာ တိုင်းရင်းသားလူမျိုးဖြစ်သည့်အတွက် မြန်မာ့နိုင်ငံရေးမှာ စစ်ကြိုခေတ်၊ စစ်ပြီးခေတ် အချိန်တွေမှာလည်း နိုင်ငံရေးကိစ္စတွေမှာ တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ခဲ့သလို ၁၉၉၀ ခုနှစ်တွင်လည်း ကမန်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို တည်ထောင်ပြီး လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ပါဝင်ယှဉ်ပြိုင်ခဲ့ပါတယ်။ အဆိုပါရွေးကောက်ပွဲတွင် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးရွေးချယ်ခံခဲ့ရသော်လည်း အကြောင်းအမျိုးမျိုးကြောင့် လွှတ်တော်ဖွဲ့စည်းခွင့်၊ လွှတ်တော်တက်ရောက်ခွင့် မရရှိခဲ့ပါဘူး။ ၂၀၁၀ ခုနှစ်တွင်လည်း ကမန်အမျိုးသားတိုးတက်ရေးပါတီကို တည်ထောင်ပြီး ရခိုင်ပြည်နယ်အနှံ့အပြားတွင် ကိုယ်စားလှယ်လောင်း ခြောက်နေရာဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်တွင်လည်း ကျွန်တော်တို့ပါတီမှ ရန်ကုန်တိုင်းဒေသကြီး အပါအဝင် ရခိုင်ပြည်နယ်အချို့နေရာများတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ယခု ၂၀၂၀ ခုနှစ်တွင်လည်း ရန်ကုန်တိုင်းတွင် သုံးနေရာနှင့် ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၌ ကိုယ်စားလှယ်လောင်း နှစ်နေရာ ဝင်ရောက်ယှဉ်ပြိုင်ရန် အမည်စာရင်းတင်သွင်းထားပြီး ဖြစ်ပါတယ်။

**မဲဆန္ဒရှင်ပြည်သူများခင်ဗျား...**

ကျွန်တော်တို့ပါတီဟာ မိမိတို့လူမျိုးဖွံ့ဖြိုး တိုးတက်ရေးကို အခြေခံဖွဲ့စည်းထားပေမယ့် ပါတီဝင်အဖြစ် လျှောက်ထားရာတွင် နိုင်ငံသူ/နိုင်ငံသားမည်သူ့ကိုမဆို ဝင်ရောက်ခွင့်ပြုထားပါတယ်။ နိုင်ငံတော်က သတ်မှတ်ထားသည့် ဥပဒေနှင့် ညီညွတ်သူမည်သူမဆို လျှောက်ထားနိုင်ပါတယ်။ ဒါပေမယ့် ပါတီဝင်တိုင်းကတော့ ကမန်လူမျိုးဖြစ်ရမယ်ဆိုတဲ့ သတ်မှတ်ချက်တော့မရှိပါဘူး။ ယခု ၂၀၂၀ ပြည့် ရွေးကောက်ပွဲမှာ နိုင်ငံတော်ရဲ့ကံကြမ္မာကို အဆုံးအဖြတ်ပေးနိုင်မယ့် အစိုးရသစ်နဲ့ ဥပဒေပြုရေးမဏ္ဍိုင်ကို တည့်မတ်ထိန်းကျောင်းပေးနိုင်မယ့် လွှတ်တော်ကိုယ်စားလှယ်များ ပေါ်ထွက်လာရေး ရည်ရွယ်လျက် သမာသမတ်ကျကာ ကိုယ်ကျိုးမဖက်ဘဲ အဂတိတရားကင်းရှင်းပြီး မှန်ကန်ကောင်းမွန်တဲ့ အုပ်ချုပ်မှုစနစ်တစ်ရပ် ပေါ်ပေါက်လာရေးနဲ့ ပြည်သူတွေလိုလားချက်ကို အကောင်အထည်ဖော်နိုင်တဲ့ အစိုးရတစ်ရပ်ဖြစ်ရန် အရေးကြီးပါတယ်။ ပြည်သူတွေရဲ့ လိုလားချက်တွေကို အကောင်းဆုံးအကောင်အထည်ဖော်နိုင်ဖို့အတွက် အစိုးရကို တိုက်တွန်းတင်ပြနိုင်မယ့် ပြည်သူ့ကိုယ်စားလှယ်များ ပေါ်ထွန်းလာရေးမှာ ပြည်သူများကသာ ရွေးချယ်ပေးမယ့် မဲတစ်ပြားအပေါ် အဓိကမူတည်လျက်ရှိပါတယ်။

ဒါကြောင့် နိုင်ငံတော်နဲ့ ပြည်သူတွေရဲ့အကျိုးကို အမှန်တကယ် ထိထိရောက်ရောက်ဆောင်ရွက်ပေးနိုင်မယ့် အစိုးရနဲ့ လွှတ်တော်ကိုယ်စားလှယ်များကို သေချာစဉ်းစားဆင်ခြင်ပြီး မဲပေးရမှာဖြစ်ပါတယ်။ နိုင်ငံတော်နဲ့ ပြည်သူတို့ရဲ့အကျိုးကို ထိရောက်စွာအကောင်အထည်ဖော် ဆောင်ရွက်မပေးနိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များကို ရွေးချယ်မိခဲ့ရင် နိုင်ငံသူ/နိုင်ငံသားများရဲ့ အခက်အခဲများကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်ပေးနိုင်မှာ မဟုတ်ဘူးဆိုတာ အသေအချာပါပဲ။

ကျွန်တော်တို့ပါတီက အမည်စာရင်းတင်သွင်းထားတဲ့ ကိုယ်စားလှယ်တွေကတော့ ရပ်ရွာအကျိုး၊ နိုင်ငံအကျိုးအတွက်စိတ်ကောင်းစေတနာမှန်နဲ့ မိမိတတ်နိုင်သည့်ဘက်မှ ဥပဒေနဲ့အညီ အားကြိုးမာန်တက်ကြိုးစားဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ တကယ်မလုပ်နိုင်တဲ့ကိစ္စကို ကတိလွယ်လွယ်ပေးပြီး ပြည်သူများဆီမှမဲကို လိမ်လည်ရယူသူများ မဖြစ်စေရပါဘူး။

ကျွန်တော်တို့ဟာ ကမန်တိုင်းရင်းသားတွေဖြစ်ပါတယ်။ ဒါပေမယ့် မိမိလူမျိုးအတွက်သာ အမြင်ကျဉ်းကျဉ်းနဲ့ ဦးစားပေးဆောင်ရွက်ပေးသွားမည့်သူများ မဟုတ်ဘဲ မိမိဒေသ၊ ရပ်ကွက်ကျေးရွာများနဲ့ နိုင်ငံတော် တစ်ဝန်းလုံးရှိ ပြည်သူများ၏ အခက်အခဲ၊ အကျပ်အတည်းများကို ဥပဒေနဲ့အညီ ကူညီဆောင်ရွက်ပေးနိုင်ဖို့ ကြိုးစားသွားမှာ ဖြစ်ပါတယ်။ ဒ့ါအပြင် ကျွန်တော်တို့ဟာ လွှတ်တော်ကိုယ်စားလှယ်ဖြစ်ခဲ့ရင် ကျွန်တော်တို့ကိုယုံကြည်စွာ ဆန္ဒမဲပေးခဲ့တဲ့ဒေသ၊ မြို့ရွာများမှ ပြည်သူများရဲ့ ဖွံ့ဖြိုးတိုးတက်ရေး၊ အခွင့်အရေးတန်းတူရရှိရေးနှင့် နိုင်ငံသားတွေရဲ့ အခက်အခဲ၊ အကျပ်အတည်းတွေကို ဖြေရှင်းဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

အဆိုပါ ကိစ္စရပ်များအတွက် နိုင်ငံတော်အစိုးရကို တင်ပြနိုင်ရန် လွှတ်တော်ကိုယ်စားလှယ်ဖြစ်မှသာ ကူညီဆောင်ရွက်ပေးသွားနိုင်မှာ ဖြစ်ပါတယ်။ ဒ့ါအပြင် ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်မှု အောင်မြင်ရေးကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသလောက် တိုက်တွန်းတင်ပြပေးမှာ ဖြစ်တဲ့အတွက် ပြည်သူတစ်ရပ်လုံး မျှော်လင့်တောင့်တနေတဲ့ စစ်မှန်တဲ့ ဖက်ဒရယ်စနစ်ကို အခြေခံသော နိုင်ငံတော်တည်ဆောက်ရေးကိုလည်း ကိုယ်စားလှယ်တစ်ဦးရဲ့ လုပ်ပိုင်ခွင့်ထဲက ဥပဒေနှင့်အညီ ကူညီဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ရဲ့ ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲပေးခြင်းအားဖြင့် လွှတ်တော်ကိုယ်စားလှယ်ဖြစ်လာသည့်အခါ လူနည်းစုနိုင်ငံသားများရဲ့ အခက်အခဲအကျပ်အတည်းများကို ဖြေရှင်းဆောင်ရွက်ပေးသွားမှာဖြစ်တဲ့အပြင် ဒီမိုကရေစီနိုင်ငံတော်ကြီးတည်ထောင်ရေးအတွက်လည်း အားသွန်ခွန်စိုက် တိုက်တွန်းဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့ပါတီရဲ့ ဖွဲ့စည်းပုံမှာ ဖော်ပြထားသည့်အတိုင်း ဒီမိုကရေစီဘောင်အတွင်းက ဥပဒေနဲ့အညီ အလုပ်သမား၊ လယ်သမား၊ ဆင်းရဲသားလူတန်းစားများနှင့် အဖိနှိပ်ခံပြည်သူများရဲ့ အခွင့်အရေးများကို အပြည့်အဝရရှိအောင် အစွမ်းကုန်ဆောင်ရွက်သွားပြီး လူမျိုးရေး၊ ဘာသာရေး၊ လိင်ပိုင်းဆိုင်ရာခွဲခြားဆက်ဆံမှုများကိုလည်း ထိထိရောက်ရောက်တိုက်ဖျက်သွားပါမယ်။ အဲဒါကြောင့် မဲဆန္ဒရှင်နိုင်ငံသူ နိုင်ငံသားများအနေနဲ့ အသည်းကြားက မဲတစ်ပြားကို မဲပေးတဲ့အချိန်မှာ လွှတ်တော်ကိုယ်စားလှယ်များရဲ့ အကျင့် စာရိတ္တကောင်းမကောင်း၊ စိတ်ကောင်းစေတနာမှန် ရှိ၊ မရှိ၊ သမာသမတ် ရှိ၊ မရှိတို့ကို လေ့လာဆုံးဖြတ်ပြီး မဲပေးကြဖို့အတွက် အရွေးမမှားစေရန် စေတနာကောင်းနဲ့ သတိပေးပြောကြားလိုပါတယ်။ ကျွန်တော်တို့ ကိုယ်စားလှယ်တွေကတော့ ကိုယ်လုပ်မပေးနိုင်တာကို ပုံကြီးချဲ့ပြီး ချမပြလိုပါဘူး။ ကိုယ်ကြိုးစားပြီး ဆောင်ရွက်နိုင်မယ့်ကိစ္စတွေကိုသာ ပြည်သူအကျိုးအတွက် ဥပဒေနဲ့မဆန့်ကျင်ဘဲ ဆောင်ရွက်ပေးသွားပါမယ်လို့ တင်ပြလိုပါတယ်။

**မဲဆန္ဒရှင် နိုင်ငံသူ နိုင်ငံသားများခင်ဗျား....**

ကျွန်တော်တို့ပါတီရဲ့ မူဝါဒကိုလည်း အခုလိုဖော်ပြပေးထားပါတယ်။

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနှင့် လောကပါလတရားများကို အခြေခံပြီး လူ့အခွင့်အရေးများကို လေးစားလိုက်နာသော ပြည်ထောင်စုဖွား ပြည်သူပြည်သားများ၊ ပါတီများနှင့် လက်တွဲပြီး အနာဂတ်မှာ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဖက်ဒရယ်ကို အခြေခံသည့် ဒီမိုကရေစီနိုင်ငံတော်သစ် ဖြစ်ပေါ်လာစေဖို့ အစွမ်းကုန် ကြိုးပမ်းသွားရေး။



(၂) အကြမ်းဖက်ဝါဒနဲ့ အခြားအစွန်းရောက် ဘယ်ဝါဒမျိုးကိုမဆို ဆန့်ကျင်သွားရေး။

(၃) ကမ္ဘာ့နိုင်ငံများ အပါအဝင် အိမ်နီးချင်း နိုင်ငံများနဲ့ ဖြောင့်မတ်ပြီး ဘက်မလိုက်မူဝါဒကိုအခြေခံတဲ့ ချစ်ကြည်ရင်းနှီးမှု တည်ဆောက်ရေးတွင် ပါဝင်ကူညီရေး။

(၄) နိုင်ငံတစ်ဝန်းလုံးမှာ ဘက်စုံဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်ရေး။

(၅) မြန်မာလူ့အဖွဲ့အစည်းကို အကျိုးမပြုသော အတွေးအခေါ်၊ အယူအဆများ ပပျောက်ချုပ်ငြိမ်းသွားအောင် ပညာပေးစည်းရုံးရေးတို့ ဖြစ်ပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် လွှတ်တော်ကိုယ်စားလှယ်တွေ လွှတ်တော်အတွင်းကို ဝင်ရောက်ရေးအတွက် မကြာမီ ပြည်သူများက မဲပေးခွင့်ရတော့မှာ ဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်တစ်ရပ်မှာ မိမိတို့ရွေးချယ်လိုတဲ့ ခေါင်းဆောင်ကို မဲပေးခွင့်ရရှိနေခြင်းဟာလည်း ဒီမိုကရေစီရဲ့ အစိတ်အပိုင်းတစ်ရပ်ဖြစ်တာမို့လို့ မဲပေးမမှားဖို့၊ လူရွေးမမှားဖို့၊ ပါတီအရွေးမမှားဖို့ အလွန်အရေးကြီးပါတယ်။ ပြည်သူများအနေဖြင့် နိုင်ငံရေးဘက်ကို နည်းနည်းလေးဖြစ်ဖြစ် အချိန်ပေးပြီး လေ့လာစဉ်းစားကြည့်စေချင်ပါတယ်။ ကိုယ်ပေးရမယ့်မဲပြားကို လေးလေးနက်နက် တန်ဖိုးထားစေချင်ပါတယ်။ တတ်နိုင်သလောက် အချိန်ပေးပြီး စဉ်းစားဆုံးဖြတ်စေချင်ပါတယ်။ ဒီမိုကရေစီလူ့အဖွဲ့အစည်းတစ်ခု တည်ဆောက်ရာမှာ ကိုယ်ရွေးချယ်ခဲ့တဲ့ကိုယ်စားလှယ်ဟာ အရည်အချင်းကောင်း၊ မကောင်း၊ အများပြည်သူများရဲ့ အကျိုးကို ဆောင်ရွက်နိုင်စွမ်းရှိသူ ဟုတ်၊ မဟုတ် ခွဲခြားသိနိုင်ရန် ပြည်သူတွေအနေနဲ့ စဉ်းစားဖို့ လိုအပ်ပါတယ်။

ဒါကြောင့် မိမိတို့ရဲ့ မဲပေးရွေးချယ်ရန် တာဝန်ကို အလေးထားမဆောင်ရွက်ခဲ့တဲ့အတွက်ပဲဖြစ်ဖြစ်၊ မဲပေးမှားခဲ့တာကြောင့်ပဲဖြစ်ဖြစ်၊ နိုင်ငံတော်အတွက် အများပြည်သူအတွက် လူကောင်းသူကောင်းတွေ၊ လွှတ်တော်အဆင့်ဆင့်ထဲကို ရောက်လာခဲ့လို့ရှိရင် ကျွန်တော်တို့နိုင်ငံရဲ့ အခြေအနေ တိုးတက်လာနိုင်မလား၊ ဘယ်လိုဖြစ်သွားမလဲဆိုတာကို သေချာစဉ်းစားဆုံးဖြတ်ကြစေလိုပါတယ်။ တိုင်းပြည်ရဲ့ကံကြမ္မာကို အဆုံးအဖြတ်ပေးရမည့်သူများမှာ မဲဆန္ဒရှင် နိုင်ငံသူ၊ နိုင်ငံသားများသာ ဖြစ်ပါတယ်။

မဲဆန္ဒရှင် မိဘပြည်သူများခင်ဗျား ကျွန်တော်တို့ ကမန်အမျိုးသားတိုးတက်ရေးပါတီမှ လွှတ်တော်ကိုယ်စားလှယ်လောင်းများကို အပြည့်အဝမဲပေးခဲ့မယ်ဆိုလျှင် ကျွန်တော်တို့ဟာ ပြည်သူ့ကိုယ်စားလှယ်တွေ ဖြစ်လာကြမှာပါ။ အဲဒီအခါမှာ ကျွန်တော်တို့ကို မဲပေးခဲ့တဲ့ ဒေသခံပြည်သူများရဲ့အကျိုး၊ ရပ်ကွက်ကျေးရွာ၊ နိုင်ငံသူ၊ နိုင်ငံသားများရဲ့အကျိုးကို အပြောမဟုတ်ဘဲ အလုပ်နဲ့သက်သေပြသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ပါတီဟာ လူမျိုးစုတိုင်းရင်းသားပါတီဖြစ်တာကြောင့် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်၊ မဲဆန္ဒနယ်(၁)တွင် တစ်ဦး၊ တာမွေမြို့နယ် တိုင်းဒေသကြီးလွှတ်တော် မဲဆန္ဒနယ်(၂)တွင် တစ်ဦး၊ မရမ်းကုန်းမြို့နယ် တိုင်းဒေသကြီးလွှတ်တော် မဲဆန္ဒနယ်(၁)တွင်တစ်ဦး၊ ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်တွင် တစ်ဦးနှင့် ရခိုင်ပြည်နယ် သံတွဲမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် (၁)တွင် တစ်ဦး စုစုပေါင်း ငါးဦးဝင်ရောက်ယှဉ်ပြိုင်မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ကမန်အမျိုးသားတိုးတက်ရေးပါတီရဲ့ တံဆိပ်ကတော့ ယခုပြသထားတဲ့ပုံ ဖြစ်ပါတယ်။


နိုင်ငံသူ၊ နိုင်ငံသားများခင်ဗျား ပြည်သူများရဲ့အကျိုးကို သယ်ပိုးဆောင်ရွက်နိုင်မယ့် ကျွန်တော်တို့ရဲ့ ကိုယ်စားလှယ်များကို ရွေးချယ်မဲပေးနိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်အပ်ပါတယ်။

နိုင်ငံသူ၊ နိုင်ငံသားများအားလုံး ကျန်းမာရွှင်လန်းကြပါစေ။

**ပြည်သူ့ဆန္ဒနှင့်အညီ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲဆီသို့ . . .**

# ကြိုတင်ဆန္ဒမဲလက်မှတ်များအတွက် ပယ်မဲနမူနာပုံစံများ


(ယမန်နေ့မှအဆက်)



နမူနာ - ၁
ဆန္ဒပြုရမည့် အကွက်၏ပြင်ပတွင် ဆန္ဒပြုထားသော မဲလက်မှတ်



နမူနာ - ၂
လုံး၀ ဆန္ဒပြုမထားသော မဲလက်မှတ်




နမူနာ - ၃
အစွန်းအထင်းပါသော မဲလက်မှတ်



နမူနာ - ၄
အမှတ်အသားပြုထားသော မဲလက်မှတ်



နမူနာ - ၅
ကြက်ခြေခတ်ဖြင့် ဆန္ဒပြုထားသော မဲလက်မှတ်



နမူနာ - ၆
မည်သူ့အားဆန္ဒပြုထားကြောင်း ဆုံးဖြတ်ရခက်သည့် မဲလက်မှတ်

**မှတ်ချက်။ အထက်ဖော်ပြပါပုံစံများသည် နမူနာပုံစံ အချို့သာဖြစ်ပါသည်။ ၎င်းနမူနာပုံစံများနှင့် သဘောတရားတူသော မဲလက်မှတ်များကို ပယ်မဲအဖြစ် ဆုံးဖြတ်ရန် ဖြစ်သည်။**

(ဆက်လက်ဖော်ပြပါမည်)

# ရုပ်ရှင်ဇာတ်လမ်းများကပေးတဲ့ ဘဝသင်ခန်းစာများ

**သင်တို့၏ ပုံပြောနိုင်သည့်စွမ်းရည် တိုးတက်ဖြစ်ပေါ်လာစေရန် လေ့ကျင့်ပါ**

ကျွန်ုပ်တို့ဟာ ဟောလိဝုဒ်လို့ ပြောဆိုကြတဲ့အခါ ရုပ်ရှင်ဇာတ်ကားတွေက တင်ဆက်တဲ့ စိတ်လှုပ်ရှားဖွယ်ကောင်းတဲ့၊ ပြဇာတ်ဆန်တဲ့၊ ရယ်မောဖွယ်ရာကောင်းတဲ့ ဇာတ်လမ်းတွေကို ဦးစွာ အမှတ်ရလေ့ရှိကြပါတယ်။

ဇာတ်ညွှန်းရေးဆရာတစ်ဦးဖြစ်သူ ရောဘတ်မက်ကီးက “ရုပ်ရှင်ဇာတ်လမ်းတွေဟာ အမှန်တကယ်တော့ ဘဝကိုတီထွင်ဆန်းသစ်တဲ့ အနေအထားနဲ့ ပိုမိုအားကောင်းတဲ့၊ ပိုမိုရှင်းလင်း ပြတ်သားတဲ့၊ အဓိပ္ပာယ်ပိုမိုပြည့်ဝတဲ့ အတွေ့အကြုံမျိုးအဖြစ် အသွင်ပြောင်းလဲထားခြင်းဖြစ်တယ်” လို့ ပြောကြားဖူးပါတယ်။ ရုပ်ရှင်ဇာတ်လမ်းတွေဟာ လူတို့ရဲ့ ထိတွေ့ဆက်ဆံမှုလို့လည်း ကျယ်ကျယ်ပြန့်ပြန့် လက်ခံထားကြပါတယ်။

ရုပ်ရှင်သရုပ်ဆောင်တွေဟာ ကြီးကျယ်ကောင်းမွန်တဲ့ ဇာတ်လမ်းတွဲတွေရဲ့ တန်ဖိုးကို ကောင်းမွန်စွာနားလည်ကြသလို အဲဒီဇာတ်လမ်းတွေကို သက်ဝင်လှုပ်ရှားလာအောင် ပြုလုပ်ဖို့ အရေးကြီးတဲ့အချက်ကို ကောင်းစွာသဘောပေါက်ကြပါတယ်။

မူလဆောင်းပါးရှင်ဟာ စီးပွားရေးခေါင်းဆောင်တွေ၊ အရောင်းကိုယ်စားလှယ်တွေကို သင်ကြားရတဲ့အခါမှာ ၎င်းတို့အနေနဲ့ ဇာတ်လမ်းတွေကို အသုံးပြုပြီး လေ့ကျင့်ဖို့၊ ဦးဆောင်ဖို့၊ ပြန်လည်အသုံးချဖို့ မှာကြားလေ့ရှိပါတယ်။ အချို့သောပုဂ္ဂိုလ်တွေအတွက် ဇာတ်လမ်းပုံပြင်ပြောကြားခြင်းဟာ မွေးရာပါ အတတ်ပညာတစ်ရပ်လို တတ်ကျွမ်းနေတတ်ပြီး ဇာတ်လမ်းပုံပြင် ပြောကြားတာကို ထမင်းစား၊ ရေသောက်သလိုမျိုး လုပ်ဆောင်နိုင်ကြပါတယ်။ နံနက်ခင်း လက်ဖက်ရည်ဝိုင်းမှာ ဆုံကြတဲ့အခါမှာ အများက ယင်းကဲ့သို့ပုဂ္ဂိုလ်မျိုးတွေရဲ့ နောက်ဆုံးပေါ် ပုံပြင်ဇာတ်လမ်းဆန်ဆန် အတွေ့အကြုံတွေကို ကြားသိလိုကြပါတယ်။

**ဇာတ်လမ်းပုံပြင်ကို ကောင်းစွာပြောကြားပါ**

တစ်ဦးတည်းသော ပရိသတ်ဖြစ်စေ၊ ထောင်နဲ့ချီတဲ့ ပရိသတ်ဖြစ်စေ၊ ကောင်းမွန်တဲ့ ဇာတ်လမ်းတစ်ပုဒ်ကို အဆင်မပြေစွာ နားထောင်ရခြင်းထက် သာမန်ရိုးစင်းတဲ့ ဇာတ်လမ်းလေး တစ်ပုဒ်ကို ပြောင်မြောက်စွာ ကြားနာရတာကို ပိုမိုနှစ်သက်တတ်ကြပါတယ်။

လုပ်ငန်းကုမ္ပဏီ အမှုဆောင်တွေ ပြောကြားမယ့် မိန့်ခွန်းတွေအတွက် လမ်းညွှန်မှုပေးရခြင်းဟာ မူလဆောင်းပါးရှင်ရဲ့ လုပ်ငန်းပိုင်းမှာ စိတ်လှုပ်ရှားဖွယ်အစိတ်အပိုင်းတစ်ရပ် ဖြစ်ခဲ့ပါတယ်။ တစ်ချိန်မှာ ကုမ္ပဏီလုပ်ငန်းပိုင်းနဲ့ပတ်သက်ပြီး ရှင်းလင်းတင်ဆက်ရမယ့် ပုဂ္ဂိုလ်တစ်ဦးက စာရင်းအင်းအချက်အလက် စာရွက်စာတမ်းတွေကို မူလဆောင်းပါးရှင်ထံ ယူလာပြီး အဆိုပါကိန်းဂဏန်းတွေဟာ ၎င်းတင်ဆက်လိုတဲ့ အကြောင်းအရာပင်ဖြစ်ကြောင်း ပြောကြားပါတယ်။

မူလဆောင်းပါးရှင်က ဘယ်အတွက်ကြောင့် ၎င်းရဲ့ပရိသတ်အနေနဲ့ အဆိုပါ ကိန်းဂဏန်းတွေကို မိန့်ခွန်းအဖြစ် ကြားသိသင့်တယ်၊ မိန့်ခွန်းရဲ့ မည်သည့်အစိတ်အပိုင်းဟာ ပရိသတ်အတွက် စိတ်ဝင်စားဖွယ်ရာဖြစ်လိမ့်မယ်၊ မိန့်ခွန်းရဲ့ အဓိကအင်္ဂါရပ်ဖြစ်တဲ့ ဇာတ်လမ်း၊ တစ်နည်းအားဖြင့် မိန့်ခွန်းပြောကြားသူနဲ့ နားထောင်သူပရိသတ်တွေအကြား လူသားဆန်ဆန် ဆက်သွယ်မှုအပိုင်းကို ဘယ်ပုံဘယ်နည်း ရှာဖွေဖော်ထုတ်သွားမယ်ဆိုတဲ့ အချက်တွေနဲ့ ပတ်သက်ပြီး ပြန်လည်မေးခွန်းထုတ်ခဲ့ပါတယ်။

ယင်းနောက်မှာတော့ အဆိုပါပုဂ္ဂိုလ်နဲ့ မူလဆောင်းပါးရှင်တို့ဟာ စိတ်လှုပ်ရှားဖွယ်ရာ တစ်ချက်မှမရှိတဲ့ စာရင်းအင်း၊ ကိန်းဂဏန်းတွေဟာ ဘယ်အကြောင်းအရာတွေကို ကိုယ်စားပြုကြောင်း စိတ်ဝင်စားဖွယ် တင်ဆက်နိုင်ရေးအတွက် ပြင်ဆင်ခဲ့ကြရပါတယ်။

> **ပါဝါပွိုင့်တင်ဆက်မှုကို အသုံးပြုတော့မယ်ဆိုရင်လည်း တင်ဆက်မှုအကွက်တွေမှာ ဖော်ပြလိုတဲ့အကြောင်းအရာတွေကို တတ်နိုင်သမျှ အနည်းဆုံးသာ ဖော်ပြသင့်ပါတယ်။ ပရိသတ်ဟာ သင်တို့တင်ဆက်မယ့် ဇာတ်လမ်းအကြောင်းအရာကို နားထောင်လိုခြင်းသာဖြစ်ပြီး ပါဝါပွိုင့်တင်ဆက်မှုအကွက်များကို ဖတ်ရှုဖို့ လာရောက်နားထောင်နေတာ မဟုတ်ကြောင်း အမှတ်ရနေသင့်ပါတယ်။**

များသောအားဖြင့် လူတို့ဟာ ကျွန်ုပ်တို့ပြောကြားလိုက်တဲ့ စကားလုံးတွေထက် ၎င်းတို့ နားထောင်နေတဲ့အချိန်မှာ စိတ်ထဲမှာ ပေါ်လွင်ထင်ဟပ်လာတာတွေကိုသာ ပိုမိုအမှတ်ရလေ့ ရှိကြပါတယ်။

**အထောက်အကူပြု ဗယားအချပ်များအပေါ် လုံးလုံးလျားလျား အားကိုးသင့်-မသင့်**

စာဖတ်သူတို့အနေနဲ့ ဇာတ်လမ်းတစ်ပုဒ်ကို တင်ဆက်ရာမှာ အထောက်အကူပြု ဗယားအချပ်များအပေါ် လုံးလုံးလျားလျား မှီခိုအားထားခြင်း မပြုသင့်ပေ။

မကြာသေးမီက မိန့်ခွန်းပြောကြားမှုအတွက် လေ့ကျင့်ပေးတဲ့ သင်ခန်းစာတစ်ရပ်မှာ မူလဆောင်းပါးရှင်က သင်တန်းသားတစ်ဦးအား ၎င်းတင်ဆက်ခဲ့တဲ့ အကြောင်းအရာကို သားနားလှတဲ့ လေးရောင်ခြယ်ဂရပ်တွေရဲ့ အထောက်အကူမပါဘဲ တစ်ကြိမ်ပြန်လည် တင်ဆက်ဖို့ အကြံပြုခဲ့ပါတယ်။ အဲဒီသင်တန်းသားကလည်း မြင်ကွင်းအထောက်အကူပြုဂရပ်တွေကို အသုံးမပြုဘဲ ၎င်းပြောကြားလိုတဲ့ အကြောင်းအရာကို ပြန်လည်တင်ဆက်ခဲ့ရာမှာ ပရိသတ်အားလုံးက ဒုတိယအကြိမ် ပြန်လည်တင်ဆက်မှုဟာ ပထမအကြိမ်ထက် ပိုမိုထိရောက်ပြီး ပိုမိုစိတ်ဝင်စားဖွယ်ကောင်းကြောင်း တညီတညွတ်တည်း မှတ်ချက်ပြုခဲ့ကြပါတယ်။

သို့ဖြစ်၍ တင်ဆက်မှု ပြုလုပ်တဲ့အခါမှာ အထောက်အကူပြု ပစ္စည်းကိရိယာတွေကို အသုံးမပြုဖို့ တိုက်တွန်းခြင်းလားဟု မေးခွန်းထုတ်နိုင်ပါတယ်။

ယင်းကဲ့သို့ ဆိုလိုခြင်းလည်း မဟုတ်ပါ။ သို့ရာတွင် စာဖတ်သူတို့အနေဖြင့် မိမိတို့ ပြောကြားလိုတဲ့ အကြောင်းအရာနဲ့ပတ်သက်ပြီး ဘယ်လိုအချက်တွေက အဓိကကျပြီး ယင်းအချက်တွေကို ဘယ်လိုအကောင်းဆုံး တင်ဆက်မယ်ဆိုတာကို ရှေးဦးစွာ ဆုံးဖြတ်ဖို့ လိုပါတယ်။ မိမိတို့ တင်ဆက်လိုတဲ့ အကြောင်းအရာအပေါ်မူတည်ပြီး လိုအပ်လာတဲ့အခါ အထောက်အကူပြုပစ္စည်းတွေကို အသုံးပြုနိုင်ပါတယ်။

ကုမ္ပဏီလုပ်ငန်းအုပ်စုတစ်စုက ၎င်းတို့အနေနဲ့ ပါဝါပွိုင့် တင်ဆက်မှုအကွက် (Power Point slide) (၄၀) လောက်အသုံးပြုပြီး တစ်ကွက်နဲ့တစ်ကွက်အကြား ဘယ်လိုအကြောင်းအရာကို ထည့်သွင်းပြောကြားဖို့ စဉ်းစားရခြင်းထက် မိမိတို့ တင်ဆက်လိုတဲ့ အကြောင်းအရာအလိုက် အထောက်အကူပြုစေမယ့် ပစ္စည်းတွေကို အသုံးပြုခြင်းက ပိုမိုကျိုးကြောင်းဆီလျော်ကြောင်း

## ကောင်းမွန်

မှတ်ချက်ပြုခဲ့ဖူးပါတယ်။

**ပရိသတ်နဲ့ ဆက်သွယ်ခြင်း**

စာဖတ်သူတို့အနေနဲ့ ပရိသတ်နဲ့ အတတ်ပညာပိုင်းအရသာမက ခံစားမှုပိုင်းအရပါ ဆက်သွယ်ခြင်းပြုသင့်ပါတယ်။ သို့ဖြစ်၍ အကြောင်းအရာတစ်ခုကို တင်ဆက်တဲ့အခါ မိမိတို့ရဲ့ မှတ်စုမှတ်တမ်းတွေကိုသာ တစ်ချိန်လုံးလိုလို ကြည့်မနေသင့်ဘဲ နားထောင်နေသူတွေနဲ့လည်း ထိတွေ့နေမှု ပြုသင့်ပါတယ်။

ပါဝါပွိုင့်တင်ဆက်မှုကို အသုံးပြုတော့မယ်ဆိုရင်လည်း တင်ဆက်မှုအကွက်တွေမှာ ဖော်ပြလိုတဲ့ အကြောင်းအရာတွေကို တတ်နိုင်သမျှ အနည်းဆုံးသာ ဖော်ပြသင့်ပါတယ်။ ပရိသတ်ဟာ သင်တို့တင်ဆက်မယ့် ဇာတ်လမ်းအကြောင်းအရာကို နားထောင်လိုခြင်းသာဖြစ်ပြီး ပါဝါပွိုင့်တင်ဆက်မှုအကွက်များကို ဖတ်ရှုဖို့ လာရောက်နားထောင်နေတာ မဟုတ်ကြောင်း အမှတ်ရနေသင့်ပါတယ်။

သင်တို့ရဲ့ ဇာတ်လမ်းအကြောင်းအရာတွေကို ပရိသတ်ရဲ့ စိတ်ဝင်စားမှု၊ ၎င်းတို့ရဲ့ လိုလားချက်၊ လိုအပ်ချက်တွေနဲ့ ဆက်စပ်ထားသင့်ပါတယ်။ ဥပမာအားဖြင့် သင့်အနေနဲ့ အရောင်းအဝယ် ဝန်ထမ်းတွေနဲ့ ထိတွေ့ပြောကြားနေခြင်းဖြစ်ပါက သင်ရဲ့ကုန်ပစ္စည်း ဒါမှမဟုတ် ဝန်ဆောင်မှုတွေဟာ သုံးစွဲသူတွေကို ဘယ်လိုစိတ်ကျေနပ်မှုပေးနိုင်ကြောင်း စတဲ့ ဇာတ်လမ်းတွေကို ရွေးချယ်အသုံးပြုသင့်ပါတယ်။

၎င်းတို့ရဲ့ မှတ်ချက်တွေ၊ အကြံပြုချက်တွေကို သင်တို့ရဲ့ဇာတ်လမ်းတွေမှာ ကျေနပ်ဖွယ်၊ စိတ်လှုပ်ရှားဖွယ် ဆွေးနွေးပြောကြားမှုအနေမျိုး အသုံးပြုသင့်ပါတယ်။

ဟောလိဝုဒ်ရဲ့ စံနှုန်းနဲ့အညီ အောက်ပါ ပုံသေနည်းကို အသုံးပြုနိုင်ဖို့ ဖော်ပြလိုက်ပါတယ်-

- ❖ စိတ်ဝင်စားဖွယ်ကောင်းတဲ့ ဇာတ်ကောင်တွေနဲ့ ဇာတ်လမ်းကို စတင်ပါ။
- ❖ စိတ်လှုပ်ရှားဖွယ် အပြန်အလှန် ပြောကြားချက်ကို ထည့်သွင်းပါ။
- ❖ ဇာတ်လမ်းမှ အတုယူသင့်တဲ့ သင်ခန်းစာတစ်ခုနဲ့ အဆုံးသတ်ပါ။

လူတို့ဟာ အရောင်းအဝယ်နဲ့ပတ်သက်တဲ့ တင်ဆက်မှုတွေကို ကြွံ့ကြွံ့ခံ ငြင်းဆိုကောင်း ငြင်းဆိုနိုင်ပါလိမ့်မယ်။ သို့ရာတွင် ကောင်းကောင်းမွန်မွန် တင်ဆက်ပြောကြားလာတဲ့ ဇာတ်လမ်းတစ်ပုဒ်ကို ငြင်းဆိုဖို့ ခဲယဉ်းမယ်ဆိုတာကို အမှတ်ရနေသင့်ပါတယ်။

Ref: Fripp, Patricia. ‘Lessons from the Movies.’
The Star 9 Nov. 2010: StarClassifieds

## ရေတာရှည်မြို့နယ်၌ မျိုးစေ့ထုတ်တောင်သူများအား ဒုတိယအကြိမ် ထောက်ပံ့ငွေများပေးအပ်


**ရေတာရှည် စက်တင်ဘာ ၁၅**

ပဲခူးတိုင်းဒေသကြီး ရေတာရှည် မြို့နယ်အတွင်းရှိ မျိုးစေ့ထုတ် တောင်သူများအား စိုက်ပျိုးရေးဦးစီးဌာနမှ ကိုဗစ်-၁၉ ကာလ စီးပွားရေးကုစားမှုအစီအစဉ် (CERP)အရ ဒုတိယအကြိမ် ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနရုံး၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။



ထို့နောက် ခရိုင်ဦးစီးမှူး ဦးမြတ်မင်းထွေးနှင့် မြို့နယ်ဦးစီးမှူး ဦးနေလင်းဇော်တို့က ထောက်ပံ့ငွေပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းနိုင်အောင်က ဒုတိယအကြိမ် ထောက်ပံ့ငွေကျပ် သိန်း ၂၆၀ ကို မျိုးစေ့ထုတ်တောင်သူများသို့ ပေးအပ်ခဲ့သည်။

ကိုလွင်(ဆွာ)



# CERP အစီအစဉ်အရ မင်းပြားမြို့နယ်ရှိ ယာယီနေရပ်စွန့်ခွာသူများအတွက် စားသောက်ကုန်ငါးမျိုး ဝယ်ယူရန် ထောက်ပံ့ငွေများ ပေးအပ်



**နေပြည်တော် စက်တင်ဘာ ၁၅**

ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ် (COVID-19 Economic Relief Plan-CERP) အရ ရခိုင်ပြည်နယ်အတွင်းရှိ IDP/ တိုက်ပွဲရှောင်စခန်းများမှ နေရပ်စွန့်ခွာအိမ်ထောင်စုများအား စားသောက်ကုန်ငါးမျိုး ဝယ်ယူရန် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၄၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ခြင်းကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ CERP အစီအစဉ်အရ စားသောက်ကုန်ငါးမျိုး ဝယ်ယူရန်အတွက် မင်းပြားမြို့နယ် နဂရာကျေးရွာအုပ်စု ကျွန်းတောရွှေဖောင်တောဘုန်းတော်ကြီးကျောင်းရှိအိမ်ထောင်စု ၇၂ စု၊ ပန်းမြောင်းအုပ်စု ရွာသစ်ဘုန်းတော်ကြီးကျောင်းရှိအိမ်ထောင်စု ၅၀၊ နရမ်းအုပ်စု နရမ်းရွာကြီးဓမ္မာရုံရှိ အိမ်ထောင်စု ၅၇ စု၊ နရမ်းအုပ်စု ဘုန်းတော်ကြီးကျောင်းရှိအိမ်ထောင်စု ခုနစ်စု၊ အလယ်ပိုင်းရပ်ကွက် ပုညာရာမဘုန်းတော်ကြီးကျောင်းရှိအိမ်ထောင်စု ၄၇ စု၊ စမ္ဗလေအုပ်စု သေကန်ဘုန်းတော်ကြီးကျောင်းရှိအိမ်ထောင်စု ၃၁၂ စု၊ စမ္ဗလေအုပ်စု အမ်းသားဘုန်းတော်ကြီးကျောင်းရှိ အိမ်ထောင်စု ၉၂ စု၊ သူဌေးကုန်း ဘုန်းတော်ကြီးကျောင်းရှိ အိမ်ထောင်စု ၅၈ စု၊ ပုလဲပေါက်ကျေးရွာဘုန်းတော်ကြီးကျောင်းရှိအိမ်ထောင်စု ၃၂ စု၊ အိုင်ဝန်းကျေးရွာအုပ်စု အိုင်ဝန်းကျေးရွာရှိ အိမ်ထောင်စုခြောက်စု၊ မြို့သစ်ရပ်ကွက် ဓညဝတီကျောင်းတိုက်ရှိ အိမ်ထောင်စု ၆၃ စု၊ မြို့သစ်ရပ်ကွက် မြရတနာကျောင်းတိုက်ရှိ အိမ်ထောင်စု သုံးစု၊ ထိန်ပင်အုပ်စု ရွှေကျုန် ဘုန်းတော်ကြီးကျောင်းရှိ အိမ်ထောင်စု ၃၈ စု၊ မင်းဇီအုပ်စု ဝါးတောင်ကျေးရွာရှိ အိမ်ထောင်စု ၇၈ စု စုစုပေါင်း ယာယီတိုက်ပွဲရှောင်စုရပ် ၁၄ ခုရှိ အိမ်ထောင်စု ၉၁၅ စုတို့အတွက် ထောက်ပံ့ငွေကျပ် စုစုပေါင်း ၃၆၆၀၀၀၀၀ ကို မြောက်ဦးခရိုင် ဦးစီးမှူးရုံးမှ တာဝန်ရှိသူများက ယမန်နေ့တွင် မင်းပြားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မင်းပြားမြို့နယ် စီမံခန့်ခွဲမှုကော်မတီဝင် ဌာနဆိုင်ရာများနှင့်အတူ တိုက်ပွဲရှောင်စခန်းအသီးသီးသို့ သွားရောက်၍ လက်ဝယ်အရောက် ထောက်ပံ့ခဲ့သည်။

ထို့အပြင် ထောက်ပံ့ရန်ကျန်ရှိသည့် စစ်တွေ၊ ပေါက်တော၊ ရသေ့တောင်၊ ပုဏ္ဏားကျွန်းနှင့် အမ်းမြို့နယ်များရှိ တိုက်ပွဲရှောင်နေရပ်စွန့်ခွာသူများအား ထောက်ပံ့ကူညီမှုများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကုန်ထုတ်လမ်း ဆောင်ရွက်မှုအား ကွင်းဆင်းစစ်ဆေး

**ရေး စက်တင်ဘာ ၁၅**

မွန်ပြည်နယ် ရေးမြို့နယ် ကိုးမိုင်ကျေးရွာ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်သော ကျေးရွာကုန်ထုတ်လမ်း ဆောင်ရွက်ပြီးစီးမှု အခြေအနေကို စက်တင်ဘာလ ဒုတိယအပတ်တွင် မြို့နယ်ဦးစီးမှူးနှင့် ဦးစီးအရာရှိ (နည်းပညာ)တို့က ကွင်းဆင်းကြည့်ရှုခဲ့သည်။

အဆိုပါ ကိုးမိုင်ကျေးရွာ ကုန်ထုတ်လမ်းခင်းခြင်းကို တင်ဒါအောင်မြင်သော လင်းမြင့်ထွန်းကုမ္ပဏီက တာဝန်ယူဆောင်ရွက်ခြင်းဖြစ်ပြီး အလျား ၀/၄ မိုင်၊ အကျယ် ၁၂ ပေဖြစ်ကာ Box Culvert တစ်စင်းပါရှိသည်။ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေအား ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ခဲ့ကြောင်းနှင့် ကုန်ထုတ်လမ်းလုပ်ငန်း ဆောင်ရွက်ခဲ့ခြင်းအတွက် ကျေးရွာရှိ လယ်ယာ၊ ဥယျာဉ်ခြံမြေ ဧက ၁၀၅၀ တို့အား အကျိုးပြုကာ ကျေးရွာသူ ကျေးရွာသားတို့၏ လူမှုစီးပွားဘဝများ တိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**မန်းကိုယ်ပွား**

# မဟာသဒ္ဓမ္မဇောတိကဓဇ ဦးလှမြင့် (ခ) ကဗျာဆရာကြီး မောင်ပန်းမွှေး ကွယ်လွန်



မဟာသဒ္ဓမ္မဇောတိကဓဇ ဦးလှမြင့် (ခ) ကဗျာဆရာကြီး မောင်ပန်းမွှေး အသက်(၈၁)နှစ်သည် စက်တင်ဘာ ၁၅ ရက် (အင်္ဂါနေ့) နံနက် ၁၀:၀၅ နာရီတွင် နှလုံးရောဂါဖြင့် ကွယ်လွန်ကြောင်း သိရသည်။

ဆရာကြီး မောင်ပန်းမွှေးသည် ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန၊ ပညာရေးတက္ကသိုလ် (ရန်ကုန်) မြန်မာစာဌာန၊ ပုသိမ်ကောလိပ် မြန်မာစာဌာန၊ စစ်တွေကောလိပ် မြန်မာစာဌာနတို့တွင် တက္ကသိုလ်ဆရာအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ပညာရေးလောကအတွက် အကျိုးပြုခဲ့သည်။ မြန်မာစာပေလောကတွင်လည်း ဆရာကြီးရေးသားပြုစုခဲ့သော ပို့စကတ်ကဗျာများ၊ ကဗျာဆိုင်ရာကျမ်းများ၊ ဓမ္မစာပေများ စသည့် သုတ၊ ရသစာပေလက်ရာ များစွာကျန်ရှိခဲ့ပြီး စာဖတ်ပရိသတ်များက ဆရာကြီး၏ ကဗျာစာပေ အနုပညာလက်ရာများကို အမြဲသတိရလွမ်းဆွတ်နေရဦးမည်ဖြစ်ပါသည်။ ဆရာကြီးရေးသားပြုစုခဲ့သော စာပေလက်ရာများသည် စာဖတ်ပရိသတ်များ၏ နှလုံးသားတွင်လည်းကောင်း၊ စာပေလောကသားများ၏ ရင်ထဲတွင် လည်းကောင်း တန်ဖိုးရှိသော စာပေလက်ရာများအဖြစ် ထာဝစဉ်ရှင်သန် ကျန်ရစ်ခဲ့ပြီဖြစ်ပါသည်။

ထို့ပြင် ဆရာကြီးသည် အချစ်ဂျာနယ် အယ်ဒီတာချုပ်၊ ဝိဇ္ဇာမဂ္ဂဇင်း အယ်ဒီတာချုပ်အဖြစ် ဆောင်ရွက်ခဲ့သလို မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒ ဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသသာသနာနုဂ္ဂဟအသင်း (ဗဟို)က ထုတ်ဝေသည့် သာသနာ့အလင်းဂျာနယ်တွင် အယ်ဒီတာချုပ်အဖြစ် ဆောင်ရွက်ပြီး ဘာသာ၊ သာသနာအကျိုးကို တစ်ဖက်တစ်လမ်းမှ စွမ်းဆောင်ပေးခဲ့သူဖြစ်သည်။

ဆရာကြီးကွယ်လွန်ချိန်တွင် ဇနီး ဒေါ်ဝါဝါမေနှင့် သား မောင်သက်လှိုင်မွှေးတို့ ကျန်ရစ်ခဲ့သည်။ ယခုကဲ့သို့ ဆရာကြီး ကွယ်လွန်သွားခြင်းသည် ဆရာကြီး၏ မိသားစုများ၊ တပည့်များ၊ စာဖတ်ပရိသတ်များ၊ စာပေလောကသားများအတွက် ကြီးမားသောဆုံးရှုံးမှုတစ်ရပ်ဖြစ်သောကြောင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း ဖော်ပြအပ်ပါသည်။

**စာအုပ်စာပေ လူ့မိတ်ဆွေ**

# ဆည်ရေအသုံးချသူများ အကျိုးရှိထိရောက်စေရန် ရေအသုံးချသူများအသင်းဖွဲ့စည်းလျက်ရှိ



**နေပြည်တော် စက်တင်ဘာ ၁၅**

တောင်သူဦးကြီးများ သီးနှံစိုက်ပျိုးထုတ်လုပ်ရာတွင် လိုအပ်သည့် ရေကို အကျိုးရှိထိရောက်စွာ အသုံးပြုနိုင်ရေးနှင့် ဆည်မြောင်းစနစ်ဆောင်ရွက်ချက်များ တိုးတက်လာစေရန် နိုင်ငံတော်အစိုးရ၏ စီမံခန့်ခွဲမှုအပြင် ရေအသုံးချသူများပါဝင်သော ပူးပေါင်းစီမံခန့်ခွဲမှုနည်းလမ်းကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ဆောင်ရွက်ရာ၌ ပူးပေါင်းပါဝင် ဆည်မြောင်းစနစ်ကို လက်တွေ့အသုံးချဆောင်ရွက်ရာတွင် ရေအသုံးပြုသူတောင်သူများ၏ ပူးပေါင်းပါဝင်မှုသည် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်သည့်အတွက် ရေရယူသည့် သက်ဆိုင်ရာ မြောင်းများအလိုက် ရေအသုံးချသူများအဖွဲ့ (Water User Group – WUG)များကို ဌာနမှ ဦးဆောင်ဖွဲ့စည်းလျက်ရှိသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၅)က ဦးဆောင်ပြီး ပေါင်းလောင်းဆည်ရေသောက်စနစ်တွင် ရေအသုံးပြုသည့်မြောင်းများအလိုက် သက်ဆိုင်ရာ ဆည်ရေသောက် တောင်သူများဖြင့် WUG အဖွဲ့ပေါင်း ၂၁၉ ဖွဲ့ကို တောင်သူ ၃၄၄၆ ဦးဖြင့် ဖွဲ့စည်းထားသည်။ ပေါင်းလောင်းဆည်ရေသောက် ဧရိယာအတွင်း ဖွဲ့စည်းထားရှိပြီးသည့် WUG အဖွဲ့များသည် မိမိတို့ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ပိုမိုကျယ်ပြန့်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် ရေပေးလက်တံမြောင်းတစ်ခု၏ ရေသောက်ဧရိယာအတွင်းရှိသော WUG အဖွဲ့များ ပူးပေါင်း၍ ရေအသုံးချသူများအသင်း (Water User Association – WUA) အဖွဲ့များအဖြစ် တိုးတက်ဖွဲ့စည်းနိုင်ရန် အစည်းအဝေးများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ်–၁၉ ရောဂါဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိသည်။

"ကျွန်တော်တို့အနေနဲ့ ပေါင်းလောင်းဆည်ရေသောက်စနစ် လက်ယာတူးမြောင်းမကြီး၊ လက်တံမြောင်းအမှတ် (၁၀)ရဲ့ ရေသောက်ဧရိယာအတွင်းရှိ တောင်သူတွေ စုပေါင်းပါဝင်တဲ့ WUG အဖွဲ့ပေါင်း ၁၇ ဖွဲ့ကို ဖွဲ့စည်းခဲ့ပါတယ်။ ဒီအဖွဲ့တွေကို ပူးပေါင်းပြီး WUA အသင်းအဖြစ် တိုးတက်ဖွဲ့စည်းနိုင်ရေးအတွက် WUA ဖွဲ့စည်းရာတွင် ဆောင်ရွက်ရမည့်အဆင့်များဖြစ်တဲ့ PIM Guidelines လမ်းညွှန်ချက်နှင့်အညီ ပထမအကြိမ် အသင်းသားစုံညီ အစည်းအဝေးကျင်းပခြင်း၊ အသင်းကို တည်ဆဲဥပဒေများအရ တရားဝင်အသင်းတစ်ခုအဖြစ် မှတ်ပုံတင်ခြင်း၊ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များနှင့် ပတ်သက်၍ တွေ့ဆုံညှိနှိုင်းမှုများ ပြုလုပ်ခြင်း၊ သင်တန်းများပေးခြင်း၊ ရေစီမံခန့်ခွဲသည့် လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းတို့အပြင် WUA ဖွဲ့စည်းနိုင်မည့် ဧရိယာရွေးချယ်သတ်မှတ်ခြင်း၊ ရေရရှိမှုအခြေအနေအား အတည်ပြုခြင်း၊ ဖွဲ့စည်းမည့် ဧရိယာအတွင်းရှိ ရေအသုံးချသူများ စာရင်းပြုစုခြင်း၊ တောင်သူများအား WUA အကြောင်း မိတ်ဆက်ဆွေးနွေးခြင်း၊ ခေါင်းဆောင်များဖြင့် ဦးဆောင်သူဘုတ်အဖွဲ့ (BOD – Board Of Director) နှင့် စီမံခန့်ခွဲရေးဘုတ်အဖွဲ့ (MB – Management Board) များ ရွေးချယ်ဖွဲ့စည်း၍ အစည်းအဝေးတွေကို အဆင့်ဆင့် ပြုလုပ်လျက်ရှိပါတယ်" ဟု တည်ဆောက်ရေး(၅)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးမိုးလွင်က ပြောသည်။

ယခုကဲ့သို့ ဆည်ရေပေးဝေမှုစနစ်တွင် တောင်သူများကိုယ်တိုင်ပါဝင်ဆောက်ရွက်လာနိုင်သည့်အတွက် မိမိတို့စိုက်ကွင်းဧရိယာများအတွင်း ရေပေး၊ ရေယူစနစ်များကို အကောင်းဆုံး အခြေအနေဖြစ်အောင် ကိုယ်တိုင်ပါဝင်စီမံနိုင်ပြီး မိမိတို့ စိုက်ပျိုးထားသည့် သီးနှံပုံစံနှင့် ကိုက်ညီမှုရှိသော လိုအပ်သည့် ရေပမာဏကို လိုအပ်ချိန် အတိအကျတွင် ဌာနနှင့်အတူ ပူးပေါင်းရယူနိုင်ခြင်း အကျိုးကျေးဇူးများကို ရရှိခံစားလာနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့ WUA အသင်းကို သုခမြိုင်ရေအသုံးချသူများအသင်းဟု အမည်ပေးဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း WUA အသင်းဝင် တောင်သူ ဦးတင်ညွန့်က ပြောသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် WUA အသင်းများ ဖွဲ့စည်းထူထောင်ရာတွင် စနစ်တကျရှိစေရန် လိုက်နာကျင့်သုံးရမည့် လမ်းညွှန်ချက် PIM (Participatory Irrigation Management) Guidelines ကို JICA နှင့်ပူးပေါင်းကာ ရေးဆွဲထုတ်ပြန်ခဲ့ပြီး အဆိုပါ PIM Guidelines လမ်းညွှန်ချက်နှင့်အညီ ဌာနနှင့် Farm Project မှ ပညာရှင်များ ဦးဆောင်၍ ပေါင်းလောင်းဆည်ရေသောက်စနစ်၏ လက်တံမြောင်းအမှတ်(၁၀)တွင် ယခုကဲ့သို့ WUA အသင်း ပေါ်ပေါက်လာအောင် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ထက်လျှံ**

# ကျိုက်ထိုမြို့နယ် သမဝါယမအသင်းစုမှ စိုက်ပျိုးထားသည့် ခရမ်းသီးများအား ဖြန့်ဖြူးရောင်းချ

**ကျိုက်ထို စက်တင်ဘာ ၁၅**

ကျိုက်ထိုမြို့နယ် သမဝါယမအသင်းစုက ကိုဗစ်-၁၉ ကာလအတွင်း ဆင်းရဲနွမ်းပါးသူများ၊ အခြားစားသုံးသူများ ဈေးနှုန်းသက်သာစွာ ဝယ်ယူစားသောက်နိုင်ရေးအတွက် အသင်းပိုင်မန်ဂျန်ရှားခြံတွင် ကြားသီးနှံအဖြစ် ခရမ်းပင် ၄၅၀၀ စိုက်ပျိုးထားပြီးဖြစ်သည်။

ခရမ်းပင်များကို ဇွန်လ နောက်ဆုံးအပတ်တွင် စိုက်ပျိုးရာ ယခုအခါ သုံးလပြည့်၍ ခရမ်းသီးနှံများ လှိုင်လှိုင်ထွက်ပေါ်နေသည်။ ဤအသင်းမှထွက်ရှိသော ခရမ်းပိဿာပေါင်း ၅၈၀ အား ကာလပေါက်ဈေးထက် ၄၀၀ ကျပ်လျှော့၍ စားသုံးသူများအား ဖြန့်ဖြူးပေးခဲ့သည်။ ယခုအခါ ခရမ်းတစ်ပိဿာ၏ ဈေးနှုန်းမှာ ပြင်ပတွင် ၁၁၀၀ ကျပ်ပေါက်သော်လည်း ဤအသင်းမှ ၇၀၀ ကျပ်နှုန်းဖြင့် လက်လီလက်ကားရောင်းချပေးခဲ့သည်။

အဆိုပါ ကျိုက်ထိုမြို့နယ် သမဝါယမအသင်းစုအနေဖြင့် ဂေါ်ဖီထုပ် ၈၀၀ ကို အသင်းသားများအား လှူဒါန်းခဲ့ပြီး အာလူးပိဿာ ၄၅၀ အား ၈၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ ကြက်သွန်ဖြူပိဿာ ၃၉၀ အား ၁၅၀၀ ကျပ်နှုန်းများဖြင့် လည်းကောင်း ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း သိရသည်။

သမဝါယမအသင်းများသည် Social Economic ဖြစ်၍ မိမိအသင်းမှ အကျိုးအမြတ်ငွေများအနက် ကိုဗစ်အထောက်အကူပြုလုပ်ငန်းသုံးပစ္စည်းများအား အထက(၁)နှင့် ကျိုက်ထိုဆေးရုံသို့ လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ငဖဲမြို့နယ်၌ ရခိုင်နှင့် မကွေး ကုန်စည်လွှဲပြောင်းရေးစခန်း ဖွင့်လှစ်

**ငဖဲ စက်တင်ဘာ ၁၅**

ရခိုင်ပြည်နယ်သွား ကုန်ကားများနှင့် မကွေးတိုင်းဒေသကြီးအဝင် ကုန်ကားများတွင် လိုက်ပါလာသော ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များကို လဲလှယ်မောင်းနှင်စေရန် စီစဉ်ထားသည့် ကုန်စည်လွှဲပြောင်းရေးစခန်း တစ်ခုကို ငဖဲမြို့နယ် ဇင်ပြွန်းကျေးရွာအုပ်စုရှိ ပျဉ်းဝပူးပေါင်းစစ်ဆေးရေး စခန်းအနီးတွင် ယမန်နေ့ကစ၍ ဖွင့်လှစ်ဆောင်ရွက်နေပြီ ဖြစ်ကြောင်း သိရသည်။



မင်းဘူး-အမ်းလမ်း မိုင်တိုင်အမှတ် (၃၉ မိုင် ၄ဖာလုံ)တွင် ကုန်စည်လွှဲပြောင်းရေးစခန်းအသစ်ကို မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုဘဏ္ဍာငွေ ၂၃ ဒသမ ၉၄၆ သန်းဖြင့် ကွပ်ကဲရေးရုံး၊ ကားသမားများ နားနေဆောင်နှင့် ရေ၊ မီး အထွေထွေလုပ်ငန်းများကို စက်တင်ဘာ ၄ ရက်မှစ၍ ခုနစ်ရက်အတွင်း တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

''ရခိုင်ကလာတဲ့ ကားသမားတွေ မကွေးတိုင်းထဲကိုတော့ ဝင်လို့မရဘူး။ ရခိုင်ကလာတဲ့ကားကို မကွေးက ကားသမားကမောင်း၊ မကွေးကလာတဲ့ကားကို ရခိုင်ကလာတဲ့သူကမောင်းပြီး ကုန်စည်တွေ သယ်ရပါမယ်။ ယာဉ်မောင်းတွေ လဲလှယ်ပြီး ကုန်စည်လွှဲပြောင်းရမှာပါ'' ဟု ငဖဲမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းထွန်းက ပြောသည်။

ရခိုင်ပြည်နယ်ဘက်မှလာသည့် ကုန်ကားများကိုပိုးသတ်ဆေးဖျန်းကာ နာရီဝက်ကြာထားကြောင်း၊ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များကို နှာခေါင်းစည်းနှင့်လက်အိတ် ဝတ်စေကာ လွှဲပြောင်းရေးစခန်းသို့ အဝင်ခံကြောင်း စစ်ဆေးရေးအဖွဲ့မှ သိရသည်။

**ဇေယျာတု( မကွေး)**

## လှိုင်သာယာ၌ အသွားအလာကန့်သတ်ထားသည့် အိမ်ထောင်စုများသို့ စားသောက်ကုန်များလှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၁၅**

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကာလအတွင်း အမှတ်(၅)ရပ်ကွက်၊ အမှတ် (၆) ရပ်ကွက်နှင့် ရေဥက္ကံကျေးရွာများရှိ အသွားအလာ ကန့်သတ်ထားသည့် အိမ်ထောင်စုများသို့ ဆန်၊ ဆီ၊ ငါးသေတ္တာနှင့် ကြက်သွန်များကို We Love Yangon၊ We Love Hlaingtharyar အဖွဲ့များ၊ လှိုင်သာယာ မြို့နယ် အမှတ်(၁) တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ဦးဝင်းမောင်နှင့် လွှတ်တော် ကိုယ်စားလှယ်ရုံးအဖွဲ့ဝင်များက ယမန်နေ့ မွန်းလွဲပိုင်းတွင် ပေးအပ်လှူဒါန်း ခဲ့သည်။

ယင်းကဲ့သို့ ပေးအပ်လှူဒါန်းရာတွင် အိမ်ထောင်စု ၂၀ စု အတွက် တစ်ပတ်စာ ဆန်၊ ဆီ၊ ငါးသေတ္တာနှင့် ကြက်သွန်များကို We Love Yangon၊ We Love Hlaingtharyar အဖွဲ့များ၊ လှိုင်သာယာ မြို့နယ် အမှတ်(၁) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမောင်နှင့် လွှတ်တော် ကိုယ်စားလှယ်ရုံးအဖွဲ့ဝင်များက ပေးအပ်လှူဒါန်းခဲ့ကြပြီး အမှတ် (၅)ရပ်ကွက်၊ အမှတ်(၆)ရပ်ကွက်နှင့် ရေဥက္ကံကျေးရွာများရှိ အသွားအလာ ကန့်သတ်ထားသည့် နေအိမ်များမှ မိသားစုများက ကိုယ်တိုင်ကိုယ်ကျ လက်ခံရယူခဲ့ကြကြောင်း သိရသည်။

**ထွန်းထွန်းနိုင်(ပြန်/ဆက်)**

ရုံး/ဌာနများတွင် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရန် ကြီးကြပ်သူများ/ တာဝန်ကျဝန်ထမ်းများအနေဖြင့် အချင်းချင်း သတိပေးပြောကြားရမည့် အချက်များ

(အနည်းဆုံး တစ်နေ့ (၃)ကြိမ် ပြောကြားပေးပါရန်)

၁။ နံနက်ခင်း ရုံးသို့ လာရောက်စဉ်နှင့် ရုံးတက်ချိန်တွင် အချင်းချင်းပြောကြားရမည့်အချက်များ

- (COVID-19) ရောဂါပိုးသယ်ဆောင်ထားသော်လည်းအမြင်အားဖြင့်နေကောင်းကျန်းမာစွာဖြင့် ရောဂါလက္ခဏာတစ်စုံတစ်ရာ မပြသူများမှာ (၇၀%)အထက်တွင်ရှိနေသည်။
- (COVID-19)ရောဂါပိုးသည်အသက်ရှူထုတ်ခြင်းဖြင့်အကွာအဝေး(၅)ပေခန့်အထိ၊ ချောင်းဆိုးခြင်းဖြင့် တစ်စက္ကန့်လျှင်(၃၃)ပေနှုန်းဖြင့် (၆)ပေခွဲကျော်အထိ၊ နှာချေခြင်းဖြင့် တစ်စက္ကန့် လျှင် (၁၆၄)ပေနှုန်းဖြင့်(၁၉)ပေခွဲကျော်အထိ ရောက်ရှိနိုင်ပါသည်။
- (COVID-19)ရောဂါပိုးသည် အလုံပိတ်အခန်းများ/Air-con အခန်းများတွင် လေထဲလွင့်မျော၍ ကူးစက်ခြင်း(air borne transmission) မှတစ်ဆင့်ကူးစက်နိုင်ပါသည်။

(က) ဝန်ထမ်းကြို/ပို့ယာဉ်များပေါ်တွင် အချင်းချင်းသတိပေးပြောကြားရန်-

- အိမ်အပြင်သို့ ထွက်ရာတွင် ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မပြတ်မနေ စနစ်တကျ တပ်ဆင်ပါ၊
- ဝန်ထမ်းကြို/ပို့ယာဉ်များကို စောင့်ဆိုင်းသည့်စုရပ်တွင် တစ်ဦးနှင့်တစ်ဦး အနည်းဆုံး (၆)ပေအကွာ ခပ်ခွာခွာနေပါ၊
- ဝန်ထမ်းကြို/ပို့ယာဉ်များပေါ်တွင်စီးနင်းရာ၌ ထိုင်ခုံတစ်ခုတွင် တစ်ယောက်ချင်းစီသာ ဘေးလွှယ်ခုတ် အနေအထားဖြင့် ခပ်ခွာခွာထိုင်ပါ၊ ထိုင်ခုံတစ်ခုတည်းတွင် တစ်ဦးနှင့်တစ်ဦး နီးကပ်စွာ မထိုင်ရပါ၊

(**မှတ်ချက်**။ အများသုံးယာဉ်များအသုံးပြုပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မပြတ်မနေ စနစ်တကျ တပ်ဆင်ပါ၊ အခြားသူများနှင့် တတ်နိုင်သမျှ ခပ်ခွာခွာနေပါ၊ အယ်လ်ကိုဟော အနည်းဆုံး (၆၀)% ပါဝင်သော ရေမလို လက်သန့်စင်ဆေးရည်ကို မကြာခဏ အသုံးပြုပါ။)

## အင်းတော်ကြီး ဇီဝအဝန်းနယ်မြေ၌ ဒရယ်ထိန်းသိမ်းရေးလုပ်ငန်းကို ငါးနှစ်စီမံချက်ထည့်သွင်း၍ အလေးပေးဆောင်ရွက်နေ

**မိုးညှင်း စက်တင်ဘာ ၁၅**

ကချင်ပြည်နယ်အတွင်းရှိ အင်းတော်ကြီးဇီဝအဝန်းနယ်မြေ၏ အုပ်ချုပ်မှုလုပ်ငန်းစီမံချက် ၂၀၁၈-၂၀၁၉ ခုနှစ်မှ ၂၀၂၃-၂၀၂၄ ခုနှစ်အထိ ငါးနှစ်တာကာလအတွင်း ဒရယ်ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းကို မျိုးစိတ်ခေါင်းစဉ်တစ်ခုအနေဖြင့်ထည့်သွင်း၍ အလေးပေးဆောင်ရွက်လျက်ရှိကြောင်း အပြည်ပြည်ဆိုင်ရာ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်အဖွဲ့(FFI)မြန်မာနိုင်ငံအစီအစဉ်မှ သိရသည်။

"အင်းတော်ကြီး ဇီဝအဝန်းနယ်မြေမှာ တခြားဘေးမဲ့တောတွေနဲ့မတူတဲ့ထူးခြားချက်က ရေချိုကန်ဖြစ်တယ်။ မြန်မာနိုင်ငံမှာ အကြီးဆုံးရေချိုကန်ပေါ့။ ရေဝေရေလဲတွေပတ်လည်ရှိသလို သစ်တောတွေ၊ မြက်ခင်းတွေပေါတဲ့အတွက် ဒရယ်တွေကျက်စားကြတယ်။ နောက်ပြီး ဒရယ်နဲ့မျိုးစိတ်တူတဲ့ ချေတို့၊ ဆတ်တို့လည်း ကျက်စားကြတယ်။ အဲဒါကြောင့် ကျွန်တော်တို့အဖွဲ့က ၂၀၁၂ ခုနှစ်လောက်က စပြီး ဒရယ်တွေရှိနိုင်မယ့်နေရာတွေမှာ ကင်မရာထောင်ချောက် ၁၀ လုံးလောက်ထောင်တယ်။ အဲဒီမှာ လေး၊ ငါးလုံးလောက်မှာ ဒရယ်ဓာတ်ပုံရတယ်။ ဒီအရပ်မှာ ဒရယ်ရှိတယ်ဆိုတာကို သေချာပေါက်မှတ်တမ်းတင်နိုင်ခဲ့တယ်။ ဒရယ်တွေက ဘယ်လိုသဘာဝအနေအထားမျိုးတွေကြိုက်တယ်ဆိုတာ လေ့လာတယ်။

၂၀၁၈-၂၀၁၉ ခုနှစ်ကစပြီး ၂၀၂၃-၂၀၂၄ ခုနှစ်အထိ ငါးနှစ်စီမံချက်နဲ့ဆောင်ရွက်နေတဲ့ အင်းတော်ကြီးဇီဝအဝန်းနယ်မြေရဲ့ အုပ်ချုပ်မှုလုပ်ငန်းစီမံချက်ထဲမှာ ဒရယ်လေ့လာထိန်းသိမ်းရေးလုပ်ငန်းကို မျိုးစိတ်ခေါင်းစဉ်တစ်ခုအနေနဲ့ ထည့်သွင်းလုပ်ဆောင်နေပါတယ်။ ဒီအင်းတော်ကြီးဒေသမှာ ဒရယ်အတော်များများ ကျန်ရှိနေသေးပါတယ်။ သူတို့ကို ဦးစားပေးထိန်းသိမ်းသွားမှာ ဖြစ်ပါတယ်" ဟု (FFI) မြန်မာနိုင်ငံ အစီအစဉ်မှ ကချင်ပြည်နယ် စီမံကိန်းမန်နေဂျာ ဦးငွေလွင်က ရှင်းပြသည်။

ဒရယ်များအား ယခင်က တောင်အာရှနိုင်ငံများတွင် အများအပြားတွေ့ရှိခဲ့ရသော်လည်း လက်ရှိကာလတွင် ရှားပါးသည့်မျိုးစိတ်တစ်ခုဖြစ်လာနေကြောင်း၊ မြန်မာနိုင်ငံတွင် ဟူးကောင်းချိုင့်ဝှမ်းကျားထိန်းသိမ်းရေးနယ်မြေ၊ ကချင်ပြည်နယ် ပိတောင်ဘေးမဲ့ တောနှင့် အင်းတော်ကြီးဘေးမဲ့တောတို့တွင်တွေ့ရှိရကြောင်း ၎င်းက ဆက်လက်ရှင်းပြသည်။

အင်းတော်ကြီး တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူး ဦးမောင်ဝင်းက "သစ်တောရေးရာဝန်ကြီးဌာနက ၁၉၉၄ ခုနှစ် အောက်တိုဘာ ၂၆ ရက်မှာ ထုတ်ပြန်ခဲ့တဲ့ အမိန့်ကြော်ငြာစာ အမှတ်(၅၈၃/၉၄) ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မျိုးသုဉ်းမည့်အန္တရာယ်မှကာကွယ်ရမယ့် တောရိုင်းတိရစ္ဆာန်များစာရင်းမှာ ဒရယ်ကို ရာသီအလိုက်ကာကွယ်ထားတဲ့ တောရိုင်းတိရစ္ဆာန်များ (ဇွန်လ ၁၅ ရက်နေ့မှ စက်တင်ဘာလ ၃၀ ရက်နေ့အထိ) စာရင်းမှာ ထည့်သွင်းသတ်မှတ်ခဲ့ပါတယ်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ၂၀၂၀ ပြည့်နှစ်မတ် ၄ ရက်မှာ ထုတ်ပြန်ခဲ့တဲ့ အမိန့်ကြော်ငြာစာအမှတ် (၆၉၀/၂၀၂၀) အရ မြန်မာနိုင်ငံတစ်ဝန်းလုံးမှာ မျိုးဆက်ပျက်သုဉ်းမယ့်အန္တရာယ်ရှိနေလို့ ကာကွယ်ထားတဲ့ တောရိုင်းတိရစ္ဆာန်များစာရင်းမှာ လုံးဝကာကွယ်ထားတဲ့ တောရိုင်းတိရစ္ဆာန်စာရင်းမှာ ထည့်သွင်းသတ်မှတ်ခဲ့ပါတယ်။ ဒါဟာ ၁၉၉၄ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ၂၆ နှစ်တာကာလအတွင်း သာမန်ကာကွယ်ထားတဲ့ တောရိုင်းတိရစ္ဆာန်စာရင်းကို အဆင့်တစ်ဆင့်ခုန်ကျော်သတ်မှတ်ခြင်းဖြစ်လို့ မြန်မာနိုင်ငံမှာ ဒရယ်မျိုးစိတ်တွေ ဘယ်လောက်လျော့နည်းသွားတယ်ဆိုတာကို ခန့်မှန်းနိုင်ပါတယ်" ဟု ပြောသည်။



ဒေသခံများသာမက မြန်မာနိုင်ငံသူ နိုင်ငံသားများပါ ဒရယ်အပါအဝင် တောရိုင်းတိရစ္ဆာန်များကို အမျိုးသားရေးဂုဏ်ယူစရာတစ်ရပ်အနေဖြင့် ထိန်းသိမ်းစောင့်ရှောက်ခြင်းမပြုဘဲ လွန်ကဲစွာအမဲလိုက်သတ်ဖြတ်ခြင်း၊ စားသုံးခြင်းနှင့် စားသုံးရန်အားပေးခြင်းတို့က မြန်မာ့တောရိုင်းတိရစ္ဆာန်များ မျိုးသုဉ်းမည့်အခြေအနေသို့ ဆိုက်ရောက်စေကြောင်း၊ ယနေ့အချိန်တွင် ပိတောင်တိရစ္ဆာန်ဘေးမဲ့တောနှင့် အင်းတော်ကြီး တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောများတွင် အရေအတွက်နည်းပါးစွာ (တိကျစွာစာရင်းကောက်ယူမှုမပြုနိုင်သေးသဖြင့်) ကျန်ရှိနေသေးသော ဒရယ်မျိုးစိတ်များကို အချိန်မီ စနစ်တကျမထိန်းသိမ်းနိုင်ပါက နောင်တစ်ချိန်တွင် မြန်မာနိုင်ငံမှ မျိုးသုဉ်းပျောက်ကွယ်သွားနိုင်ကြောင်း သစ်တောဦးစီးဌာန သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန အင်းတော်ကြီး တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

**ပိန်းဇလုပ်သိန်းညွှန့်**

**ဓာတ်ပုံ-FFI**

# ကိုရီးယားနိုင်ငံက ကျင်းပသည့် ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ် ဓာတ်ပုံပြိုင်ပွဲတွင် မြန်မာနိုင်ငံက ဆုရှစ်ဆုရရှိ

**မကွေး စက်တင်ဘာ ၁၅**

ကိုရီးယားနိုင်ငံ The Organization of World Heritage Cities Asia and the Pacific/Owhc-AP က ကြီးမှူးကျင်းပသည့် ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ် ဓာတ်ပုံပြိုင်ပွဲကို ဩဂုတ် ၃၁ ရက်က ကျင်းပရာ မြန်မာနိုင်ငံက ငွေတံဆိပ်ဆုအပါအဝင် ဆုရှစ်ဆု ရရှိခဲ့ကြောင်း အဆိုပါပြိုင်ပွဲတွင် ငွေတံဆိပ်ဆုရရှိသူ ဇော်ဇော်ဝေ(ဆင်ဖြူကျွန်း)ထံမှ သိရသည်။

အဆိုပါပြိုင်ပွဲတွင် ငွေတံဆိပ်ဆုကို ရန်ကုန်မြို့မှ ဇော်ဇော်ဝေ (ဆင်ဖြူကျွန်း)က(Bagan,Myanmar) ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ကြေးတံဆိပ်ဆုနှစ်ဆုကို ဦးထွန်းဝေက (Pyay, Myanmar) ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ငွေးလွင် (အမရပူရ)က (Bagan, Myanmar) ခေါင်းစဉ်ဖြင့် လည်းကောင်း ရရှိခဲ့ကြပြီး အထူးဆုများအဖြစ် စိုင်းသူမြင့်၊ ကျော်သူရ၊ အောင်ကျော်ဇော၊ ကျော်နိုင်လင်းနှင့် နေလင်းအောင်တို့က ရရှိခဲ့ကြကြောင်း သိရသည်။



ပြိုင်ပွဲဝင်တစ်ဦးလျှင် သုံးပုံနှုန်းတင်ခွင့်ရပြီး အီးမေးလ်မှတစ်ဆင့် ပေးပို့ယှဉ်ပြိုင်ကာ ဆုကြေးငွေများအဖြစ် ရွှေတံဆိပ်ဆု အမေရိကန်ဒေါ်လာ ၂၀၀၀၊ ငွေတံဆိပ်ဆု အမေရိကန် ဒေါ်လာ ၁၅၀၀၊ ကြေးတံဆိပ်ဆု အမေရိကန်ဒေါ်လာ ၁၀၀၀၊ ထူးချွန်ဆု အမေရိကန် ဒေါ်လာ ၅၀၀ နဲ့ အထူးဆုများကို အမေရိကန်ဒေါ်လာ ၁၀၀ စီ ချီးမြှင့်ပေးသွားမည်ဖြစ်သည်။

ဆုရရှိသူများအား ၂၀၂၁ ခုနှစ် ဇန်နဝါရီလဆန်းပိုင်းတွင် ဆုချီးမြှင့်သွားမည်ဟု သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# ရန်ကုန်မြို့ ဖောင်ကြီးဆေးရုံနှင့် ဒဂုံဆိပ်ကမ်းဆေးရုံတို့ရှိ ကိုဗစ်-၁၉ လူနာများအားကူညီရန် ကယားပြည်နယ်မှ သူနာပြု ၂၀ ရန်ကုန်မြို့သို့ ထွက်ခွာ

**လွိုင်ကော် စက်တင်ဘာ ၁၅**

ကိုဗစ်-၁၉ရောဂါ ထိန်းချုပ်ကာကွယ်ရေးလုပ်ငန်းများတွင် အားဖြည့်ကူညီ ဆောင်ရွက်နိုင်ရန်အတွက် ကယားပြည်နယ်မှ သူနာပြု ၂၀ သည် ရန်ကုန်မြို့ရှိ ဖောင်ကြီးဆေးရုံနှင့် ဒဂုံဆိပ်ကမ်းဆေးရုံတို့သို့ လွိုင်ကော်မြို့မှ ရန်ကုန်မြို့သို့ ယနေ့နံနက် ၅ နာရီက ထွက်ခွာသွားကြောင်း သိရသည်။



"ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက အကြောင်းကြားချက်အရ ဒီဆေးရုံကြီးတွေမှာ ကိုဗစ်-၁၉ ရောဂါ လူနာတွေများနေတဲ့အတွက် ကူညီဆောင်ရွက်နိုင်ဖို့ အခြားတိုင်းဒေသကြီးနဲ့ ပြည်နယ်တွေကလည်း လွှတ်ပါတယ်။ ကယားပြည်နယ်က သူနာပြု ၂၀ လွှတ်ပေးဖို့ ပြောတဲ့အခါမှာ ကျွန်တော်တို့က လူစုရပါတယ်၊ လူစုတဲ့အခါ အချိန်ကာလအကန့်သတ်ကို မပြောပါဘူး။ အနည်းဆုံး နှစ်ပတ်ကြာမှာဖြစ်ပါတယ်။ တစ်လလည်း ဖြစ်ချင်ဖြစ်ပါမယ်။ လွိုင်ကော်ဆေးရုံကြီးက သူနာပြုဆရာမကြီးတစ်ဦး၊ အထက်တန်းသူနာပြု ငါးဦး၊ သူနာပြုလေးဦး၊ တခြားမြို့နယ် ငါးမြို့နယ်က သူနာပြုနှစ်ဦးစီနဲ့ စုစုပေါင်း ၁၀ ဦးကို နှစ်ဖွဲ့ခွဲပြီး လွှတ်လိုက်တာဖြစ်ပါတယ်။ သွားရောက်တဲ့ သူနာပြုတွေအတွက် စိတ်ဓာတ်ခွန်အားဖြစ်စေတဲ့ အားပေးစကားတွေ၊ ငွေကြေးအားဖြင့်ထောက်ပံ့ပေးအပ်ခြင်း၊ သူနာပြုဝတ်စုံထောက်ပံ့ပေးခြင်း၊ အားဆေးတစ်လစာ ထောက်ပံ့ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပါတယ်" ဟု ပြည်နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာဌေးလွင်က ပြောသည်။

ရန်ကုန်မြို့တွင်း ကိုဗစ်-၁၉ ရောဂါ လူနာစောင့်ရှောက်မှုများ ဆောင်ရွက်နေသည့်နေရာတွင် ကူညီဆောင်ရွက်နိုင်ရန်အတွက် လွိုင်ကော်မြို့မှ အမျိုးသား သူနာပြု တစ်ဦးနှင့် အမျိုးသမီး သူနာပြု ၁၉ ဦးတို့ကို စေလွှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**အောင်ထွန်းလေး**
**(ပြန်/ဆက်)**

# တောင်ငူရှိ သမိုင်းဝင်နေရာများအား ကွန်ပျူတာတက္ကသိုလ်(တောင်ငူ)မှ QR Code စနစ် တပ်ဆင်ပြီးစီး

**တောင်ငူ စက်တင်ဘာ ၁၅**

ကွန်ပျူတာတက္ကသိုလ် (တောင်ငူ)မှ တောင်ငူ(ကေတုမတီ)ရှိ သမိုင်းဝင်နေရာများအား Museum Pool Website တွင် ထည့်သွင်းပြီး QR code စနစ်ဖြင့် ဖတ်ရှုနားဆင်နိုင်ရန် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ တောင်ငူ(ကေတုမတီ)နှင့် ပဲခူး(ဟံသာဝတီ)ရှိ သမိုင်းဝင်နေရာများ၏ သမိုင်းအထောက်အထားများရယူပြီး စာဖြင့်လည်းကောင်း၊ အသံဖြင့်လည်းကောင်း အလွယ်တကူ လေ့လာနားဆင်နိုင်ရန် သမိုင်းပြုစု အသံသွင်းခြင်း၊ ဓာတ်ပုံများစုဆောင်းခြင်း၊ Museum Pool Website တွင် လွှင့်တင်ခြင်း၊ QR code များ တပ်ဆင်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း ကွန်ပျူတာတက္ကသိုလ် (တောင်ငူ)မှ ပါမောက္ခချုပ် ဒေါက်တာအိအိလှိုင်က ပြောကြားသည်။

ထိုသို့ QR code များ တပ်ဆင်ရခြင်းမှာ သမိုင်းဝင်နေရာများအကြောင်းကို နိုင်ငံတကာမှ အလွယ်တကူ လေ့လာသိရှိနိုင်ရန်၊ သမိုင်းဝင်နေရာများသို့ ရောက်ရှိလာသူများ သမိုင်းကြောင်းများကို အလွယ်တကူ သိရှိနားဆင်နိုင်ရန်၊ ဒေသခံများအတွက် နည်းပညာအသုံးပြုစနစ်တစ်ခု ပေါ်ထွန်းလာစေရန်နှင့် နောင်တစ်ချိန်တွင် ခရီးသွားလုပ်ငန်းမြှင့်တင်နိုင်ရန် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တောင်ငူ(ကေတုမတီ)ဒေသရှိ သမိုင်းဝင်နေရာများကို ၂၀၂၀ ပြည့်နှစ် ဩဂုတ်လအတွင်း QR Code တပ်ဆင်ခဲ့ပြီး ပဲခူး(ဟံသာဝတီ) ဒေသ၏ သမိုင်းဝင်နေရာများ၏ QR code များအား အောက်တိုဘာလအတွင်း တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။ အင်္ဂလိပ်ဘာသာနှင့် ထိုင်းဘာသာစကားအပါအဝင် ဘာသာစကားမျိုးစုံ ပြန်ဆိုနိုင်ပြီး ယခုလက်ရှိတွင် မြန်မာ၊ အင်္ဂလိပ်နှစ်ဘာသာဖြင့် ဖော်ပြသွားမည်ဖြစ်ကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီးအစိုးရ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(ပဲခူး)၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်နှင့် ထိုင်းနိုင်ငံမှ National Electronics and Computer Technology Center (NECTEC) တို့မှ ပံ့ပိုးကူညီခဲ့ကြောင်း သိရသည်။

**ကျော်လှ (တောင်ငူ)**

# ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေး အသိပညာပေးလုပ်ငန်းများဆောင်ရွက်

**ရန်ကုန်**

ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ်အတွင်းရှိ လူစည်ကားရာကားမှတ်တိုင်များ၊ ဆိုက်ကားဂိတ်၊ ဆိုင်ကယ်ကယ်ရီဂိတ်တို့တွင် မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့က ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို စက်တင်ဘာ ၁၄ ရက်က ပူးပေါင်းစစ်ဆေးဆောင်ရွက်ခဲ့ရာ ကားမှတ်တိုင်ရှိ ခရီးသည်များ၊ ယာဉ်မောင်းနှင့် ခရီးသွားပြည်သူများ၊ ဆိုင်ကယ်ကယ်ရီသမားများနှင့် အနေ့းယာဉ်လုပ်သားများအနေဖြင့် နှာခေါင်းစည်းများကို မဖြစ်မနေဝတ်ဆင်ကြရန် အသိပညာပေးခဲ့ပြီး နှာခေါင်းစည်းများကို အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ကောင်းမြတ်သူ (ပြန်/ဆက်)**

**ရန်ကုန်**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဈေးများ၌ ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ် ထိန်းချုပ်ရေး အသိပညာပေးခြင်းလုပ်ငန်းများကို ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် ဈေးသူ၊ ဈေးသားများ ပူးပေါင်း၍ စက်တင်ဘာ ၁၅ ရက်က မြို့မဈေးကြီးအတွင်း ပြုလုပ်ခဲ့ကြောင်း သိရသည်။

သန်လျင်မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုထွန်းနှင့် တာဝန်ရှိသူများက မြို့မဈေးကြီးအတွင်း ကျန်းမာရေးစည်းကမ်းချက်များနှင့်အညီ ဈေးရောင်းချခြင်းရှိ/မရှိ စစ်ဆေးခဲ့ကြပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ Together Thanlyin မှ ပရဟိတမောင်မယ်များ၊ အလင်းရောင်ပရဟိတအဖွဲ့မှ လူငယ်မောင်မယ်များ ပူးပေါင်း၍ နှာခေါင်းစည်းများ အခမဲ့ ဖြန့်ဝေပေးခြင်းနှင့် ကျန်းမာရေး အသိပညာပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

**သက်ခိုင် (သန်လျင်)**

**ပုလဲ**

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို စစ်ဆေးရေးဂိတ်သုံးခုထား၍ ဆောင်ရွက်လျက်ရှိကြောင်း ပုလဲမြို့နယ် အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်က ယနေ့ ပြောပြသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပုလဲမြို့ဝင်ဂိတ်တွင် စစ်ဆေးရေးဂိတ်၊ မြို့မရဲစခန်းရှေ့ရှိ စစ်ဆေးရေးဂိတ်နှင့် ဂန့်ဂေါနှင့် ကလေးမြို့တို့မှဝင်လာမည့်ယာဉ်များကို စစ်ဆေးရန်ထားရှိသည့်ဂိတ်များတွင် ခရီးသည်များအား နှာခေါင်းစည်းများဝတ်ဆင်မှု ရှိ/မရှိ စစ်ဆေးခြင်း၊ ဝတ်ဆင်မှုမရှိပါက နှာခေါင်းစည်းများအခမဲ့ဝေငှခြင်း၊ အပူချိန်တိုင်းခြင်း၊ ခရီးသွားရာဇဝင်ယူခြင်း၊ လက်ဆေးခြင်းတို့ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မွေးကြူဇင်(မုံရွာကိုယ်ပွား)**

**ကျောက်မဲ**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် နှာခေါင်းစည်းဝတ်ဆင်ရေးကမ်ပိန်းကို ယနေ့နံနက်ပိုင်းကဆောင်ရွက်ခဲ့ရာ ကျောက်မဲမြို့ အောင်မင်္ဂလာအခမဲ့ကျန်းမာရေးစောင့်ရှောက်မှု ပရဟိတအသင်း၊ မြန်မာနိုင်ငံမူးယစ်ဆေးဝါးစီမံချက်ရုံး (MANA)နှင့် အလှူရှင်တို့၏ဦးဆောင်မှုဖြင့် စည်ပင်သာယာရေးဌာနမှ မြို့နယ်အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများ၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပရဟိတအသင်းများပူးပေါင်း၍ လူစည်ကားရာနေရာများရှိ ဈေးသူဈေးသားများ၊ ဈေးဝယ်သူများ၊ ခရီးသွားပြည်သူများ၊ လမ်းဘေးဝဲယာရှိ စားသောက်ဆိုင်များနှင့် ကုန်စုံဆိုင်များရှိ ပြည်သူများအား နှာခေါင်းစည်း ၃၀၀၀၀ ကျော် အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မိုင်းထွန်း(ပြန်/ဆက်)**

**မင်းဘူး**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့တွင် ကိုဗစ်-၁၉ရောဂါကြိုတင်ကာကွယ်ရေးနှင့် ကူးစက်ပျံ့နှံ့မှုမရှိစေရေးအတွက် လမ်းဆုံများ၊ ဈေးများနှင့် လူစည်ကားရာနေရာများတွင် ကိုဗစ်-၁၉ရောဂါကြိုတင်ကာကွယ်ရေးအသိပညာပေးခြင်း၊ လိုက်နာဆောင်ရွက်ရမည့်အချက်များကို နှိုးဆော်ခြင်းနှင့် အလှူရှင်များက လှူဒါန်းသောနှာခေါင်းစည်း ၂၀၀၀ အခမဲ့ဖြန့်ဝေပေးခြင်းတို့ကို ခရိုင်၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ချမ်းသာကြီးပရဟိတလူမှုကူညီရေး အသင်းတို့ ပူးပေါင်း၍ ယနေ့နံနက်ပိုင်းက ဆောင်ရွက်ခဲ့ကြသည်။

**မောင်မောင်(ပြန်/ဆက်)**

# ကိုဗစ်-၁၉ ရောဂါကာလ ပြည်ပရောက် မြန်မာနိုင်ငံသား ၄၆၀၀ ကျော်အား မြန်မာအမျိုးသားလေကြောင်းလိုင်းက သယ်ဆောင်ပေးနိုင်ခဲ့

**ရန်ကုန် စက်တင်ဘာ ၁၅**
ကိုဗစ်-၁၉ ရောဂါ ကာလအတွင်း ပြည်ပရောက် မြန်မာနိုင်ငံသား ၄၆၀၀ ကျော်အား မြန်မာအမျိုးသား လေကြောင်းလိုင်းက သယ်ဆောင်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း မြန်မာ အမျိုးသား လေကြောင်းလိုင်း၏ ယနေ့ကျရောက်သော (၇၂)နှစ်မြောက် နှစ်ပတ်လည်နေ့ ကြေညာချက်တွင် ဖော်ပြထားသည်။

ကိုဗစ်ကာလအတွင်း ပြည်တွင်း ခရီးစဉ်များကို ခရီးသည်အင်အားနည်းသော်လည်း အဆင်ပြေစွာသွားလာနိုင်ရန် ကြိုးစားပြေးဆွဲခဲ့ကြောင်း၊ ထို့အတူ ပြည်ပရောက်မြန်မာနိုင်ငံသားများအား ကယ်ဆယ်ရေးခရီးစဉ်များ (Relief Flights) ကို နိုင်ငံတော်၏ စီမံမှုဖြင့် ဆောင်ရွက်ပေးနေကြောင်း၊ နိုင်ငံတော်၏ စေတနာဖြစ်သကဲ့သို့ မြန်မာအမျိုးသား လေကြောင်း၏ နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် ကြိုးပမ်းရွက်ဆောင်မှုတစ်ရပ်အဖြစ် အသိအမှတ်ပြုရမည် ဖြစ်ကြောင်း၊ ကယ်ဆယ်ရေး ခရီးစဉ်များအဖြစ် ပြည်ပမြို့ပေါင်း ၁၁ မြို့သို့ ခေါက်ရေပေါင်း ၃၆ ခေါက်ဖြင့် ပြည်ပရောက် မြန်မာနိုင်ငံသားစုစုပေါင်း ၄၆၀၀ ခန့်အား အမိမြန်မာနိုင်ငံသို့ ပြန်လည်သယ်ဆောင်ပေးနိုင်ခဲ့ကြောင်း၊ ထိုကယ်ဆယ်ရေးလေယာဉ်ခရီးသည် အပါအဝင် ကုန်တင်လေယာဉ်၊ စင်းလုံးငှားလေယာဉ်များ အပါအဝင်ဆိုလျှင် ခရီးသည် ၁၁၀၀၀ ကျော်၊ ကုန်တန်ချိန် ၂၉၅ ခန့် သယ်ဆောင်ပေးနိုင်ခဲ့ပြီး ဖြစ်ကြောင်း၊ သို့အတွက် ကိုဗစ်ကာလအတွင်း ပြည်ပကုန်သွယ်စီးပွားလုပ်ငန်းအတွက်ပါ သယ်ပို့ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

နောက်ထပ် ထူးခြားထိရောက်စွာ ဆောင်ရွက်နိုင်မှုတစ်ခုမှာ ရခိုင်ပြည်နယ်သို့ စေတနာ့ဝန်ထမ်းနှင့် ကျန်းမာရေးဝန်ထမ်းများကို လေးကြိမ်တိုင်တိုင် အရေးတကြီး ပို့ဆောင်ပေးနိုင်ခဲ့ခြင်း၊ ရောဂါရှာဖွေရေးစက်၊ ကုသရေးဆိုင်ရာ ဆေးဝါးများနှင့် တစ်ကိုယ်ရေ အကာအကွယ်သုံးပစ္စည်းများ စုစုပေါင်း ကီလိုဂရမ် ၁၂၀၀၀ ခန့်အား စစ်တွေမြို့နှင့် ကျောက်ဖြူမြို့များသို့ ပေးပို့နိုင်ခဲ့ကြောင်း ဖော်ပြထားသည်။

မြန်မာအမျိုးသား လေကြောင်းလိုင်းသည် ကမ္ဘာ့ကပ်ရောဂါကြီး စတင်ပေါက်ဖွား ပျံ့နှံ့ရာ တရုတ်ပြည် ဝူဟန်မြို့၌ ပိတ် မိနေသော ပညာသင် မြန်မာကျောင်းသား ၅၉ ဦးအား နိုင်ငံတော်၏အစီအမံဖြင့် သွားရောက်ခေါ်ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

မြင့်စိုး






## အမှတ်(၁)လုံခြုံရေးရဲတပ်ဖွဲ့ ပြည်သူ့အကျိုးပြု လုပ်ငန်းများဆောင်ရွက်

**ပဲခူး စက်တင်ဘာ ၁၅**
(၅၆)ကြိမ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယမန်နေ့နံနက်ပိုင်းက အမှတ်(၁)လုံခြုံရေးရဲတပ်ဖွဲ့မှ ဌာနချုပ် တပ်ခွဲမှူး ယာယီရဲမှူး ဝင်းကျော်ကျော်လွင် ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များသည် ပြည်သူ့အကျိုးပြုလုပ်ငန်းများ စုပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။

အမှတ်(၁)လုံခြုံရေးရဲတပ်ဖွဲ့မှ ဌာနချုပ်တပ်ခွဲမှူး ယာယီရဲမှူးဦးဆောင်သည့် အရာရှိ၊ တပ်ဖွဲ့ဝင် ၆၉ ဦးတို့သည် ပြည်သူ့အကျိုးပြု လုပ်ငန်းများအဖြစ် ပဲခူးမြို့ ဥသာမြို့သစ်၊ ရပ်ကွက်ကြီး(၈)၊ မြို့ရှောင်လမ်းဘေးရှိ အောင်သပြေဘုန်းတော်ကြီးကျောင်းဝင်း အတွင်း/အပြင်ရှိ ပေါင်းမြက်များ ရှင်းလင်းပေးခဲ့ကြကြောင်း သိရသည်။

ကြေးမုံ

## မယ်စဲ့မြို့နယ်၌ ခရီးသွားနည်းပါးသည့်အတွက် မော်တော်ယာဉ်လိုင်းအချို့ ပုံမှန်မပြေးဆွဲနိုင်

**မယ်စဲ့ စက်တင်ဘာ ၁၅**
ကယားပြည်နယ် ဘောလခဲခရိုင် မယ်စဲ့မြို့နယ်တွင် ကိုဗစ်-၁၉ရောဂါကြောင့် ခရီးသည်များ ခရီးသွားလာမှုနည်းပါးသည့်အတွက် မယ်စဲ့-လွိုင်ကော်သို့ ပြေးဆွဲနေသည့် ပုဂ္ဂလိကမော်တော်ယာဉ်လိုင်းအချို့ ပုံမှန်ပြေးဆွဲနိုင်ခြင်းမရှိကြောင်း မော်တော်ယာဉ်ဂိတ်ရှိတာဝန်ရှိသူများထံမှ သိရသည်။

ယခုလက်ရှိတွင် မယ်စဲ့မှ လွိုင်ကော်သို့ ပုဂ္ဂလိကမော်တော်ယာဉ်လိုင်း ငါးလိုင်း ပြေးဆွဲလျက်ရှိပြီး လတ်တလော ကိုဗစ်-၁၉ရောဂါကူးစက်ပြန့်ပွားမှုများပြားလာသဖြင့် မော်တော်ယာဉ်လိုင်းများအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ခရီးသည်များတင်ဆောင်ကြရန် အမိန့်ညွှန်ကြားချက်များ ထုတ်ပြန်ထားပြီးဖြစ်သည်။

"လတ်တလော ကိုဗစ်-၁၉ ကူးစက်ပြန့်ပွားမှုက နေ့စဉ်တိုးတက်များပြားလာတဲ့အတွက် စက်တင်ဘာ ၁၂ ရက်ကစပြီး ဝန်ထမ်းတွေရော၊ ခရီးသွားပြည်သူတွေရောစီးနင်းမှု နည်းပါးသွားပါတယ်။ ဒါကြောင့် နေ့စဉ် မပြေးဆွဲနိုင်တော့ဘဲ ခရီးသည်ရှိတဲ့နေ့မှသာ ပြေးဆွဲတာပါ။ အချို့ယာဉ်လိုင်းတွေအနေနဲ့လည်း ခရီးသည် မရှိပေမယ့် ကုန်ပစ္စည်းတွေတင်ဆောင်ပြီးပြေးဆွဲနေရပါတယ်" ဟု ယာဉ်မောင်းတစ်ဦးက ပြောသည်။

မြို့နယ်(ပြန်/ဆက်)

## ကန့်ဘလူမြို့နယ် သိန်ရင်ဆည်အတွင်း ငါးသားပေါက်ကောင်ရေနှစ်သိန်း မျိုးစိုက်ထည့်

**ကန့်ဘလူ စက်တင်ဘာ ၁၅**
မြစ်၊ ချောင်း၊ အင်းအိုင်နှင့် ဆည်ကြီးများအတွင်း ငါးသယံဇာတတိုးပွားရေး၊ သဘာဝရေပြင်များမှ ငါးသယံဇာတ စဉ်ဆက်မပြတ် ပိုမိုထုတ်လုပ်နိုင်စေရေး၊ ဒေသခံပြည်သူများ ငါးရိက္ခာဖူလုံစေရေးတို့ကို ရည်ရွယ်၍ စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်ရှိ သိန်ရင်ဆည်အတွင်း ယနေ့နံနက်ပိုင်းက ငါးသားပေါက်ကောင်ရေ နှစ်သိန်း ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတင်ထူးမောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတင့်ဇော်ထက်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးမှူးဦးကိုဦးနှင့်ဝန်ထမ်းများ၊ ရွှေဘိုငါးလုပ်ငန်းစခန်းတာဝန်ခံဦးဇော်ဝင်းအောင်၊ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများက ဆည်အတွင်း ငါးမြစ်ချင်းသားပေါက်ကောင်ရေ တစ်သိန်း၊ ငါးခုံးမကြီးကောင်ရေ တစ်သိန်းတို့အား ငါးမျိုးများစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။



အောင်ဝင်းငြိမ်း(ကန့်ဘလူ)

## မြောင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မိုးစပါးမျိုးစေ့ထုတ်တောင်သူများအား ထောက်ပံ့

**မြောင် စက်တင်ဘာ ၁၅**
စစ်ကိုင်းခရိုင် မြောင်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် မိုးစပါးမျိုးစေ့ထုတ်တောင်သူများအား (CERP) အစီအစဉ်ဖြင့် ဒုတိယအကြိမ်ငွေကြေးထောက်ပံ့ခြင်းကို ယနေ့ နံနက် ၁၀နာရီက ထီးလှိုင်ရှင်ခန်းမတွင် ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးတင်ထွန်းအောင်က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်စန်းစန်းဝင်းက (CERP) အစီအစဉ်ဖြင့် မိုးစပါးမျိုးစေ့ထုတ်တောင်သူများအား ထောက်ပံ့ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထောက်ပံ့ကြေးထုတ်ပေးရာတွင် ကျေးရွာ ရှစ်ရွာရှိ တောင်သူ ၁၁၁ ဦးအား တစ်ကေလျှင် ငွေကျပ် ၆၅၀၀၀ ဖြင့် ဧက ၁၈၀ အတွက် ငွေကျပ် ၁၁၇သိန်းအား တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။

တင်ကိုကို(မြောင်)

## ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ်အရ ဟိုတယ်ဆိုင်ရာဝန်ဆောင်မှု(မွမ်းမံ)သင်တန်းဖွင့်

**မူဆယ် စက်တင်ဘာ ၁၅**
ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန(မူဆယ်ရုံးခွဲ)၏အနီးကပ်ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း (ရှမ်း/မြောက်ဇုန်)တို့ ပူးပေါင်းပါဝင်သည့် ကိုဗစ်-၁၉ (Relief Package-2) ဟိုတယ်ဆိုင်ရာ ဝန်ဆောင်မှု(မွမ်းမံ)သင်တန်း ဖွင့်လှစ်ခြင်းကို ယနေ့နံနက်ပိုင်းက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ပြုလုပ်သည်။



"လက်ရှိဖြစ်ပွားနေတဲ့ ကိုဗစ်-၁၉ ရောဂါကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန်နဲ့ ခရီးသွားလုပ်ငန်းပိုင်းကိုလည်း ရေရှည်ရပ်တည်လုပ်ကိုင်နိုင်ပြီး လူ့စွမ်းအား အရင်းအမြစ်ဖြစ်တဲ့ ဟိုတယ်ဝန်ဆောင်မှုတွေထဲမှာအဓိကကျတဲ့ ဟိုတယ်ဝန်ထမ်းတွေကို မွမ်းမံသင်တန်းထပ်ပေးခြင်းဖြစ်ပါတယ်"ဟု ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန (မူဆယ်ရုံးခွဲ) တာဝန်ခံ လက်ထောက် ညွှန်ကြားရေးမှူး ဦးဟန်ဇော်လင်းက ပြောသည်။

လက်ရှိကိုဗစ်-၁၉ရောဂါဖြစ်ပွားသည့်ကာလတွင် ခရီးသွားဧည့်သည်များဝင်ရောက်မှုနည်းပါးပြီး ဟိုတယ်ဝန်ထမ်းများအလုပ်ပါးနေသည့်အချိန်တွင် သင်တန်းဖွင့်လှစ်ပေးခြင်းအားဖြင့် ဗဟုသုတများ၊ အတတ်ပညာများနှင့် ကောင်းမွန်သည့်အတွေ့အကြုံများရရှိလာမည်ဖြစ်ပြီး သင်တန်းကာလပြီးဆုံးပြီးနောက် သင်တန်းပြီးမြောက်သည့် အောင်လက်မှတ်များ ထုတ်ပေးမည်ဖြစ်ကာ သင်တန်းကာလ၌ နိုင်ငံတော်၏ပံ့ပိုးမှုအစီအစဉ်ဖြင့် တစ်ရက်လျှင် ကျပ် ၄၈၀၀ နှုန်းဖြင့်သင်တန်းသားများအားထောက်ပံ့ပေးမည်ဖြစ်သည်။

အဆိုပါသင်တန်းကို ၁၅ ရက်ကြာဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းသားစုစုပေါင်း ၄၀ တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

ဆလိုင်းဗန်ရိုးထန်
(ပြန်/ဆက်)

❖ MNL ပွဲစဉ် (၁၆)မှ

နှစ်သင်းစလုံး အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့ပြီး ပွဲစကတည်းက တိုက်စစ်ဦးစားပေးပုံစံဖြင့် ကစားခဲ့သည်။ ပထမအကျော့တွင် ဂိုးပြတ်အရေးနိမ့်ခဲ့သည့် စစ်ကိုင်းအသင်းသည် ပထမအကျော့ထက်ပိုကောင်းသည့် ကစားပုံပြသနိုင်ခဲ့သော်လည်း ခံစစ်အားနည်းချက်များကြောင့် နှစ်ဂိုးစလုံးပေးခဲ့ရခြင်းဖြစ်သည်။ ရှောဝတီအသင်းသည် ပထမပိုင်းတွင် ကစားကွက်တည်မရဖြစ်နေသလို အဓိကကွင်းလယ်ကစားသမား တင်ဝင်းအောင်ထံမှ ဘောလုံးအထွက်နည်းသောကြောင့် တိုက်စစ်ကစားပုံမှာ အားနည်းချက်များရှိခဲ့သည်။ သို့သော် ၁၉ မိနစ်တွင် စစ်ကိုင်းခံစစ်အားနည်းချက်ကို ဆာဆက်က အသုံးချကာ ရှောဝတီအတွက် အဖွင့်ဂိုးသွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် စစ်ကိုင်းအသင်းချေပဂိုးပြန်ရရန် ကြိုးပမ်းသော်လည်း အဆုံးသတ်အားနည်းခဲ့၍ ချေပဂိုးနှင့် ဝေးခဲ့ရသည်။ ရှောဝတီအသင်းသည် ကစားသမားများပြောင်းလဲကာ တိုက်စစ်မြှင့်သော်လည်း ထင်သလောက်တိုက်စစ်တက်မလာဘဲ ၈၄ မိနစ်မှ ဒုတိယဂိုးရကာ ဆာဆက်ကပင် သွင်းယူခဲ့ခြင်းဖြစ်သည်။

ပဒုမ္မာကွင်း၌ ကျင်းပသည့်ပွဲတွင် ဟံသာဝတီအသင်းက ရခိုင်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ဟံသာဝတီအသင်းသည် ယခုနိုင်ပွဲကြောင့် ဇယားထိပ်ဆုံးမှ ရှောဝတီကို ရမှတ်တူဖြင့် ဆက်လက်ဖိအားပေးလျက်ရှိသည်။ ဟံသာဝတီအသင်းသည် အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့ပြီး ၃၉ မိနစ်တွင် အီမီကာသွင်းယူသည့်ဂိုးဖြင့် ပထမပိုင်းတွင် အနိုင်ရနေသည်။ ဒုတိယပိုင်းအစတွင်လည်း ဟံသာဝတီအသင်းကသာ ဖိကစားနိုင်ခဲ့ပြီး ၄၈ မိနစ်တွင် ဒိုနယ်က ဒုတိယဂိုးထပ်သွင်းကာ တတိယဂိုးမှာမူ ၆၃ မိနစ်တွင် ရခိုင်အသင်းမှ အောင်ကျော်သူ ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့ခြင်းဖြစ်သည်။ ရခိုင်အသင်းအတွက် ချေပဂိုးကို ၇၈ မိနစ်တွင် အလက်ဇန္ဒားက သွင်းယူခဲ့သော်လည်း ရှုံးပွဲဆက်ခဲ့ရသည်။ YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် ရတနာပုံအသင်းက Southern အသင်းကို သုံးဂိုးပြတ်အနိုင်ရခဲ့သည်။ ရတနာပုံအသင်းသည် နှစ်ပွဲဆက်အနိုင်ရခဲ့ပြီး ယခုပွဲအနိုင်ရလဒ်ကြောင့် အဆင့် (၅) နေရာရယူနိုင်ရန် မျှော်လင့်ချက်ရှိလာခဲ့သည်။ ရတနာပုံအသင်းအတွက် အနိုင်ဂိုးများကို ၁၄၊ ၄၇ မိနစ်တွင် ဝင်းနိုင်စိုး၊ ၈၇ မိနစ်တွင် မြတ်ကောင်းခန့်တို့က သွင်းယူခဲ့သည်။

ဒုတိယနေ့ကို စက်တင်ဘာ ၁၆ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး သုဝဏ္ဏကွင်း၌ လက်ရှိချန်ပီယံရှမ်းယူနိုက်တက်နှင့် ရန်ကုန်အသင်း၊ YUSC ကွင်း၌ မကွေးအသင်းနှင့် အား/ကာသိပ္ပံအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း-ရှိုင်းထက်ဇော်

ဓာတ်ပုံ-ဘုန်းသော်

# လက်ရှိချန်ပီယံ လီဗာပူးကို စိန်ခေါ်နိုင်မည်ဟု ချယ်လ်ဆီးနည်းပြ လမ်းပတ် ပြောကြား

ချယ်လ်ဆီးအသင်းနည်းပြ ဖရန့်လမ်းပတ်ဟာ ပရီမီယာလိဂ်အဖွင့်ပွဲစဉ်ဖြစ်တဲ့ ဘရိုက်တန်အသင်းနဲ့ ပွဲစဉ်မှာ သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ်ဆုဖလားရရှိရေးအတွက် လက်ရှိချန်ပီယံ လီဗာပူးအသင်းကို စိန်ခေါ်နိုင်မည်ဟု ပြောကြားခဲ့ပါတယ်။

ချယ်လ်ဆီးအသင်းဟာပြီးခဲ့တဲ့ဘောလုံးရာသီက ပရီမီယာလိဂ်အမှတ်ပေးဇယား



မှာ ချန်ပီယံလီဗာပူးအသင်းနဲ့ ရမှတ် ၃၃ မှတ်အထိ ကွာဟမှုရှိခဲ့ပြီး အမှတ်ပေးဇယား အဆင့် (၄) နေရာမှာ ရပ်တည်ခွင့်ရရှိခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် အခုနှစ်ဘောလုံးရာသီမှာတော့ ကစားသမားခေါ်ယူမှုအတွက် ပြောင်းရွှေ့ကြေးပေါင်သန်း ၂၀၀ ခန့်အထိ သုံးစွဲထားတဲ့အပြင် ပရီမီယာလိဂ်အဖွင့်ပွဲစဉ်မှာလည်း ဘရိုက်တန်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ်ချန်ပီယံအဖြစ် အောင်ပွဲခံနိုင်ဖို့ နည်းပြဖရန့်လမ်းပတ်က မျှော်လင့်ထားတာဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းအနေနဲ့ အပြောင်းအရွှေ့နှစ်ရာသီ ကစားသမားခေါ်ယူခွင့်ပိတ်ပင်ခံရပြီးနောက် လိုက်ဇစ်အသင်းမှ တီမိုဝါနာနဲ့ လေဗာကူဆင်အသင်းမှ ဟာဗက်တို့ကို ခေါ်ယူကာ အသင်းရဲ့ ကစားသမားအင်အားကို ဖြည့်တင်းနိုင်ခဲ့ပြီး ဘရိုက်တန်အသင်းနဲ့ ပွဲစဉ်မှာလည်း သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိအောင် စွမ်းဆောင်ထားနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။ ဘရိုက်တန်အသင်းနဲ့ ပွဲစဉ်မှာ ချယ်လ်ဆီးအသင်းအတွက် သွင်းဂိုးသုံးဂိုးကို ပွဲကစားချိန် ၂၃ မိနစ်မှာ ဂျော်ဂျင်ဟို၊ ပွဲကစားချိန် ၅၆ မိနစ်မှာ ရီစီဂျိမ်းစ်နဲ့ ပွဲကစားချိန် ၆၆ မိနစ်မှာ ဇူးမားတို့က သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။ ဘရိုက်တန်အသင်းအတွက် ချေပဂိုးတစ်ဂိုးကိုတော့ ထရိုဆာ့က ပွဲကစားချိန် ၅၄ မိနစ်မှာ သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းဟာ လာမည့်စက်တင်ဘာ ၂၀ ရက်မှာ ပရီမီယာလိဂ်ပွဲစဉ် (၂) အဖြစ် လက်ရှိချန်ပီယံလီဗာပူးအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာလည်း ဖြစ်ပါတယ်။

ငွေကြယ်- ရေးသားသည်

# အက်စ်တွန်ဗီလာကွင်းလယ်ကစားသမား ဂျက်ဂရီယယ်လစ်ရှ် ငါးနှစ်သက်တမ်းရှိစာချုပ်သစ် ချုပ်ဆို

အက်စ်တွန်ဗီလာအသင်းခေါင်းဆောင် ဂျက်ဂရီယယ်လစ်ရှ်ဟာ လက်ရှိကလပ်အသင်းနဲ့အတူ ငါးနှစ်သက်တမ်းရှိစာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆိုလိုက်ပြီ ဖြစ်ပါတယ်။

အသက် ၂၅ နှစ်အရွယ် အင်္ဂလန်ကွင်းလယ်ကစားသမား ဂျက်ဂရီယယ်လစ်ရှ်အနေနဲ့ အခုနွေရာသီအပြောင်းအရွှေ့ကာလအတွင်းမှာ အက်စ်တွန်ဗီလာအသင်းကနေထွက်ခွာဖို့ တခြားအသင်းတွေဆီ ချိတ်ဆက်မှုတွေ ပြုလုပ်ခဲ့ပေမယ့် အသင်းပြောင်းရွှေ့ကစားဖို့ မအောင်မြင်ခဲ့တာကြောင့် လက်ရှိအက်စ်တွန်ဗီလာအသင်းမှာပဲ ဆက်နေမယ်လို့ လူမှုမီဒီယာကနေ ရေးသားဖော်ပြခဲ့တာလည်း ဖြစ်ပါတယ်။

ကွင်းလယ်တိုက်စစ်ကစားသမား ဂျက်ဂရီယယ်လစ်ရှ်ဟာ စာချုပ်သစ်အရ ၂၀၂၅ ခုနှစ်အထိ အက်စ်တွန်ဗီလာအသင်းမှာ ဆက်ရှိနေမှာဖြစ်ပြီး ပြီးခဲ့တဲ့တစ်ပတ်က အင်္ဂလန်အသင်းနဲ့ ဒိန်းမတ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ နေးရှင်းလိဂ်ပြိုင်ပွဲမှာလည်း အင်္ဂလန်အသင်းနဲ့အတူ ပါဝင်ပွဲထွက်ကစားခွင့်ရရှိခဲ့တာလည်း ဖြစ်ပါတယ်။

ကွင်းလယ်ကစားသမား ဂျက်ဂရီယယ်လစ်ရှ်ဟာ ၂၀၁၉-၂၀၂၀ ဘောလုံးရာသီအတွင်း အက်စ်တွန်ဗီလာအသင်းအတွက် ပွဲစဉ်စုစုပေါင်း ၃၆ ပွဲအထိ ပါဝင်ကစားပေးခဲ့ကာ သွင်းဂိုးရှစ်ဂိုးအထိသွင်းယူပေးနိုင်ခဲ့တာကြောင့် ဥရောပကလပ်အသင်းအများစုက ခေါ်ယူဖို့ စိတ်ဝင်စားနေခဲ့သူလည်း ဖြစ်ပါတယ်။ ဒါပေမယ့် လက်ရှိအချိန်မှာတော့ အက်စ်တွန်ဗီလာအသင်းမှာ ဆက်ရှိနေမယ့် စာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆိုခဲ့တာလည်း ဖြစ်ပါတယ်။

## အနုပညာ



# ဒေသတွင်း တေးဂီတဇယားမှာ ထိပ်ဆုံးကရပ်တည်နေတဲ့ BTS

ကျော်ကြားတဲ့ တောင်ကိုရီးယားအမျိုးသားတေးဂီတအဖွဲ့ BTS ရဲ့ တေးသီချင်းသစ် Dynamite ဟာ လတ်တလောမှာ ဒေသတွင်းတေးဂီတဇယားတစ်ခုဖြစ်တဲ့ စွန်ပီတေးဂီတဇယားမှာ နံပါတ်တစ်နေရာ ရယူထားနိုင်ခဲ့ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

Dynamite ဟာ BTS ရဲ့ နောက်ဆုံးထွက်ရှိခဲ့တဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်ပြီး အင်္ဂလိပ်လိုရေးသားသီဆိုထားတဲ့ တေးသီချင်းတစ်ပုဒ်လည်း ဖြစ်ပါတယ်။

ဒါကြောင့် အဆိုပါတေးသီချင်းဟာ ဒေသတွင်းတေးဂီတဇယားရဲ့ နံပါတ်တစ်နေရာကို ရယူနိုင်ခဲ့တဲ့ ပထမဆုံးသော အင်္ဂလိပ်တေးသီချင်းတစ်ပုဒ်အဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်းလည်း သိရပါတယ်။

# ကတ်တီပါရီထံ လက်ဆောင်ပေးပို့ခဲ့တဲ့ တေလာဆွစ်

ကျော်ကြားတဲ့ တေးသံရှင်တွေဖြစ်ကြတဲ့ တေလာဆွစ်နဲ့ ကတ်တီပါရီတို့အကြား တစ်ချိန်က ဆက်ဆံရေးမပြေလည်မှုတွေ ရှိခဲ့တာကို အများသိခဲ့ပြီးဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ်အတွင်း အမုန်းစကားတွေ ရပ်ဆိုင်းခဲ့ကြတဲ့ သူတို့နှစ်ဦးဟာ လတ်တလောမှာတော့ အတိတ်ဆိုးတွေကို ချန်ထားခဲ့ပြီဖြစ်ကြောင်း သက်သေထပ်မံပြခဲ့တာကိုလည်း တွေ့ရပါတယ်။

ကတ်တီပါရီဟာ သူနဲ့ မင်းသား အော်လန်ဒိုဘလွန်းတို့ရဲ့ ရင်သွေးလေးကို လတ်တလောမှာ မွေးဖွားခဲ့ပြီး ကြယ်ပွင့်စုံတွဲရဲ့ သမီးလေးအတွက် လက်ဆောင်ကို တေလာဆွစ်က ပေးပို့ခဲ့ကြောင်း သိရပါတယ်။ ကတ်တီပါရီက တေလာဆွစ်ပေးပို့ခဲ့တဲ့ ပိုးသားစောင်လေးရဲ့ ပုံကို သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ဖော်ပြခဲ့ပြီး သမီးလေးအတွက် သီးသန့်ပြုလုပ်ပေးထားတဲ့ အဆိုပါလက်ဆောင်အတွက် တေလာဆွစ်ကို ကျေးဇူးတင်ကြောင်းလည်း ထည့်သွင်းရေးသားဖော်ပြထားတာ တွေ့ရပါတယ်။

ကတ်တီပါရီနဲ့ တေလာဆွစ်တို့ဟာ သူတို့ရဲ့ နောက်ခံအကအဖွဲ့ဝင်တွေနဲ့ပတ်သက်ပြီး ဆက်ဆံရေးမပြေလည်ခဲ့ကြတာပါ။ နှစ်ဦးစလုံးက တစ်ယောက်အကြောင်းတစ်ယောက် တေးသီချင်းတွေ ရေးသားကာ ထုတ်လုပ်ဖြန့်ချိခဲ့ကြတာကိုလည်း တွေ့ရပါတယ်။ ဒါပေမယ့် ပြီးခဲ့တဲ့ နှစ်အတွင်းမှာတော့ ဆက်ဆံရေး ပြန်လည်အဆင်ပြေခဲ့တာလည်း ဖြစ်ပါတယ်။

# မင်းသမီး အိုအင်ဟေး ကွယ်လွန်



တောင်ကိုရီးယားမင်းသမီးတစ်ဦးဖြစ်သူ အိုအင်ဟေးဟာ လတ်တလောမှာ ကွယ်လွန်သွားခဲ့ပြီဖြစ်ပါတယ်။ ကွယ်လွန်ချိန်မှာ အသက် ၃၆ နှစ် ရှိပြီဖြစ်ပြီး ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံစည်ခဲ့တာဖြစ်ကြောင်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အိုအင်ဟေးဟာ စက်တင်ဘာ ၁၄ ရက်က ကွယ်လွန်ခဲ့တာဖြစ်ပြီး သတိလစ်နေတဲ့ သူ့ကို ဆေးရုံကို ပို့ဆောင်ပေးနိုင်ခဲ့ပေမယ့် သတိပြန်လည်မလာဘဲ ကွယ်လွန်သွားခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။

အင်ချွန်းယောင်ဆုရဲစခန်းနဲ့ ဆောင်ဒိုမီးသတ်စခန်းမှ တာဝန်ရှိသူတွေရဲ့ ပြောကြားချက်အရ အိုအင်ဟေးကို အင်ချွန်းမှာရှိတဲ့ သူ့ရဲ့ နေအိမ်မှာ စက်တင်ဘာ ၁၄ ရက် နံနက် ၅ နာရီခန့်က သတိမေ့လျက် တွေ့ခဲ့ရတာဖြစ်တယ်လို့ သိရပါတယ်။ မင်းသမီးရဲ့ သူငယ်ချင်းတွေက သူ့ထံကို ဆက်သွယ်လို့မရတာကြောင့် ရဲကို အကြောင်းကြားခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။

အေးပြည့်-စုစည်းသည်

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ မှော်ဘီမြို့နယ်၊ မြောင်းတကာကျေးရွာအုပ်စု၊ ကွင်းအမှတ်-၆၅၆၊ ကွင်းအမည်- ကျောက်တန်းချောင်၊ ဦးပိုင်အမှတ်-၅၄/၂၀+၅၄/၃၃၊ မြေအမျိုးအစား-R/H၊ ဧရိယာ (၀.၅၀)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြောင်း ဝန်ခံကတိပြုပြောဆိုသူ ဦးသော်မင်းလှိုင် [၁၂/ကမရ(နိုင်)၀၀၂၈၁၉]နှင့် ဦးဇေယျာဦးမင်းဝင်း [၁၂/ဗတထ(နိုင်)၀၀၀၉၆၆]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေများက ငွေအပြေအကျေပေးချေကာ ဝယ်ယူ၍ လက်ရောက်ရရှိပိုင်ဆိုင်ထားပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြေညာချက်ပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်လှဲ့လှဲ့ဝင်း (LL.B,D.B.L,D.I.L,D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၁၃၂)**
**အမှတ်-၁၁၀၊ ၃၈လမ်း(အောက်)၊ ၆-ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၀၁၅၄၆၂၄၀၊ ၀၉-၇၉၈၅၉၅၅၀၅**

## အနာဂတ် ကမ္ဘာ သာယာဖို့ အိုဇုန်းလွှာကို ကာကွယ်စို့

## အများသိရှိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မင်္ဂလာတောင်ညွန့်ရပ်ကွက်၊ ၁၀၉လမ်း၊ အမှတ်(၂၉)၊ တစ်ခန်းလျှင် (၁၅'x40') အကျယ်အဝန်းရှိ (၂)ခန်းတွဲ (၈)ထပ်တိုက်၏ တတိယထပ်(၄-လွှာ)(ခေါင်းရင်းခြမ်း) တိုက်ခန်းသည် ကွယ်လွန်သူ ဦးစိုးသိန်း၏ တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်အုန်းနု [၁၂/မဂတ(နိုင်)၀၃၆၀၂၈] ယခုတိုက်ခန်းရောင်းသူမှ တရားဝင်အမွေဆက်ခံပိုင်ဆိုင် အကျိုးခံစားလျက်ရှိပြီး အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းလာသည့်အလျောက် ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ပိုင်ဆိုင်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် (၇)ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးလှဝေ(စဉ်-၇၁၂၄)၊ ဒေါ်ဘီဘီသိန်း(ခ)ဒေါ်ဘေဘီ (စဉ်-၈၇၉၁)**
**ဒေါ်ဖြိုးဖြိုးမြင့် (စဉ်-၁၁၅၇၆)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၇၅၁၄၄၄၀၁၊ ၀၉-၇၇၅၁၄၄၄၀၂၊ ၀၉-၄၃၁၁၅၄၃၂**

## အများသိစေရန်ကြေညာခြင်း

JAPAN နိုင်ငံ၊ TOKYO မြို့နေ ဒေါ်ချစ်ဆုမွန်ရှင်[၁၂/ကတန(နိုင်)၀၉၀၄၆၆]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူနှင့် ဦးအောင်လွင်ဖြိုး[၁၂/ကတန(နိုင်)၀၉၁၀၃၂] တို့သည် စိတ်သဘောထားချင်း မတိုက်ဆိုင်၍ ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိတော့သောကြောင့် အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းစာချုပ်ဖြင့် (၁၄-၉-၂၀၂၀)ရက်တွင် အသိသက်သေလူကြီးများရှေ့မှောက်တွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးဖြစ်ပါ၍ တစ်ဦးနှင့်တစ်ဦး မည်သို့မှ သက်ဆိုင်မှုမရှိတော့ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်ချစ်ဆုမွန်ရှင်** | **ဒေါ်သင်းသင်းမော်(LL.B,D.B.L)** |
| **[၁၂/ကတန(နိုင်)၀၉၀၄၆၆]** | **(တရားလွှတ်တော်ရှေ့နေ)(စဉ်-၈၂၆)** |
| | **အမှတ်-၄၅/၁၊ မြေညီထပ်၊ (၄၃)လမ်း၊** |
| | **ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။** |
| | **ဖုန်း-09-450031292** |

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
မဟာသဒ္ဓမ္မဇောတိကဓဇ

### ဦးလှမြင့်(ခ)ကဗျာဆရာ မောင်ပန်းမွေး

**အသက် (၈၁)နှစ်**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ (၂၉)ရပ်ကွက်၊ ယူကလစ်မြိုင်လမ်း၊ အမှတ် (၁၉၂/၆)နေ ဒေါ်ဝါဝါမေ၏ ချစ်လှစွာသောခင်ပွန်း မဟာသဒ္ဓမ္မဇောတိကဓဇ ဦးလှမြင့်(ခ)ကဗျာဆရာ မောင်ပန်းမွေးသည် ၁၅-၉-၂၀၂၀(အင်္ဂါနေ့) နံနက် ၁၂:၀၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဆရာ ကောင်းရာသုဂတိသို့ရောက်ပါစေ။

**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ**

## ဝမ်းနည်းကြေကွဲခြင်း

### ဆရာကြီးဦးချိုချို (၉၄)နှစ်

**လက်ထောက်မြို့နယ်ပညာရေးမှူး(ငြိမ်း)**

ပဲခူးတိုင်းဒေသကြီး(အနောက်)၊ ကြို့ပင်ကောက်မြို့နယ်၊ ကျွဲဘိရွာနေ (ဒေါ်ခင်ပြုံး)၏ခင်ပွန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန (ဒုတိယအမြဲတမ်းအတွင်းဝန်) ဦးမျိုးတင့်ထွန်း-ဒေါ်နိုင်နိုင်လင်းတို့၏ ကျေးဇူးရှင်ဖခင်ကြီး ဆရာကြီးဦးချိုချို အသက်(၉၄)နှစ်သည် ၁၂-၉-၂၀၂၀ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာအောင်သူ (ပြည်ထောင်စုဝန်ကြီး) ဇနီး ဒေါ်ခင်သီတာ**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဒေါ်နန်းထားထားလွင်

**အသက် (၈၂)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၆)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ (၃၅)နေ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို) CEC ရန်ကုန်တိုင်းဒေသကြီး ဥက္ကဋ္ဌ ဒုတိယရဲမှူးကြီး စိုင်းအောင်မင်း(ငြိမ်း)၏ဇနီး ဒေါ်နန်းထားထားလွင်သည် ၁၄-၉-၂၀၂၀ (တနင်္လာနေ့) မွန်းလွဲ ၂:၃၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားကြောင်း ကြားသိရပါသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း**
**လှိုင်သာယာ (အရှေ့ပိုင်း/အနောက်ပိုင်း)မြို့နယ်**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဒေါ်နန်းထားထားလွင်

**အသက် (၈၂)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၆)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ (၃၅)နေ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေး အသင်း(ဗဟို) CEC ရန်ကုန်တိုင်းဒေသကြီး ဥက္ကဋ္ဌ ဒုတိယရဲမှူးကြီး စိုင်းအောင်မင်း(ငြိမ်း)၏ဇနီး ဒေါ်နန်းထားထားလွင်သည် ၁၄-၉-၂၀၂၀ (တနင်္လာနေ့) မွန်းလွဲ ၂:၃၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးကိုကိုကြီး မိသားစု**
**ဗိုလ်တထောင်မြို့နယ်**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးထွန်းရီ(ခ) ဒေါက်တာ မင်းနွယ်စိုး

**အသက် (၇၃)နှစ်**

မွန်ပြည်နယ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ [JMC-S(မွန်)] ကော်မတီဝင် အရပ်သားကိုယ်စားလှယ် ဦးထွန်းရီ(ခ)ဒေါက်တာမင်းနွယ်စိုးသည် ၁၄-၉-၂၀၂၀ ရက်နေ့ ည ၇:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ**
**ပူးတွဲစောင့်ကြည့်ရေးကော်မတီ**

ဘုရား၊ ရဟန်း၊ မုခ်ဦး ဒါယကာ

### ဦးအောင်ခိုင်ဝင်း

**အသက် (၄၉)နှစ်**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအနောက် အကွက် (၅၅၁)၊ တောင်ကြယ်ခတ်ဝင်းရပ်ကွက်နေ (ဦးတင်ဝင်း)-ဒေါ်ခင်တင်တို့၏ သား၊ မဆွေဆွေဦး၏ မောင်၊ ကိုလွင်ကိုလတ်-မခင်မာလာထွန်းတို့၏ အစ်ကို၊ မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မြင်းကလေးရပ်ကွက်၊ အကွက် (၅၃၇)နေ ဒေါ်လုလု(ခ)ဒေါ်ကေသွယ်မိုး၏ ခင်ပွန်း၊ မောင်ရဲရင့်ထက်ခိုင်၏ဖခင်သည် ၉-၉-၂၀၂၀ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၉-၂၀၂၀ (သောကြာနေ့) နံနက် ၁၁ နာရီတွင် တောင်အင်းမြောက်အင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဦးသန့်ဇင်ဝင်း (ကယားလေး)

**အသက် (၄၃)နှစ်**

**စုံစမ်းရေးမှူး၊ (စစစ) သတင်းနှင့် နည်းပညာဌာန**
**ဒုရဲအုပ်လောင်းသင်တန်း အမှတ်စဉ်(၄၆/၂၀၀၂) စည်သူတပ်ခွဲ**

ကယားပြည်နယ်၊ လွိုင်ကော်မြို့နေ (ဦးပိုက်ကျော်)-ဒေါ်ဝိုင်းကြည်တို့၏ သား၊ တောင်ကြီးမြို့နေ (ဦးသိန်းအောင်)-ဒေါ်ခင်မေငွေးတို့၏ သားသမက်၊ ဦးမြင့်တင်-ဒေါ်နော်သိုးဖော၊ ဦးရွှေကို-ဒေါ်တင်လှကြည်၊(ဦးကြည်ညွန့်)-ဒေါ်ကြည်ညွန့်စိန်၊ ဦးဇော်ဝင်း-ဒေါ်သင်းသင်းဟန်၊ ဦးဝင်းနိုင်-ဒေါ်နော်မူးမူတို့၏ ညီ/မောင်၊ ယုဇနဥယျာဉ်မြို့တော်၊ ၉၄ ရပ်ကွက်၊ ဘီ (၈)လမ်း၊ တိုက် (၂၆)၊ အခန်း (၃၀၁)နေ ဒေါ်ခိုင်ဇာဦး၏ ခင်ပွန်း၊ မသုနန္ဒီဇင်၊ မောင်မြတ်ဘုန်းသန့်ဇင်တို့၏ မွေးသဖခင်သည် ၁၅-၉-၂၀၂၀ ရက် နံနက် ၇:၄၀ နာရီတွင် ပင်လုံဆေးရုံ၌ ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ၁၇-၉-၂၀၂၀ ရက် မွန်းလွဲ ၁ နာရီတွင် ကျီစုသုသာန်၌ ကောင်းမွန်စွာ ဖုံးလွှမ်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၁-၉-၂၀၂၀ (တနင်္လာနေ့) နံနက်တွင် သံဃာတော်အရှင်သူမြတ်တို့အား အာရုံဆွမ်း ဆက်ကပ်လှူဒါန်းမည်ဖြစ်ပါ၍ နံနက် ၇ နာရီမှ ၁၀ နာရီအထိ ကြွရောက်ကြပါရန် ညှိုးငယ်စွာ ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
မဟာသဒ္ဓမ္မဇောတိကဓဇ

### ဦးလှမြင့် (ခ) မောင်ပန်းမွေး (ကဗျာဆရာ)

**အသက် (၈၁)နှစ်**

**ဝိဇ္ဇာအထွေထွေဂုဏ်ထူး၊ မဟာဝိဇ္ဇာဘွဲ့ရ၊ ကဗျာဆရာ၊ စာရေးဆရာ၊**
**ကျမ်းပြုဆရာ၊ စာပေသုတေသီ၊ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန၊**
**ယခင် ပညာရေးတက္ကသိုလ်(ရန်ကုန်) မြန်မာစာဌာန၊**
**ပုသိမ်ကောလိပ် မြန်မာစာဌာန၊ စစ်တွေကောလိပ် မြန်မာစာဌာန၊**
**အချစ်ဂျာနယ် အယ်ဒီတာချုပ်၊ ဝိဇ္ဇာမဂ္ဂဇင်း အယ်ဒီတာချုပ်၊**
**သာသနာအလင်းဂျာနယ် အယ်ဒီတာချုပ်၊**
**မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့်**
**နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း(ဗဟို)၊**
**ပြည်တွင်းပြည်ပ သတင်းနှင့်ပြန်ကြားရေး စာပေသုတေသနဌာန(တာဝန်ခံ)၊**
**အကြံပေးပုဂ္ဂိုလ်၊ ဇေကမ္ဘာကုမ္ပဏီလီမိတက်**

ရန်ကုန်မြို့၊သဃ်န်းကျွန်းမြို့နယ်၊သုဝဏ္ဏ(၂၉)ရပ်ကွက်၊ယူကလစ်မြိုင်လမ်း၊ အမှတ် (၁၉၂/၆)နေ ဒေါ်ဝါဝါမေ၏ခင်ပွန်း၊ မောင်သက်လှိုင်မွေး၏ဖခင်သည် ၁၅-၉-၂၀၂၀ (အင်္ဂါနေ့) နံနက် ၁၂:၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃ နာရီတွင် နေ့ချင်းဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၁-၉-၂၀၂၀ (တနင်္လာနေ့) နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ခရစ်တော်၌အိပ်ပျော်ခြင်း

### ဒေါ်နန်းထားထားလွင်

**အသက် (၈၂)နှစ်**

ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင်မြို့၊ တိုင်းရင်းသားနှစ်ခြင်းအသင်းတော်(သင်းအုပ်ဆရာကြီး ဦးသီလ-ဆရာမကြီး ဒေါ်မေရီယံ)တို့၏ သမီး၊ (ဦးဆန်းသစ်-ဒေါ်သိန်းတင်)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၆)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ (၃၅)နေ မြန်မာနိုင်ငံမူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း(ဗဟို) CEC ရန်ကုန်တိုင်းဒေသကြီး ဥက္ကဋ္ဌ ဒုတိယရဲမှူးကြီး စိုင်းအောင်မင်း(ငြိမ်း)၏ ဇနီး၊ စိုင်းမင်းဦး-နန်းယဉ်ယဉ်ကျော်၊ စိုင်းမင်းဇော်- နန်းအားမေ၊ နန်းဝါဝါမင်း၊ (နန်းနီနီမင်း)တို့၏ မွေးသမိခင်၊ မြေးသုံးယောက်တို့၏ အဘွား၊ ဦးခင်မောင်မောင်-ဒေါ်နန်းစုစုတို့၏အစ်မ ဒေါ်နန်းထားထားလွင်သည် ၁၄-၉-၂၀၂၀ (တနင်္လာနေ့) မွန်းလွဲ ၂:၃၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၆-၉-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးခရစ်ယာန် ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

ပါမောက္ခဦးစောထွန်းအောင် (သွား/ဆေး-ရန်ကုန်)-ဒေါ်ခင်မျိုးသာတို့၏မိခင်ကြီး ဒေါ်စောစော အသက်(၉၁)နှစ်သည် ၁၃-၉-၂၀၂၀ ရက် မွန်းလွဲတွင် ကွယ်လွန်အနိစ္စရောက်သည်ဟု ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဆရာ၊ ဆရာမများ**
**ကာကွယ်ရေးနှင့်လူထု သွားကျန်းမာရေးပညာဌာန**
**သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်-ရန်ကုန်နှင့် မန္တလေး**

ဘုရား၊ ကျောင်း၊ အလှူဒါယကာကြီး

### ဦးကေဝမ်စ္စိ(ပျဉ်းမနား)

**ရွှေပဲဆန်ဆိုင်**

**အသက် (၉၇)နှစ်**

နေပြည်တော်၊ ပျဉ်းမနားမြို့နေ (ဦးဟင်းနား-ဒေါ်မေလျှံ)တို့၏ သားကြီး၊ ပျဉ်းမနားမြို့၊ မင်္ဂလာရပ်၊ (၁/၈၁-၈၂)နေ [ဒေါ်ခင်ရီ(ခ)ဒေါ်လင့်တီ]၏ ချစ်လှစွာသောခင်ပွန်း၊ ပျဉ်းမနားမြို့နေ ဦးမြင့်အောင်(ခ)ကိုဒူးမဲ-ဒေါ်သန်းသန်းရီ၊ တောင်ငူမြို့နေ ဒေါ်တင်တင်ငွေး-ဦးအောင်ငွေ၊ ပျဉ်းမနားမြို့နေ ဒေါ်စပယ်၊ ဒေါ်ခင်အေး၊ ဒေါ်စန်းတင့်၊ ရန်ကုန်မြို့နေ ဒေါ်စန်းညွန့်-ဦးစိန်မင်း၊ ပျဉ်းမနားမြို့နေ ဦးဇော်မိုး-ဒေါ်သင်းသင်းနိုင်၊ (ဦးထွန်းထွန်းအောင်)-ဒေါ်ဥမ္မာသန်း၊ ရန်ကုန်မြို့နေ ဒေါ်သင်းသင်းလတ်၊ (ဦးစန်းလှိုင်)၊ ပျဉ်းမနားမြို့နေ ဦးအောင်ဇော်ဦး-ဒေါ်မြင့်မြင့်အေး၊ ရန်ကုန်မြို့နေ ဦးငယ်ငယ်အောင်-ဒေါ်နီနီခိုင်တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မြေး ၁၇ ယောက်၊ မြစ်ရစ်ယောက်တို့၏ အဘိုးသည် ၁၅-၉-၂၀၂၀ (အင်္ဂါနေ့) မွန်းလွဲ ၁:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၉-၂၀၂၀ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ကွေ့ကြီးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေ သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဒေါ်နန်းထားထားလွင်

**အသက် (၈၂)နှစ်**

ရန်ကုန်မြို့၊ အရှေ့ပိုင်းခရိုင်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၆)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ (၃၅)နေ ရန်ကုန်တိုင်းဒေသကြီး မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဒုရဲမှူးကြီး စိုင်းအောင်မင်း(ငြိမ်း)၏ဇနီး ဒေါ်နန်းထားထားလွင်သည် ၁၄-၉-၂၀၂၀ (တနင်္လာနေ့) မွန်းလွဲ ၂:၃၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (ဗဟို)**

အနိစ္စ

သင့် သွေးဖြင့် အသက် ကယ်ပါ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ မုခ်ဦး ဒါယိကာမကြီး

### ဒေါ်ညွန့်ညွန့် (ခ) ဒေါ်ညွန့်ကြည် (ဓနအသင်း)

**(ဝင်းညွန့်ညွန့် စိန်ရွှေရတနာဆိုင်)**

**အသက်(၇၄) နှစ်**

ကလောမြို့နေ (ဦးဖြူ-ဒေါ်ရီ)တို့၏သမီး၊ ထောက်ကြန့်မြို့နေ (ဦးချစ်စိန်-ဒေါ်သန်းစိန်)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ လှည်းတန်းလမ်းမ၊ အမှတ်(၅၉)နေ (ဦးဝင်းသန်း)၏ ချစ်လှစွာသောဇနီး၊ ဒေါ်မိမိခိုင်၊ ဗိုလ်မှူးကြီးတင်မောင်လတ်(ငြိမ်း)-ဒေါ်စန္ဒာခိုင်၊ ဦးစိုးကျော်သူ-ဒေါ်တင်ဥမ္မာလွင်တို့၏ ချစ်လှစွာသောမိခင်၊ မစိုးရတနာဝင်း (တတိယနှစ်၊ ဆေးတက္ကသိုလ်-၁)၊ မောင်ဝင်းဘုန်းထွဋ်မောင်(တက္ကသိုလ်ဝင်တန်း)၊ မဖူးမြတ်နေခြည်ကျော်ဝင်း (Grade-11၊ အထက-၂၊ ကမာရွတ်)၊ မမိုးပွင့်ဟေသီကျော်ဝင်း (Grade-4၊ အထက-၂၊ ကမာရွတ်)၊ မမြတ်မှူးဟေသီကျော်ဝင်း (Grade-4၊ အထက-၂၊ ကမာရွတ်)၊ မောင်မင်းရဲဘုန်းဝင်းမောင် (Grade-4၊ အထက-၂၊ ကမာရွတ်)တို့၏ ချစ်လှစွာသောဘွားဘွား ဒေါ်ညွန့်ညွန့်(ခ)ဒေါ်ညွန့်ကြည်သည် ၁၃-၉-၂၀၂၀ ရက် နံနက် ၈:၃၀ နာရီတွင် ARYU International ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်အား ၁၅-၉-၂၀၂၀ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၉-၉-၂၀၂၀ (စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ

# စက်တင်ဘာ ၁၅ ရက် ည ၈ နာရီအထိ ကိုဗစ်-၁၉ ရောဂါပိုးရှိလူနာ ၃၅၀၂ ဦးနှင့် သေဆုံးသူ ၃၅ ဦးရှိပြီ

**COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**
**(၁၅-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ**

၁။ (၁၅-၉-၂၀၂၀) ရက်နေ့ နံနက် (၈:၀၀)နာရီမှ ည (၈:၀၀)နာရီအတွင်း COVID-19 ဓာတ်ခွဲ စစ်ဆေးချက်များအရ-

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်) ဓာတ်ခွဲ နမူနာ (၈၃၃)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR) ဓာတ်ခွဲနမူနာ (ပထမအသုတ်) (၂၉၁) ခု
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၃၅၉) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မော်လမြိုင်)မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၂၄၇) ခု
- ပြည်သူ့ဆေးရုံကြီး၊ တောင်ကြီးမြို့မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၂၇၇) ခု
- ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့မှ ဓာတ်ခွဲနမူနာ (၄၄) ခု
- ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့မှ ဓာတ်ခွဲနမူနာ (၈) ခု
- ပြည်သူ့ဆေးရုံကြီး၊ ဇန်းမော်မြို့မှ ဓာတ်ခွဲနမူနာ (၁) ခု
- ပြည်သူ့ဆေးရုံကြီး၊ မြောင်းမြမြို့မှ ဓာတ်ခွဲနမူနာ (၁) ခု
- ပြည်သူ့ဆေးရုံကြီး၊ ထားဝယ်မြို့မှ ဓာတ်ခွဲနမူနာ (၁) ခု
- ပြည်သူ့ဆေးရုံကြီး၊ မူဆယ်မြို့မှ ဓာတ်ခွဲနမူနာ (၃၅) ခု
- ပြည်သူ့ဆေးရုံကြီး၊ ပြည်မြို့မှ ဓာတ်ခွဲနမူနာ (၃) ခု
- ပြည်သူ့ဆေးရုံကြီး၊ မကွေးမြို့မှ ဓာတ်ခွဲနမူနာ (၁၂) ခု
- ပြည်သူ့ဆေးရုံကြီး၊ တီးတိန်မြို့မှ ဓာတ်ခွဲနမူနာ (၁၉) ခု နှင့်
- နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင် ၁၀၀၀)မှ ဓာတ်ခွဲနမူနာ (၄၂) ခု

စုစုပေါင်း (၂,၁၇၃)ခု အား ယနေ့ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ -

- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၀၃) ဦး တွေ့ရှိရပါသည်။

၂။ (၁၅-၉-၂၀၂၀) ရက်နေ့ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၃၅၀၂) ဦးရှိပြီ ဖြစ်ပါသည်။

၃။ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များအနက် စုစုပေါင်း (၈၃၂) ဦးအား ဆေးရုံမှဆင်းခွင့် ပြုခဲ့ပြီးဖြစ်ပါသည်။

၄။ COVID-19 ကုသရေးဌာန (ဖောင်ကြီး) တွင် တက်ရောက်ကုသမှုခံယူခဲ့သော အသက် (၆၁) နှစ်အရွယ် သွေးတိုး ရောဂါနှင့် ဆီးချိုရောဂါအခံရှိသူ အမျိုးသား (Case-2354) သည် ပြင်းထန် အဆုတ်ရောင်ရောဂါကြောင့် ရုတ်တရက် အသက်ရှူလမ်းကြောင်း ပျက်စီးခြင်းဖြင့် (၁၄-၉-၂၀၂၀) ရက်နေ့၊ ည (၁၀:၁၀) နာရီအချိန်တွင် သေဆုံးသွားခဲ့ပါ သည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❂

# မုဒုံမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာအသိပညာပေးခြင်းများ ဆောင်ရွက်

**မုဒုံ စက်တင်ဘာ ၁၅**

မွန်ပြည်နယ် မုဒုံမြို့နယ်၌ ကိုဗစ် - ၁၉ ရောဂါ တားဆီး၊ ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် အသိပညာပေး လုပ်ငန်းများနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး လုပ်ငန်းများကို ယမန်နေ့ နံနက်ပိုင်းက ကျုံဖိုက်ကျေးရွာ ဝက်တဲ-ညောင်ကုန်းကျေးရွာနှင့် တော်ကူး-တံခွန်တိုင်ကျေးရွာများ၌ အသိပေး နှိုးဆော်လျက်ရှိသည်။



ထိုသို့ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများနှင့် မြို့နယ်ကြက်ခြေနီအသင်းတို့ ပူးပေါင်း၍ လူစည်ကားရာနေရာများဖြစ်သော ဈေးနှင့် လမ်းဆုံများတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များ၊ ရာသီအလိုက်ဖြစ်ပွားတတ်သော သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်သည့် ဆောင်ရန်/ရှောင်ရန်အချက်များကို လှည့်လည်၍ အသံချဲ့စက်ဖြင့် အသိပညာပေးနှိုးဆော်ခဲ့သည်။

ဆက်လက်၍ ကျေးရွာအတွင်း နေထိုင်သော ပြည်သူများထံ နှာခေါင်းစည်းများနှင့် သဘာဝဘေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ပြီး နေအိမ်ပြင်ပသို့ ထွက်ခွာရာတွင် နှာခေါင်းစည်း ဝတ်ဆင်သွားလာကြရန်၊ မကြာခဏ လက်ဆေးကြရန်၊ လူစုလူဝေးရှောင်ပြီး သတ်မှတ်အကွာအဝေးအတိုင်း နေထိုင်ကြရန်နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ကြရန် အသိပညာပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# MNL ပွဲစဉ် (၁၆) ပထမနေ့တွင် ရှေ့ဝတီ၊ ဟံသာဝတီနှင့် ရတနာပုံတို့ နိုင်ပွဲဆက်



စစ်ကိုင်းအသင်း တိုက်စစ်မှူး ပက်ထရစ်၏ ဂိုးသွင်းရန် ကြိုးပမ်းမှုကို ရှေ့ဝတီအသင်းဂိုးသမား ကျော်ဇင်ဖြိုးနှင့် နောက်ခံလူ သီဟထက်အောင်တို့ ကာကွယ်စဉ်။

**ရန်ကုန် စက်တင်ဘာ ၁၅**

၂၀၂၀ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၆) ပထမနေ့ကို ယနေ့ ညနေပိုင်းက ကျင်းပရာ ရှေ့ဝတီ၊ ဟံသာဝတီနှင့် ရတနာပုံအသင်းတို့ နိုင်ပွဲဆက်ခဲ့သည်။

**နိုင်ပွဲဆက်**

သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် ရှေ့ဝတီအသင်းက စစ်ကိုင်းအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ဗယားထိပ်ဆုံးမှ ရှေ့ဝတီအသင်း အမှားအယွင်းမရှိ နိုင်ပွဲဆက်ခဲ့ပြီး ထိပ်ဆုံးနေရာတွင် ဆက်လက်ရပ်တည်နိုင်ခဲ့သည်။ ရှေ့ဝတီအသင်းသည် ယခုပွဲတွင် စစ်ကိုင်းအသင်း၏ ကစားပုံကြောင့် ရုန်းကန်ခဲ့ရသော်လည်း တောင်ပံတိုက်စစ်ကစားသမား ဆာဆက်၏ သွင်းဂိုးများဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

စာမျက်နှာ ၂၅ ကော်လံ ၁ သို့ ❖

## ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၊ တိုင်းရင်းသားလူမျိုးစုများဖွံ့ဖြိုးရေးပါတီ နှင့် ကမန်အမျိုးသားတိုးတက်ရေးပါတီ တို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များပါရှိ

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၊ တိုင်းရင်းသားလူမျိုးစုများ ဖွံ့ဖြိုးရေးပါတီ နှင့် ကမန်အမျိုးသားတိုးတက်ရေးပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို ယနေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၆၊ ၁၇၊ ၁၈ တို့တွင် ဖော်ပြထားပါသည်။

## ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ အမျိုးသားဒီမိုကရေစီအင်အားစုပါတီ နှင့် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့်ငြိမ်းချမ်းရေးပါတီ တို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို မြန်မာ့ရုပ်မြင်သံကြား၊ မြန်မာ့အသံရေဒီယိုနှင့် နိုင်ငံပိုင်သတင်းစာများမှ ထုတ်လွှင့်ဖော်ပြသွားမည်

နေပြည်တော် စက်တင်ဘာ ၁၅

**ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ အမျိုးသားဒီမိုကရေစီအင်အားစုပါတီ နှင့် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးပါတီတို့၏** ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို စက်တင်ဘာ ၁၆ ရက် ည ၇ နာရီတွင် **မြန်မာ့ရုပ်မြင်သံကြား(MRTV)၊ လွှတ်တော်ရုပ်သံလိုင်း၊ မြန်မာ့အသံရေဒီယို** နှင့် **MRTV Facebook Page** တို့မှ ထုတ်လွှင့်သွားမည်ဖြစ်ပြီး စက်တင်ဘာ ၁၇ ရက်တွင် နိုင်ငံပိုင်သတင်းစာများဖြစ်သော **မြန်မာ့အလင်းသတင်းစာ၊ ကြေးမုံသတင်းစာ** နှင့် **The Global New Light of Myanmar သတင်းစာ** တို့တွင် ဖော်ပြသွားမည်ဖြစ်ပါသည်။

သတင်းစဉ်

## ကြေးမုံ ယနေ့ ဖတ်စရာ

**ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ ပြည်သူတွေရဲ့ ပူးပေါင်းပါဝင်မှုတွေ ရှိလာတဲ့အတွက် လာမယ့်ရက်သတ္တ သုံးပတ်လောက်မှာ ကိုဗစ်-၁၉ ရောဂါနဲ့ပတ်သက်ပြီး ထိန်းချုပ်နိုင်မယ့် အခြေအနေတစ်ခုကို ရလာမယ်လို့ ယုံကြည်ပါတယ်။**

စာမျက်နှာ » ၁၀